# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၄ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ် (၁၈၇)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကရင်ပြည်နယ်မှ ပါဝင်ဆောင်ရွက်နေသူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး





Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကရင်ပြည်နယ်မှ ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်


နေပြည်တော် မေ ၃

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကရင်ပြည်နယ်မှ ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

**ပြည်တွင်းရှိ စက်မှုလုပ်ငန်းများ အသက်ရှူအထောက်အကူပြုကိရိယာ ထုတ်လုပ်ရန် သမ္မတထံရမ့် အမိန့်ထုတ်ပြန်** စာ » ၁၃

**အတည်ပြုလူနာ တစ်သန်းကျော်လာမှုနဲ့အတူ ကမ္ဘာ့လူသားထုကြီးရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိတဲ့ ကိုဗစ်-၁၉** စာ » ၁၄

No.501, Pyay Road, Kamaryut Township, Yangon, Myanmar. Tel : +95(01)2304270~2, Fax : +95(01)537176, Email : contact@apq-electric.com, www.apq-electric.com

# မေတ္တာစိတ်၊ တာဝန်ယူစိတ်နှင့် အသိဉာဏ်ပညာ

လူငယ်ဆရာဝန်တစ်ဦး ကူးစက်ရောဂါ ဖြစ်ပွားနေမှုများကြားသို့ သွားရောက်တာဝန်ထမ်းဆောင်ရန် မိသားစုကို နှုတ်ဆက်နေသည့် အဖြစ်အပျက်ကို မြင်ရသူတိုင်းက မျက်ရည်စို့ရသည်။ ယင်းနှင့်အတူ ထိုသို့ တာဝန်ယူဆောင်ရွက်နေကြသော ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးအကူဝန်ထမ်းများ အစရှိသည့် ရောဂါကူးစက်မှုထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်နေသူအားလုံးကို လေးစားကြ၊ ချီးကျူးအားပေး သာဓုအနုမောဒနာ ခေါ် ဖြစ်ကြလေသည်။ ဤသည်က ကမ္ဘာတစ်ဝန်းရှိ နေရာများစွာ၊ နိုင်ငံများစွာတွင် တွေ့ကြုံနေရသည့် မြင်ကွင်းလည်းဖြစ်၏။

သာဓု သာဓု သာဓု။

ယခုဖြစ်ပွားနေသော ကပ်ရောဂါဖြစ်ပွား ပျံ့နှံ့ကူးစက်မှုသည် ရှောင်လွှဲ၍မရနိုင်သည့် ဆိုးရွားလှသော ကပ်ရောဂါဘေးဖြစ်၏။ ယင်းကို ရဲရဲရင့်ရင့် ရင်ဆိုင်ကြသည်ကို မြင်ရသူတိုင်း ချီးမွမ်းထောမနာမပြုဘဲ မနေနိုင်။ အသက်ဘေးအန္တရာယ်နှင့် နီးကပ်လှသည့် ရှေ့တန်းတိုက်ပွဲဆီသို့ တာဝန်သိမှုအရသာမက အများပြည်သူအတွက် ထမ်းဆောင်လိုသည့်၊ လောကအကျိုးကို ဦးစားပေး ဆောင်ရွက်လိုသည့် ပရဟိတစိတ်ဓာတ်၊ လောကဟိတစိတ်ဓာတ်ပင် ဖြစ်ပါ၏။ ထိုစိတ်ဓာတ်သည် လူသားဆန်သည့် နှလုံးသားကို ဖော်ကျူးနေသည့် မြင့်မြတ်ဂုဏ်ယူဖွယ် စိတ်ဓာတ်ပင်တည်း။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကမ္ဘာအနှံ့ ကူးစက်ပြန့်ပွားကာ ကပ်ရောဂါတစ်ခုဖြစ်လာသည့်အခါ လူ့အဖွဲ့အစည်းအတွင်း လူသားဆန်မှုကို တန်ဖိုးထားသည့် လူသားပီသစိတ်က ပိုမိုထင်ရှားပေါ်လွင်လာလေသည်။ အခက်အခဲအကျပ်အတည်း ဒုက္ခဘေးတို့ဖြင့် ကြုံလာရသည့်အခါ ကမ္ဘာပေါ်ရှိ နိုင်ငံအမျိုးမျိုး၊ လူအမျိုးမျိုးတို့သည် တစ်ဦးနှင့်တစ်ဦး မိမိတတ်နိုင်သည့်နေရာမှ မိမိတတ်နိုင်သည့်ပုံစံဖြင့် တာဝန်ယူဆောင်ရွက်နေကြသည်ကို လည်းကောင်း၊ ကူညီပေးနေကြသည်ကို လည်းကောင်း၊ ကူညီပေးနေသူများကို ဝမ်းမြောက် ဝမ်းသာသာဓုခေါ်ကြရင်း လက်ခုပ်တီးကြ၊ ဂုဏ်ပြုနေကြခြင်းသည် လည်းကောင်း လူသားချင်းစာနာနားလည်ခြင်း၊ ကူညီအားပေးခြင်းတို့၏ မြင့်မြတ်မှုကို ဖော်ပြနေခြင်းဖြစ်ပေသည်။

လူတို့၏ နေ့စဉ်ဘဝများမှာ နိစ္စဓူဝ လုပ်ရှားလုပ်ကိုင်နေသည့် ပုံမှန်အခြေအနေတွင် တစ်ဦးချင်းရင်တွင်းတွင် ကိန်းအောင်းနေ သည့် သီလ၊ သမာဓိ၊ ပညာ၊ စိတ်နေ သဘောထား၊ အရည်အချင်း၊ ကိုယ်ရည်ကိုယ်သွေး စသည်တို့ကို သိသာထင်ရှားမြင်သာမှု ရှိချင်မှ ရှိမည်ဖြစ်၏။ သို့သော်လည်း အရေးရယ်၊ အကြောင်းရယ်ဟူ၍ ဘေးအန္တရာယ်နှင့် ကြုံတွေ့လာရသည့် အရေးပေါ်အခြေအနေမျိုးတွင်မူ လူတို့၏ ပင်ကိုမူလအတွင်းအဈ္ဈတ္တက ထင်သာမြင်သာ ပေါ်ထွက်လာတတ်ချေ၏။

အချို့သောသူတို့၏ ဣဿာမစ္ဆရိယစိတ်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာနအစရှိသည့် အကုသိုလ်စိတ်များ တိုးထွက်လာသည်တို့ကို တွေ့မြင်ရသော်လည်း လူအများစုတို့၏ မေတ္တာစိတ်၊ ကရုဏာ စိတ်၊ မုဒိတာစိတ်၊ ဥပေက္ခာစိတ် စသည့်ဖြူစင်စိုရှိစိတ်များ ရှေ့တန်းတိုးထွက်လာသည်မှာ ကြားသိရသူတိုင်း ဝမ်းမြောက်ပီတိဖြစ်ကြရသည့် အဆိုးကြားက ရတနာ ကောက်ရသလို ဖြစ်ကြပါသည်။

အသက်ဘေးအန္တရာယ်ထိခိုက်နိုင်သည်ထိ ဖြစ်ပွားနေချိန်တွင် အများအကျိုးကို ဦးစားပေးထမ်းဆောင်လိုသော စိတ်ခွန်အားသည် လူတို့၏ ရင်တွင်း၌ ကိန်းဝပ်နေသော မေတ္တာစိတ်၊ ကရုဏာစိတ်၊ ကိုယ်ချင်းစာနာစိတ်နှင့် တာဝန်ယူစိတ်တို့က ပေါက်ဖွားလာခြင်း ဖြစ်၏။

မိမိမဟုတ်သောအခြားသူတစ်ဦး၏ အကျိုးစီးပွားကို လိုလားစိတ်သည် မေတ္တာစိတ်ပေါ်တွင်အခြေတည်၏။ ထိုမေတ္တာစိတ်သည် သူတစ်ပါးအကျိုးဖြစ်သည်ကိုလိုလား၏။ သူတစ်ပါး ဝမ်းမြောက်ဝမ်းသာဖြစ်သည်ကို မြင်လို၏။ သူတစ်ပါးအကျိုးဖြစ်သည့်အပေါ်၊ သူတစ်ပါး ဝမ်းမြောက်ဝမ်းသာဖြစ်မှုကို ဆင်ခြင်ကာ ဝမ်းသာကြည်နူးဖြစ်၏။ သူတစ်ပါး အဆင်မပြေ၊ အခက်အခဲတွေ့သည်ကို ကိုယ်တိုင်ခံစားရသကဲ့သို့ နာကျင်၏။ သူတစ်ပါးဘေးဒုက္ခနှင့် တွေ့နေသည်ကို စိတ်ထိခိုက်ခြင်းဖြစ်၏။

ထိုထိုသောမေတ္တာစိတ်၊ ကရုဏာစိတ်တို့ဖြင့် အခြားသူတစ်ပါး ရင်ဆိုင်နေရသော အခက်အခဲအကျပ်အတည်းနှင့် ဒုက္ခဘေးဒဏ်တို့ကို ကူညီဖြေရှင်းလို၏။ ထိုသို့ ကူညီဖြေရှင်းလိုသည့် စိတ်ဆန္ဒအတိုင်း လက်တွေ့ဆောင်ရွက်၏။ ယင်းသည် မေတ္တာစိတ်နှင့် ယှဉ်သော တာဝန်ယူစိတ်ကြောင့် ဖြစ်၏။

မေတ္တာစိတ်က အတ္တကို ပါးလျားစေ၏။ လောဘ၊ ဒေါသကို လျော့နည်းစေ၏။ အတ္တ၊ လောဘ၊ ဒေါသ၊ မာနတို့ လျော့နည်းပါးလျားခြင်းကို တာဝန်ယူစိတ်ဖြင့် ပေါင်းစပ်ပြီးသည့်နောက် ယခုလို အခက်အခဲအကျပ်အတည်းများကို ရဲရဲရင့်ရင့် ရင်ဆိုင်ကျော်ဖြတ်ရန် အင်အားများဖြစ်လာ၏။ ထိုစိတ်ဓာတ်အင်အားတို့ဖြင့် ကာကွယ်ဆေး၊ ကုသဆေးများကို ရှာဖွေတီထွင်ရန် အားထုတ်ကြ၏။ ကူးစက်ပြန့်ပွားမှုနှုန်း မြန်ဆန်နေမှုကို ကာကွယ်တားဆီးရန် ပြင်ဆင်နေကြ၏။ လူတစ်ဦးချင်းစီ၏ အသိဉာဏ်မြင့်မားရေးကို မြှင့်တင်ကာ ဒုက္ခဘေးက ကျော်လွှားရန် လုံ့လပြု၏။

ယခု တွေ့ကြုံနေကြရသည့် ဒုက္ခဘေးသည် တစ်ကမ္ဘာလုံး ရင်ဆိုင်နေရသည့် အကျပ်အတည်းဖြစ်၏။ လူ့အဖွဲ့အစည်းတစ်ခုလုံး ရင်ဆိုင်နေရသည့် ဒုက္ခဘေးဒဏ်ဖြစ်၏။

လူတစ်ဦးချင်းစီတွင်တည်သော မေတ္တာစိတ်၊ တာဝန်ယူစိတ်နှင့် ကျယ်ပြန့်မြင့်မားသောအသိဉာဏ်ပညာတို့သည်ကား ယနေ့ ကြုံတွေ့နေရသည့် ဒုက္ခဘေးဒဏ်နှင့် အကျပ်အတည်းတို့မှ အမှန်တကယ် ကျော်လွှားအောင်မြင်နိုင်မည့် အင်အားအစစ်အမှန် ဖြစ်ချေသည်တည်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြ သည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အလှူငွေများ လှူဒါန်း

**နေပြည်တော် ဧပြီ ၃**

Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အလှူငွေများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ Coronavirus Disease 2019 (COVID –19 ) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၊ အတွင်းရေးမှူး (၂) ကိုယ်စား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် တက်ရောက်လက်ခံသည်။ **(ယာပုံ)**



အခမ်းအနားတွင် အလှူရှင်များ ကိုယ်စားပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးစောဗဟ်လင်တိုင်းက လှူဒါန်းရသည့် အကြောင်းရင်းအား ရှင်းလင်းပြောကြားသည်။

ထို့နောက် Coronavirus Disease 2019 (COVID –19 ) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၊ အတွင်းရေးမှူး(၂) ကိုယ်စား၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့က လှူဒါန်းငွေကျပ် ၄၃၈၀၁၀၀ နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက လှူဒါန်းငွေကျပ် ၃၀၀၀၀၀၀ တို့ကို လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇန်နဝါရီလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဧပြီ ၃**

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်၊ ဇန်နဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၇၉ ဒသမ ၉၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၈ ဒသမ ၂၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၄၈၈ ဒသမ ၁၆ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၇၂ ဒသမ ၀၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၈၀ ဒသမ ၁၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၅၂ ဒသမ ၂၀ သန်းဖြစ်သည်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်၊ ဇန်နဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၅၄၀ ဒသမ ၃၆ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၆၄ ဒသမ ၀၄ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇန်နဝါရီလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၀၂ ဒသမ ၂၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၄၈ ဒသမ ၀၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၂၅၀ ဒသမ ၃၀ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၉၄၅ ဒသမ ၀၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၉၇ ဒသမ ၄၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၀၄၂ ဒသမ ၄၆ သန်း ဖြစ်သည်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဇန်နဝါရီလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၂၉၂ ဒသမ ၇၆ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၉၂ ဒသမ ၁၆ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

- ❑ COVID-19 ဖြစ်ပွားနေချိန်၌ တစ်ဦးနှင့်တစ်ဦး စိတ်ပိုင်းဆိုင်ရာစုစည်းမှု ပိုမိုလိုအပ်နေချိန်တွင် ရုပ်ပိုင်းဆိုင်ရာကို ခွာနိုင်သမျှ ခွာ၍ နေထိုင်ရန်လို
- ❑ စည်းမျဉ်းစည်းကမ်းများ လိုက်နာနိုင်မည်ဆိုလျှင် COVID-19 ပြန့်ပွားမှုကို လုံးဝရပ်ဆိုင်း၍ မရသော်လည်း ထိန်းမနိုင် သိမ်းမရသည့်အဆင့်သို့ မရောက်ရှိအောင် မိမိတို့အနေဖြင့် ထိန်းသိမ်းသွားနိုင်မည်ဖြစ်
- ❑ ထို့ကြောင့် ပြည်သူများအနေဖြင့် တစ်ဦးချင်း တစ်ဦးချင်း တာဝန်သိစိတ်ဖြင့် ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက်၊ ကိုယ့်အသိုင်းအဝိုင်း အတွက်၊ ကိုယ့်နိုင်ငံအတွက် ဝိုင်းဝန်းကြိုးစားကြ

❖ *ရှေ့ဖုံးမှ*

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက် ပဒုမ္မာလမ်းမှ ဒေါ်သူဇာဦး၊ မြဝတီမြို့ အမှတ် (၄) ရပ်ကွက်မှ ရွှေ့ပြောင်းလုပ်သားစောင့်ကြည့်လေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြတ်နှင့် မြဝတီမြို့ အမှတ်(၅) ရပ်ကွက် ရဲစခန်းဝင်းနေ ရဲတပ်ကြပ်ကြီး မင်းဇော်ဝင်းတို့က မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ အများဆုံးပြန်လည်ဝင်ရောက်လာချိန်တွင် အကြီးမားဆုံးသောစိန်ခေါ်မှု၊ မြဝတီမြို့မှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန် မြန်မာအလုပ်သမားများ၏ ကျန်းမာရေးဗဟုသုတနှင့် COVID-19 နှင့် ပတ်သက်၍ နားလည်လက်ခံမှုအခြေအနေ၊ မြန်မာအလုပ်သမားများ၏ ပူးပေါင်းဆောင်ရွက်မှု၊ နေရပ်ပြန်မြန်မာအလုပ်သမားများ၏ အနာဂတ်အလုပ်အကိုင်အတွက် စိုးရိမ်ပူပန်မှုအခြေအနေနှင့် တွေ့ကြုံနေရသည့် အခက်အခဲများ၊ Quarantine ကာလပြီးမြောက်ပါက ကျန်းမာရေးထောက်ခံချက် ထုတ်ပေးရေး၊ ယာဉ်မောင်းများအား ကျန်းမာရေးအသိပညာပေးရေးနှင့် ကျန်းမာရေးအကာအကွယ်ပေးရေး၊ နေရပ်ပြန်မြန်မာနိုင်ငံသားများ အန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ COVID-19 ဖြစ်ပွားနေချိန်၌ တစ်ဦးနှင့်တစ်ဦး စိတ်ပိုင်းဆိုင်ရာစုစည်းမှု ပိုမိုလိုအပ်နေချိန်တွင် ရုပ်ပိုင်းဆိုင်ရာကို ခွာနိုင်သမျှ ခွာ၍ နေထိုင်ရန်လိုအပ်ပါကြောင်း၊ ယခုစိန်ခေါ်မှုကို အကောင်းဆုံးကျော်လွှားနိုင်ရန် အခြေအနေအရ ကန့်သတ်ချက်များကို ညီညီညွတ်ညွတ်ဖြင့် အားလုံးက ပူးပေါင်းဆောင်ရွက်နိုင်မည်၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာနိုင်မည်ဆိုလျှင် COVID-19 ပြန့်ပွားမှုကို လုံးဝရပ်ဆိုင်း၍ မရသော်လည်း ထိန်းမနိုင် သိမ်းမရသည့်အဆင့်သို့ မရောက်ရှိအောင် မိမိတို့အနေဖြင့် ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် တစ်ဦးချင်း တစ်ဦးချင်း တာဝန်သိစိတ်ဖြင့် ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက်၊ ကိုယ့်အသိုင်းအဝိုင်းအတွက်၊ ကိုယ့်နိုင်ငံအတွက် ဝိုင်းဝန်းကြိုးစားကြမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကရင်ပြည်နယ်မှ ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

## Coronavirus Disease COVID-19 သက်ရောက်မှုကြောင့် လုပ်သားများ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် လုပ်ငန်းများအား စိစစ်ခွင့်ပြုပေးလျက်ရှိ



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဧပြီ ၃**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်း ၁၃ ခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းအသစ် ၁၁ ခုကို ခွင့်ပြုသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၅၅ ဒသမ ၂၃၃ သန်းနှင့် ငွေကျပ် ၅၁၀၄၀ ဒသမ ၂၆ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၂၃၄ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့် အလုပ်အကိုင်ရရှိရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လုပ်သားအခြေပြု လုပ်ငန်းများအား စနစ်တကျ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် မတ်လကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၉၄ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၂၆ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ဦးသိန်းဆွေ၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာဝင်းမြတ်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းတာဝန်(၁၁)ရပ် ချမှတ်**

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ ကျင်းပသည့် အစည်းအဝေးသည် “Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ” ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ “Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ”ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၃/၂၀၂၀ ဖြင့် ဒုတိယသမ္မတ(၁) ဦးဆောင်၍ (၁၀)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်(၁၁)ရပ် ချမှတ်ခဲ့ပါကြောင်း။

အဆိုပါ လုပ်ငန်းတာဝန်(၁၁)ရပ်မှာ မြန်မာနိုင်ငံတွင် စတင်ဖြစ်ပွားနေသည့် COVID–19 ရောဂါပိုးကူးစက်နေသူများနှင့် အနီးကပ်ထိတွေ့သူများအားလုံးကို ရောဂါလက္ခဏာ ပြသသည်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ စုံစမ်းရှာဖွေဖော်ထုတ်၍ အမြန်ဆုံး စစ်ဆေးနိုင်ရေး၊ Quarantine လုပ်နိုင်ရေး ဆောင်ရွက်ရန်၊ ထိုင်းနိုင်ငံနှင့် ပြည်ပနိုင်ငံများမှ ပြန်လည် ရောက်ရှိလာသူများအား နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ စနစ်တကျ Quarantine လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် COVID–19 ရောဂါပိုး ကူးစက်သူများ တွေ့ရှိရပါက ယင်းတို့နှင့် အနီးကပ်ထိတွေ့ခဲ့သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ စနစ်တကျ Quarantine လုပ်နိုင်ရေးဆောင်ရွက်ရန်၊ ဒေသတစ်ခုတွင်လည်းကောင်း၊ ဒေသတစ်ခုထက်ပို၍လည်းကောင်း ကူးစက်ပြန့်ပွားမှု ဖြစ်ပွားလာခဲ့ပါက ယင်းဒေသရှိ ပြည်သူများကို “COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ”၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်း၍ Community Quarantine ပြုလုပ်ရန် လိုအပ်လာပါက တင်းတင်းကြပ်ကြပ် ထိန်းချုပ်ဆောင်ရွက်ရန်။

**ကူးစက်ရောဂါဖြစ်ပွားမှုမြင့်မား**

ထိုသို့ ဆောင်ရွက်ရာတွင် လိုအပ်သည့် စားနပ်ရိက္ခာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှု စသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်၊ ကူးစက်ရောဂါဖြစ်ပွားမှု မြင့်မားလာသည့်ဒေသများ၊ မြင့်မားလာရန် အလားအလာရှိသည့် ဒေသများ၊ ကူးစက်ရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်လျက် မတည်ငြိမ်မှုများ ဖြစ်ပွားလာနိုင်သည့် ဒေသများတွင် Community Quarantine ပြုလုပ်သည့်အခါ ပြည်သူများ အတိအကျ လိုက်နာ ဆောင်ရွက်ရေးအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်၊ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဆင့်သတ်မှတ်ချက်များနှင့်အညီ အဆင့်လိုက် ဆောင်ရွက်ရာ၌ အရေးကြီးသည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်။

**ပူးပေါင်းဆောင်ရွက်**

ဒေသများ၌ Community Quarantine ပြုလုပ်ရပါက မရှိမဖြစ်လိုအပ်သည့် အရောင်းဆိုင်များ၊ ဆေးပစ္စည်းဆိုင်များ ဆက်လက်ဖွင့်လှစ်နိုင်ရေး၊ မရှိမဖြစ် လည်ပတ်ရန် လိုအပ်သည့် စက်ရုံ၊ အလုပ်ရုံများ ဆက်လက်လည်ပတ်နိုင်ရေး၊ ယင်းအရောင်းဆိုင်များ၊ စက်ရုံ၊ အလုပ်ရုံများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေးအစီအစဉ်များ ချမှတ်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်၊ COVID–19 နှင့်စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှုရမည့်သူများကို Community Based Facility Quarantine ထားရှိမည့် နေရာများသို့ ပို့ဆောင်ရာတွင်လည်းကောင်း၊ ကူးစက်ရောဂါဖြင့် သေဆုံးသွားသူများအား သင်္ဂြိုဟ်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း စနစ်တကျလုပ်ငန်းစဉ်များ ချမှတ်ပေးရန်နှင့် အဆိုပါ လုပ်ငန်းစဉ်များနှင့်အညီ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ဆောင်ရွက်စေရန်။

COVID–19 ကူးစက်ပြန့်ပွားမှု မြင့်မားလာနိုင်သည့် အဆိုးဆုံးအခြေအနေအထိ ကြိုတင်မျှော်မှန်း၍ လိုအပ်သည့် စားနပ်ရိက္ခာ၊ ဆေးဝါး၊ Facility ၊ Test Kits ၊ PPE စသည့် ဆေးပစ္စည်းများ၊ ယာဉ်များ၊ Community Based Facility Quarantine ထားရှိရန် နေရာများ၊ မိမိဆန္ဒအလျောက် ဆန္ဒပြုပါဝင်ဆောင်ရွက်မည့် Volunteer များ စသည့် အရင်းအမြစ်များကို အဆင့်လိုက် ကြိုတင်ပြင်ဆင်စုဆောင်းခြင်းအားဖြင့် လက်တွေ့လုံလောက်စွာ စီစဉ်ပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ပြည်သူများအတွင်း ကြောက်လန့်တကြားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လူမှုကွန်ရက်နှင့် အခြားနေရာများတွင် သတင်းမှားဖြန့်ဝေနေသူများကို အမြန်ဆုံးဖော်ထုတ်၍ ရှာဖွေဖမ်းဆီးပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်ရန်၊ ပြည်သူများအတွင်း ဆေးဝါး၊ ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများကို အကျိုးအမြတ်သက်သက် ရရှိရေးအတွက် ဈေးတင်ရောင်းချနေသူများအား အမြန်ဆုံးရှာဖွေဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ရန်။

COVID–19 ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် အရေးကြီးနေရာဌာနများ၊ အများပြည်သူနေရာဌာနများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ Physical Distance ထားရှိခြင်း၊ အသိပညာဖြန့်ဝေခြင်း၊ လိုအပ်သည့် စည်းမျဉ်းများ ထုတ်ပြန်ခြင်း စသည်တို့ကို ရပ်ကွက်နှင့် ကျေးရွာနေပြည်သူများအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊ နယ်စပ်ဝင်ပေါက်များ၊ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များမှ တရားမဝင် ဝင်ထွက်သွားလာမှုများမရှိစေရေး၊ လုံခြုံရေးနှင့် အဂတိလိုက်စားမှုများ မရှိစေရေးအတွက် တိုင်ကြားရန်ဌာနများ အမြန်ဆုံးဖွင့်လှစ်ခြင်း၊ စည်းမျဉ်းချိုးဖောက်သူများအား ဖော်ထုတ်အရေးယူခြင်း၊ လိုအပ်လျှင် လုံခြုံရေးအစောင့်အရှောက်ထားရှိခြင်း စသည်တို့ကို ဆောင်ရွက်ရန်။

**အမြန်ဆုံးဖွင့်လှစ်**

“Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ” ၏ အတွင်းရေးမှူးရုံးအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာနတွင် အမြန်ဆုံးဖွင့်လှစ်၍ ကော်မတီ၏ တာဝန်များကို ဆောင်ရွက်ခြင်း၊ အရေးပေါ်ဆက်သွယ်ရန် ဖုန်းလိုင်းများ ဖွင့်လှစ်ခြင်း၊ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဆင့်လိုက် လိုအပ်ချက်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်း၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အကြား စနစ်တကျ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရန်နှင့် “Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ” မှ ပေးအပ်သော အခြားတာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်တို့ ဖြစ်ပါကြောင်း၊ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ပါက “လုပ်ငန်းကော်မတီ” နှင့် “ဆပ်ကော်မတီ” များ ထပ်မံဖွဲ့စည်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

Coronavirus Disease 2019 (COVID–19) ရောဂါ ကူးစက်ပြန့်ပွားမှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကူးစက်ပျံ့နှံ့သော ကပ်ရောဂါ (Pandemic)အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ကြေညာခြင်းမပြုမီကပင် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး “Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းကာ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**စတင်တွေ့ရှိ**

မိမိတို့နိုင်ငံတွင် Coronavirus Disease 2019 (COVID–19) ရောဂါကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်တွင် စတင်တွေ့ရှိခဲ့ပြီး ဧပြီလ ၂ ရက်နေ့အထိ ရောဂါပိုးကူးစက်ခံရသူ “၂၀” တွေ့ရှိထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ ၂၀ အနက် (၁)ဦးသည် မတ်လ ၃၁ ရက်တွင် ကွယ်လွန်သွားခဲ့ကြောင်း သိရှိရသည့်အတွက် Coronavirus Disease 2019 (COVID–19) ကို ယခုထက်ပိုမို ထိထိရောက်ရောက် ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “စည်းမျဉ်း စည်းကမ်းများ၊ ဆောင်ရန်နှင့် ရှောင်ရန်အချက်များ” နှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ထုတ်ပြန်ထားသည့် “ဒေသန္တရအမိန့်များ”ကို တစ်ဦးချင်း အလေးအနက်ထားကာ တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ထို့အပြင် COVID–19 ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် အရေးကြီးနေရာများနှင့် အများပြည်သူများနှင့် သက်ဆိုင်သည့် နေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ Physical Distance ထားရှိခြင်း၊ အသိပညာဖြန့်ဝေခြင်း စသည်တို့ကို ရပ်ကွက်နှင့် ကျေးရွာနေ ပြည်သူများအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျပေါင်းစပ်ညှိနှိုင်း ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**ထိရောက်စွာဆောင်ရွက်**

COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ပနိုင်ငံများမှ ပြန်လာသူများအား သတ်မှတ်ထားသောနေရာများတွင် (၁၄)ရက်ထားရှိ၍ အသွားအလာ တားမြစ်ပိတ်ပင်ကန့်သတ်ခြင်း (Community-based Facility Quarantine)၊ ဟိုတယ်များတွင် အသွားအလာ တားမြစ်ပိတ်ပင်ကန့်သတ်ခြင်း (Hotel Quarantine)၊ နေအိမ်များတွင် အသွားအလာ တားမြစ် ပိတ်ပင်ကန့်သတ်ခြင်း (Home Quarantine)လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများ၏ အင်အားဖြင့်သာ ဆောင်ရွက်၍ မရနိုင်သည့်အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ စေတနာ့ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ အားလုံးပူးပေါင်းပါဝင်ကြီးကြပ် ဆောင်ရွက်ပေးမှသာ လုပ်ငန်း ထိရောက်အောင်မြင်ပြီး ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်မည် ဖြစ်ပါကြောင်း။

**နိုင်ငံတိုင်းတွေ့ကြုံရင်ဆိုင်နေရ**

Coronavirus Disease 2019 (COVID–19) ရောဂါသည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံ့နှံ့လျက်ရှိသည့်အတွက် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများအပြင် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများကိုလည်း နိုင်ငံတိုင်းတွေ့ကြုံရင်ဆိုင်နေရပါကြောင်း၊ နိုင်ငံများအနေဖြင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများကို တုံ့ပြန်နိုင်ရေးအတွက် Stimulus Package များကို မိမိနိုင်ငံ၏ အခြေအနေများနှင့်အညီ ချမှတ်ဆောင်ရွက်လျက်ရှိရာ မိမိတို့နိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများ ကျင့်သုံးဆောင်ရွက်နေသကဲ့သို့ ဘဏ်တိုးနှုန်းများ လျှော့ချပေးခြင်း၊ အတိုးနှုန်းသက်သာသည့် ဘဏ်ချေးငွေများ ထုတ်ပေးနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ အခွန် ပေးဆောင်ရမည့် ကာလ ရွှေ့ဆိုင်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဌာနအသီးသီးက ကောက်ခံသည့် လိုင်စင်ကြေး၊ ပါမစ်ကြေးအပါအဝင် အခကြေးငွေများကိုလည်း လျှော့ချကောက်ခံပေးနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကုန်စည်စီးဆင်းမှုတွင် အထောက်အကူ ဖြစ်စေရေးအတွက် လမ်းတံတားဖြတ်သန်းခများ လျှော့ချကောက်ခံခြင်း၊ ကင်းလွတ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

Coronavirus Disease 2019 (COVID–19) ရောဂါကြောင့် တစ်နိုင်ငံလုံး အကျိုးအတွက် လိုအပ်လျှင် အချို့သောနေရာများတွင် အသွားအလာ ကန့်သတ်ခြင်း အစီအစဉ် (Community Quarantine) ကဲ့သို့ ကန့်သတ်မှုမျိုးကို လုပ်ဆောင်ရမည် ဖြစ်သည့်အတွက် အဆိုပါ ဒေသရှိ ပြည်သူများအနေဖြင့် သတ်မှတ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများအနေဖြင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို စီမံချက်များရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည် ဖြစ်ပါကြောင်း။

Quarantine ပြုလုပ်ရာတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိသူများ၊ ပြည်သူများအတွင်း ကြောက်လန့်တကြားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လူမှုကွန်ရက်နှင့် အခြားနေရာများတွင် သတင်းမှားဖြန့်ဝေနေသူများ၊ ဆေးဝါး၊ ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများကို အကျိုးအမြတ်သက်သက် ရရှိရေးအတွက် ဈေးတင်ရောင်းချနေသူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန် လိုအပ်ပြီး ထိုသို့ အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြည်သူများ သိရှိစေရေး ချပြဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**အရေးယူသွားမည်**

နှစ်နိုင်ငံ နယ်နိမိတ်နှင့် ထိစပ်လျက်ရှိသော ဒေသများ အပါအဝင် တရားဝင် ဝင်/ထွက် ပေါက်များမှ ပြန်လည် ဝင်ရောက်လာသူများနှင့် ပတ်သက်၍ အထူးပြောကြားလိုသည်မှာ ၎င်းတို့အနေဖြင့် သတ်မှတ်နေရာများတွင် စည်းကမ်းချက်များနှင့်အညီ Quarantine ပြုလုပ်မှုကို ကြည်ဖြူစွာလက်ခံပူးပေါင်းပေးကြရေး စည်းရုံးဆောင်ရွက်သွားကြရန်နှင့် စည်းရုံးခြင်းဖြင့် ဆောင်ရွက်၍ မရပါက သက်ဆိုင်ရာဥပဒေအရ အရေးယူသွားမည်ဆိုသည်ကို သိရှိအောင် ချပြကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ခြင်း ဖြစ်သည်ဆိုသည်ကို အားလုံးနားလည်သဘောပေါက်ထားရန် လိုအပ်ပါကြောင်း။

ထို့ပြင် Coronavirus Disease 2019 (COVID–19) ကူးစက်မှုသည် ယခုထက် ပိုမိုကျယ်ပြန့်များပြားလာပါက ထိထိရောက်ရောက် ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ရောဂါဖြစ်ပွားနေသည့် နယ်မြေ၊ ဒေသအလိုက် လုံခြုံရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးဆိုင်ရာ လုပ်ငန်းများကို ကြိုတင်စီမံထားရန် လိုအပ်ပါကြောင်း၊ အဆိုပါ နယ်မြေ၊ ဒေသအတွင်း အခြေခံဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ရေး၊ အစားအစာနှင့် အခြေခံ လူသုံးကုန်ပစ္စည်းများ ပြတ်တောက်မှုမရှိစေရေး၊ အထောက်အပံ့လိုအပ်သူများအတွက် အစားအစာနှင့် အခြေခံလိုအပ်ချက်များ ထောက်ပံ့ပေးနိုင်ရေး၊ အခြေခံကုန်စည်ပို့ဆောင်ရေး၊ အရေးပေါ်လူနာများ သယ်ယူပို့ဆောင်ရေး

*စာမျက်နှာ ၅ သို့*



ပြည်ထောင်စုဝန်ကြီး
ဦးမင်းသူ



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်



ပြည်ထောင်စုဝန်ကြီး
သူရဦးအောင်ကို



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး



# အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့ ကြီးမှူး၍ Teleconference ဖြင့် ပြုလုပ်သည့် High – Level Discussion သို့ တက်ရောက်

**နေပြည်တော် ဧပြီ ၃**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့ နံနက် ၈ နာရီခွဲတွင် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့က ကြီးမှူး၍ ASEAN+3 အဖွဲ့ဝင်နိုင်ငံများ၊ မွန်ဂိုလီးယားနိုင်ငံ၊ တီမောလက်စတီနိုင်ငံတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ World Bank ၊ IMF ၊ ADB နှင့် AIIB တို့မှ ကိုယ်စားလှယ်များနှင့် အဆင့်မြင့်တာဝန်ရှိသူများပါဝင်သည့် Teleconference ဖြင့် ပြုလုပ်သည့် High-Level Discussion သို့ နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။**(ဓာတ်ပုံ)**

ဆွေးနွေးပွဲကို ကမ္ဘာ့ဘဏ်၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Victoria Kwakwa ၊ ကမ္ဘာ့ဘဏ်အုပ်စုများဖြစ်ကြသည့် International Finance Corporation (IFC)နှင့် Multilateral Investment Agency (MIGA)တို့မှ ဒုတိယဥက္ကဋ္ဌများ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ညွှန်ကြားရေးမှူး Mr. Chang-yong Rhee တို့က ဦးဆောင်၍ နှစ်နာရီကြာကျင်းပရာ ကမ္ဘာတစ်ဝန်းကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါကြောင့် Global Supply Chain တွင် Temporary Shock များ ရှိခဲ့သဖြင့် အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများ၏ Crisis Response Facility များ၊ ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်နှင့် IMF တို့မှ အတိုးနှုန်းသက်သာသော ချေးငွေများ အမြန်ဆုံးပံ့ပိုးကူညီပေးနိုင်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ပါဝင်ဆွေးနွေးရာတွင် ကမ္ဘာ့ဘဏ်နှင့် IMF တို့မှ အတိုးနှုန်းသက်သာသော ချေးငွေများ အမြန်ဆုံးပံ့ပိုးကူညီပေးနိုင်မည့် အစီအစဉ်များအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် COVID-19 ကြောင့် လတ်တလော စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ အတိုးနှုန်းသက်သာသောချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက် COVID-19 ရန်ပုံငွေအား ငွေကျပ် ဘီလီယံ ၁၀၀ ဖြင့် တည်ထောင်ထားပါကြောင်း၊ အဆိုပါရန်ပုံငွေမှ တစ်နှစ်လျှင် အတိုးနှုန်း (၁) ရာခိုင်နှုန်းဖြင့် တစ်နှစ်ကာလအတွက် ချေးငွေထောက်ပံ့ပေးမည်ဖြစ်ပါကြောင်း၊ COVID-19 ဆိုင်ရာ အလျင်အမြန် အထောက်အကူပေးမည့် အစီအစဉ်အတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀ ရယူရန်ကိစ္စရပ်အား ယခုနှစ် ဧပြီလကုန်တွင်ကျင်းပမည့် လွှတ်တော်သို့ တင်ပြဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Essential Health Services Access Project မှ အမေရိကန်ဒေါ်လာ ငါးသန်းကို COVID-19 Response Plan အတွက် ထုတ်ယူသုံးစွဲမည်ဖြစ်ပါကြောင်း၊ COVID-19 အသက်ရှူ လမ်းကြောင်းဆိုင်ရာ ကူးစက်ပြန့်ပွားမှုအား ကြိုတင်ကာကွယ်ထိန်းချုပ်ခြင်းနှင့် ထိရောက်စွာ ကုသနိုင်ရေးတို့အတွက် ADB ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Greater Mekong Sub-region Health Security Project အောက်မှ အမေရိကန်ဒေါ်လာ လေးသန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ယူသုံးစွဲမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် COVID-19 ကြောင့် ထိခိုက်မှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် နိုင်ငံ၏ကိုယ်ပိုင်ရန်ပုံငွေဖြင့် မလုံလောက်ပါက နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများမှ ယခုထက်ပိုမို၍ ချေးငွေနှင့် ငွေကြေးထောက်ပံ့မှုများ၊ အကူအညီများအား ပံ့ပိုးပေးနိုင်ပါရန် မျှော်လင့်ပါကြောင်း ပါဝင်ဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်၊ ဒေါက်တာမင်းရဲပိုင်ဟိန်းနှင့် ဌာနဆိုင်ရာ အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



*စာမျက်နှာ ၄ မှ*

လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွဲ့စည်းထားရှိရေး၊ ဆေးဝါးကုသရေးအတွက် လိုအပ်သည့်ပစ္စည်းများနှင့် အဆောက်အအုံများကို ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ယခုကတည်းက စီမံချက်များ စနစ်တကျရေးဆွဲကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**စိစစ်ဝယ်ယူအသုံးပြု**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ပြည့်စုံလုံလောက်စွာ ထားရှိနိုင်ရေးအတွက် လိုအပ်ချက်များကို သေချာစွာ တွက်ချက်ကာ ထပ်မံဝယ်ယူသွားရန်နှင့် ဝယ်ယူရာတွင်လည်း အရည်အသွေး ပြည့်မီသည့် ပစ္စည်းများကိုသာ စိစစ်ဝယ်ယူ အသုံးပြုသွားကြရန် လိုအပ်ပါကြောင်း။

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်သိပြည်သူများ၏ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေမှုများကို မိမိတို့အနေဖြင့် အသိအမှတ်ပြု မှတ်တမ်းတင် ထားရှိမည်ဖြစ်ပြီး ၎င်းတို့ တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်း ပူးပေါင်းဆောင်ရွက်ပေးနေမှုများအပေါ် နိုင်ငံတော်အစိုးရကိုယ်စား၊ ပြည်သူလူထုများကိုယ်စား အထူးပင် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုပါကြောင်း။

Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး(၁)၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များအပေါ် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ အမျိုးသားအဆင့် ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

**ပြင်ဆင်ဆောင်ရွက်ထား**

ယင်းနောက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ အတွင်းရေးမှူး(၂)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က "Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ အတွင်းရေးမှူးရုံးအဖွဲ့" ဖွဲ့စည်းထားရှိမှုအခြေအနေ၊ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဆင့်အလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အရေးပေါ်အခြေအနေတွင် တုံ့ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် ကော်မတီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးတို့က COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် တပ်မတော်အနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းတို့က Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ နယ်စပ်ဝင်ပေါက်များ၊ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များမှ မိမိနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာမှု အခြေအနေများ၊ အလုပ်သမားရေးရာ ကိစ္စရပ်များ၊ COVID-19 ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နှာခေါင်းစည်းတပ်ရမလား မတပ်ရဘူးလား

**ဂျူး**

ကျွန်မ စက်မချုပ်ဖူးပါဘူး။ ငယ်ငယ်တုန်းက ဆေးကျောင်းမှာတုန်းက နှာခေါင်းစည်းဆိုတာ ဝယ်ရတဲ့အရာလို့တောင် မသိခဲ့ဘဲ ပတ်တီးလိပ်အစတွေကိုပဲ နှစ်လွှာ သုံးလွှာထပ်တွဲ၊ ကိုယ့်ဟာကိုယ်လက်နဲ့ချုပ်ပြီး ဆေးရုံဝါ့ဒ်တွေကို သွားခဲ့ရတဲ့အဖြစ်ကို မှတ်မိနေပါတယ်။ အဲဒီတုန်းကတော့ သွေးနဲ့ တံတွေးကနေ ကူးစက်မယ့်ပိုးမွှားတွေကို ကိုယ့်ဆီကူးမှာထက် ကိုယ့်ဆီကပိုး လူနာတွေဆီ မကူးဖို့ကို ပိုပြီးအာရုံထားခဲ့တာပါ။

ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းရိုးရိုးကို သာမန်ပြည်သူတွေ တပ်စရာမလိုဘူးလို့ ကပ်ရောဂါဖြစ်စ ပထမပိုင်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အသိပေးခဲ့ပါတယ်။

အကြောင်းတစ်ခုက ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းက အန် ၉၅ အသက်ရှူကိရိယာလို ဗိုင်းရပ်စ်ပိုးကို (၉၅ ရာခိုင်နှုန်း) တားဆီးကာကွယ်မပေးနိုင်လို့၊ နောက်တစ်ခုက အဲဒီ သာမန်ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းကိုပင်လျှင် လုံလုံလောက်လောက် မရနိုင်တာကြောင့် ကျန်းမာရေးဝန်ထမ်းတွေနဲ့ လူနာတွေကို ဦးစားပေးသုံးကြဖို့ပါ။ အဲဒီတုန်းက အဝတ်စနဲ့ ပြုလုပ်တဲ့ နှာခေါင်းစည်းတွေကို လုံးဝအားမပေးခဲ့ပါဘူး။ ရက်လုပ်ထားတဲ့ ချည်ထည်မှန်သမျှ (Any Woven Cloth) ဗိုင်းရပ်စ်ကို မကာကွယ်ပါဘူးလို့ အတိအလင်းပြောခဲ့ကြတယ်။

အခုတော့ အာရှနဲ့ယှဉ်လိုက်ရင် အမေရိကားနဲ့ ဥရောပနိုင်ငံတွေမှာ ကူးစက်နှုန်း သိပ်မြန်နေတာဟာ နှာခေါင်းစည်းတပ်ခြင်း မတပ်ခြင်းနဲ့ ဆိုင်သလားလို့ မေးခွန်းတွေ ထွက်လာခဲ့တယ်။

မန်ဆာချူးဆက်တက္ကသိုလ်မှာ နောက်ထပ် စစ်ဆေးချက်တွေအရ ချောင်းဆိုးတဲ့အခါ အမှုန်အမွှားတွေက ခြောက်မီတာအကွာအထိ ရောက်နိုင်ပြီး နှာချေရင်တော့ ရှစ်မီတာအကွာအထိ ရောက်နိုင်တယ်တဲ့။

ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းတွေတောင် လုံလောက်မှုမရှိတာကြောင့် အခုတော့ အဝတ်နဲ့ပဲ ကိုယ့်ဟာကိုယ် DIY (Do It Yourself) နှာခေါင်းစည်းတွေပြုလုပ်ပြီး တပ်ကြဖို့ အကြံပြုလာပြန်ပါတယ်။ အမေရိကန် ပြည်ထောင်စုမှာဆို လည်စီးပဝါ (Scarf ) တွေကို မျက်နှာမှာ စည်းနှောင်သွားဖို့ သမ္မတထရမ့်ပ်က တိုက်တွန်းနေပါတယ်။

Youtube မှာ နှာခေါင်းစည်းချုပ်နည်းတွေ များစွာတွေ့ရမှာဖြစ်ပေမယ့် ကျွန်မကတော့ ကျန်းမာရေးအဖွဲ့တစ်ခုခုက ညွှန်းတာကို ပိုအားကိုးချင်ပါတယ်။ ဒါကြောင့်လည်း ကပ်ဘေးဆိုင်ရာ ဆေးပညာနဲ့ ပြည်သူ့ကျန်းမာအဖွဲ့ (Disaster Medicine and Public Health Preparedness (Cambridge University) က ထုတ်ပြန်တဲ့ နှာခေါင်းစည်းဆိုင်ရာ သတင်းကို ဖတ်မိတဲ့အခါ ကိုယ့်မိတ်ဆွေတွေကို ဝေမျှချင်လာပါတယ်။ တပ်ရမလား မတပ်ရဘူးလား အတိအကျ မဝေခွဲနိုင်တော့ ကျွမ်းကျင်သူတွေရဲ့ ထင်မြင်ယူဆချက်ကို သိချင်မိပါတယ်။ မတပ်တာနဲ့စာရင် တပ်တာက ပိုကောင်းတယ်တဲ့။ နှာခေါင်းစည်းတွေ လိုချင်တိုင်း ဝယ်မရတဲ့ အခုနေခါမှာ ကျန်းမာရေး ဝန်ထမ်းတွေအတွက် ဦးစားပေးလိုက်ပြီးတော့ ကိုယ့်အတွက်ကိုတော့ ကိုယ်တိုင်ပြုလုပ်ဖို့ အားပေးရမယ်လို့ သူတို့အဖွဲ့က ယူဆပြီး လုပ်ပုံလုပ်နည်းပြောပါတယ်။

**ဘယ်လိုအစမျိုးကို အသုံးပြုရမလဲ။**

ကိုရိုနာဗိုင်းရပ်စ်ထက် ငါးဆလောက် သေးငယ်တဲ့ အမှုန်ကလေးတွေကို ဘယ်လောက်စစ်ပေးနိုင်လဲဆိုတဲ့ စမ်းသပ်ချက်ကို ၂၀၁၃ တုန်းက စမ်းသပ်အဖြေရှာထားတာကိုလည်း ပုံနဲ့တကွ ဖတ်လိုက်ရတာ စိတ်ဝင်စားစရာပါ။ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းကို စံပြုပြီးတော့ ဖော်ပြပေးပါတယ်။ အဲဒီအစမျိုးက ၈၉ ရာခိုင်နှုန်း စစ်ပေးတယ်တဲ့။ သူ့ထက် တစ်ဆင့်နိမ့်တာကတော့ ဖုန်စုပ်စက်မှာ သုံးတဲ့အိတ် (Vacuum Cleaning Bag) ပါတဲ့။ ကျွန်မတို့ဆီမှာ သုံးကြလား ကျွန်မမသိ။ ကျွန်မအိမ်မှာတော့ မရှိပါဘူး။ သူက ၈၆ ရာခိုင်နှုန်း စစ်ပေးနိုင်ပါတယ်တဲ့။

နောက်တစ်ဆင့်နိမ့်တာကတော့ သူတို့ဆီက ပန်းကန်သုတ်တဲ့ ပဝါ (Dish Towel)တဲ့။ ကျွန်မတို့ဆီက ချည်ကြမ်းပဝါတွေနဲ့ မတူလောက်ဘူးထင်တယ်။ ချည်ကြမ်းပဝါတွေက ချည်ကြီးကြီးကို ခပ်ကျဲကျဲရက်ထားတာမို့ပါ။ တကယ်တော့ စိပ်စိပ်လေး ရက်တာ ပိုစိတ်ချရမှာပါ။ စစ်ပေးနိုင်မှုကတော့ ၇၃ ရာခိုင်နှုန်းတဲ့။

နောက်တစ်ဆင့်နိမ့်က Cotton Blend Cloth လို့ ပြောပါတယ်။ အကောင်းစား ချည်အိပ်ရာဖုံးအစ။ ၇၀ ရာခိုင်နှုန်းတဲ့။ နောက်တစ်ဆင့်နိမ့်က ပိုးသတ်ထားတဲ့ Antimicrobial ခေါင်းအုံးစွပ်အစမျိုး၊ စစ်ပေးနိုင်စွမ်း ၆၈ ရာခိုင်နှုန်းတဲ့။ နောက်တစ်ဆင့်နိမ့်တာက လီနင်သားအစတဲ့။ ၆၂ ရာခိုင်နှုန်းတဲ့။


ပြီးတော့ ရိုးရိုးခေါင်းအုံးစွပ်အသား။ ဒါကတော့ ၅၇ ရာခိုင်နှုန်း စစ်ပေးပါတယ်တဲ့။ နောက်တစ်ဆင့်နိမ့်တာက ပိုးစ သူကတော့ ၅၄ ရာခိုင်နှုန်း၊ နောက်တစ်ဆင့်က ၁၀၀ ရာနှုန်း ချည်စစ်စစ် သူကတော့ ၅၁ ရာခိုင်နှုန်း စစ်ပေးနိုင်တယ်တဲ့။ နောက်ဆုံးအဆင့်ကတော့ လည်စီး ပဝါစ(Scarf) သူကတော့ ၄၉ ရာခိုင်နှုန်း စစ်ပေးနိုင်ပါတယ်တဲ့။ ကပ်ဘေးဆိုင်ရာ ဆေးပညာနဲ့ ပြည်သူ့ကျန်းမာအဖွဲ့ (Disaster Medicine and Public Health Preparedness (Cambridge University) ရဲ့ ညွှန်းဆိုမှုအရ ပြောရင်လည်း ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းပြီးရင် ဖုန်စုပ်စက်မှာသုံးတဲ့ အိတ်အစ၊ ချည်စိပ်စိပ် အိပ်ရာဖုံးစွပ်စ၊ ပန်းကန်သုတ်တဲ့အဝတ်စနဲ့ ၁၀၀ ရာနှုန်းပြည့် ချည်စစ်စစ် ရှပ်အင်္ကျီစတွေက အကောင်းဆုံးပါလို့ ပြောပါတယ်။ လည်စီးပဝါသားအစကလွဲရင် အားလုံးက စစ်ပေးနိုင်စွမ်း ၅၀ ရာနှုန်းတော့ ကျော်တာချည်းပါပဲ။


ပြီးတော့ လုပ်ပုံလုပ်နည်းနဲ့ အဝတ်စကိုက်ဖြတ်ဖို့ နမူနာ Template ကို ပြပေးပါတယ်။

တစ်လွှာတည်း မရပါဘူး။ နှစ်လွှာထပ်ရမှာပါတဲ့။ အဝတ်စကို အရောင်မတူတဲ့နှစ်စ ရွေးဖို့ပါ။ ဒါမှ ဘယ်ဟာက အတွင်း၊ ဘယ်ဟာက အပြင်ဆိုတာ မှတ်မိမှာပါ။ ခေါင်းနောက်ထိဆွဲ ချည်ဖို့ ကြိုးအဖြစ်တော့ အီလတ်စ်တစ် အသားတစ်စကို ထပ်ရွေးရမှာဖြစ်ပါတယ်။ ဒီတော့ စုစုပေါင်း အဝတ်စ သုံးစ လိုအပ်ပါတယ်။

**ပုံစံနမူနာနဲ့ ချုပ်ကြည့်ဖို့ သူတို့ ပြပေးထားပါတယ်။**

နှာခေါင်းစည်း တပ်ပြီးတာနဲ့ လုံခြုံပြီလို့ မှားယွင်းစွာ ယူဆပြီး ပေါ့ဆသွားမှာကို သူတို့ သိပ်စိုးရိမ်ပါတယ်။ နှာခေါင်းစည်းက ရာနှုန်းပြည့် အာမခံလို့ မရတာကြောင့် ကျွန်မတို့အနေနဲ့ အဓိကကာကွယ်နည်းအဖြစ် ၁ အပြင်မထွက်ဖို့၊ ၂ အပြင်ကို ထွက်ခဲ့ရရင် တစ်ယောက်နဲ့ တစ်ယောက် သုံးပေအကွာခြားဖို့၊ ၃ လက်မဆေးရသေးခင်မှာ မိမိမျက်နှာကို မထိမိဖို့၊ ၄ လက်ကို ရေနဲ့ဆပ်ပြာသုံးပြီး စက္ကန့် ၂၀ အကြာ စနစ်တကျဆေးဖို့၊ အဲဒီနည်းတွေကို သုံးပြီး ကိုယ့်ကိုယ်ကိုရော ကိုယ့်အသိုင်းအဝိုင်းကိုပါ ကာကွယ်ကြရမယ်လို့ ပြောပါတယ်။




**"နှာခေါင်းစည်းတပ်ပြီးတာနဲ့ လုံခြုံပြီလို့ မှားယွင်းစွာယူဆပြီး ပေါ့ဆသွားမှာကို သူတို့ သိပ်စိုးရိမ်ပါတယ်။ နှာခေါင်းစည်းက ရာနှုန်းပြည့် အာမခံလို့မရတာကြောင့် ကျွန်မတို့အနေနဲ့ အဓိကကာကွယ်နည်းအဖြစ် ၁ အပြင်မထွက်ဖို့ ၊ ၂ အပြင်ကို ထွက်ခဲ့ရရင် တစ်ယောက်နဲ့တစ်ယောက် သုံးပေအကွာခြားဖို့၊ ၃ လက်မဆေးရသေးခင်မှာ မိမိမျက်နှာကို မထိမိဖို့၊ ၄ လက်ကို ရေနဲ့ဆပ်ပြာသုံးပြီး စက္ကန့် ၂၀ အကြာ စနစ်တကျဆေးဖို့၊ အဲဒီနည်းတွေကိုသုံးပြီး ကိုယ့်ကိုယ်ကိုရော ကိုယ့်အသိုင်းအဝိုင်းကိုပါ ကာကွယ်ကြရမယ်"**

## ဘောလခဲခရိုင်အတွင်း ဧပြီ ၂၀ ရက်တွင် ယာယီဓာတ်အားပြတ်တောက်မည်

ဘောလခဲ ဧပြီ ၃

ကယားပြည်နယ် ဘောလခဲခရိုင်အတွင်း မြို့နယ်များ၌ ဧပြီ ၂၀ ရက်တွင် ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း ယနေ့နံနက် ၁၁ နာရီခွဲက သိရသည်။

လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၁၃၂ ကေဗွီ လွိုင်ကော်ဓာတ်အားခွဲရုံတွင် ဧပြီ၊ မေ၊ ဇွန်လများတွင် ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရမည်ဖြစ်၍ ၆၆ ကေဗွီနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများ ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် ကြိုတင်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့၊ ရွာသစ်မြို့နယ်များတွင် ဧပြီ ၂၀ ရက် နံနက် ၉ နာရီမှ ညနေ ၂ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

ဖိုးရယ်

*※ ကျောဖုံးမှ*

လူနေထူထပ်သောနေရာများ၊ ဈေးများနှင့် ၈ ရပ်ကွက်အတွင်းတို့၌ ကာကွယ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ပြည်သူတွေအနေနဲ့ လတ်တလောမှာ ကိုယ်ခံအားကောင်းအောင်နေဖို့ လိုတယ်။ ကိုယ်ခံအားကောင်းနေရင် ဗိုင်းရပ်စ်ရဲ့ ထိခိုက်နိုင်မှုက နည်းတာပေါ့။ ကိုယ်ခံအားကောင်းအောင်လို့ အိပ်ရေးဝဝအိပ်မယ်၊ အာဟာရပြည့်ဝတဲ့ အစားအစာတွေစားမယ်။ စိတ်ဖိစီးမှုနည်းအောင်နေမယ်။ နေရောင်ခံမယ်။ အပြင်ထွက်တာတွေကို လျှော့မယ်။ အတတ်နိုင်ဆုံး အိမ်မှာနေမယ်ဆိုရင် တစ်ကမ္ဘာလုံးမှာ စိုးရိမ်နေရတဲ့ ကိုဗစ်-၁၉ ပြဿနာကြီးက ကျွန်တော်တို့နိုင်ငံအတွက်ကို လျော့ကျသွားနိုင်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ နိုင်ငံတော်အစိုးရရဲ့ အကြံပြုချက် ညွှန်ကြားချက်တွေကိုလည်း တိတိကျကျလိုက်နာကြစေချင်ပါတယ်။ လိုက်နာကြမယ်ဆိုရင်လည်း တကယ့်ကို အကျိုးရှိမှာပါ"ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မင်းက ပြောကြားသည်။

ကမာရွတ်မြို့နယ်အတွင်း ကန့်သတ်စောင့်ကြည့်ရေးစခန်း ဖွင့်လှစ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မတ်လ ဒုတိယပတ်ခန့်မှ စတင်ဆောင်ရွက်ခဲ့ပြီး မြို့နယ်အတွင်း ရပ်ကွက်ပေါင်း ၁၀ ရပ်ကွက်ရှိရာ ရပ်ရွာလူထုအကူအညီဖြင့် ပထမအကြိမ် ကာကွယ်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ယခုအခါ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ လူအင်အားသုံး၍ ဒုတိယအကြိမ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် နေ့စဉ် ကာကွယ်ဆေးဖျန်းခြင်း လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး မြို့နယ်ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက ပြောသည်။ မြို့နယ်အတွင်း ကာကွယ်ဆေးဖျန်းခြင်းကို မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ကျော်နှင့် စေတနာ့ဝန်ထမ်း ၅၀ ကျော်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ကျေးဇူးတင်လွှာပေးပို့

**နေပြည်တော် ဧပြီ ၃**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ဧပြီ ၂ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်သို့ ကျေးဇူးတင်လွှာပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးဇူးတင်လွှာတွင် Coronavirus Disease 2019 (COVID–19) သည် ယခုအခါ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကူးစက်ပြန့်ပွားနေသော ကပ်ရောဂါအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မတ် ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံအနေဖြင့်လည်း အထူးအလေးထားပြီး ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ အစီအမံများ ချမှတ်ခြင်းနှင့် ရေရှည်ထိခိုက်လာနိုင်သည့် အကျိုးဆက်များ၊ ဆိုးကျိုးများကို ဖြေရှင်းရေးဆိုင်ရာနည်းလမ်းများ ကျင့်သုံးဆောင်ရွက်ခြင်းတို့ကို ပိုမို ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဤသို့သော အချိန်ကာလမျိုးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများပူးပေါင်း၍ အခြေခံစားသောက်ကုန်များကို ဈေးကွက်အတွင်း ပြတ်လပ်ခြင်း မရှိစေရေးနှင့် သက်သာသောနှုန်းထားဖြင့် ပြည်သူများသို့ ရောင်းချခြင်းဖြင့် COVID–19 သက်ရောက်မှုကြောင့် အများပြည်သူများ ထိခိုက်မှုမရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မတ် ၂၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ကို သိရှိရပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရ၏ COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အား ကျေးဇူးတင်ရှိပါကြောင်းနှင့် စုပေါင်းအားဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မည်သို့သော အခက်အခဲမျိုးကိုမဆို ကျော်လွှားနိုင်ပါသဖြင့် ရှေ့ဆက်၍လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း ဖော်ပြထားသည်။

သတင်းစဉ်



# နေပြည်တော်ကောင်စီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၃**

နေပြည်တော်ကောင်စီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး (၂/၂၀၂၀)ကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အမှာစကားပြောကြားပြီး (အပေါ်ပုံ) နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးကျော်ဝင်းက အတည်ပြုဆုံးဖြတ်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး တက်ရောက်လာသော နေပြည်တော်ကောင်စီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆွေးနွေးချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဝင်း (ပြန်/ဆက်)

# အာဆီယံ + ၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးကျင်းပ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးစီစဉ်ထားရှိမှုဆွေးနွေး

**နေပြည်တော် ဧပြီ ၃**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ+၃ မက်ခရို စီးပွားရေး သုတေသနရုံးတို့မှ တာဝန်ရှိသူများပါဝင်သော Telecon–ference ဖြင့် ပြုလုပ်သည့် အာဆီယံ + ၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အထူးအစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။ (အောက်ပုံ)

အစည်းအဝေးတွင် အာဆီယံ + ၃ မက်ခရိုစီးပွားရေး သုတေသနရုံး (AMRO) မှ အာဆီယံဒေသတွင်း ဘဏ္ဍာရေးနှင့်စီးပွားရေးဆိုင်ရာအခြေအနေများ၊ ငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာကိစ္စရပ်များနှင့် ကမ္ဘာအနှံ့ပြန့်ပွားလျက်ရှိသည့် ကိုဗစ်–၁၉ ၏ သက်ရောက်မှုကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများအပေါ် သုံးသပ်တင်ပြခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒချမှတ်ဆောင်ရွက်ထားရှိမှုများ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ကုသရေးနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ စီစဉ်ထားရှိမှုများ၊ SME လုပ်ငန်းများ အရှိန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် အတိုးနှုန်းသက်သာသောချေးငွေများ ပံ့ပိုးပေးနိုင်ရေး အစီအစဉ်များအား ဆွေးနွေးခဲ့ကြသည်။ အဆိုပါအစည်းအဝေးမှာ ပုံမှန်အားဖြင့် အလှည့်ကျ အိမ်ရှင်နိုင်ငံတွင် ကျင်းပပြုလုပ်သော အစည်းအဝေးဖြစ်သော်လည်း ကိုဗစ်–၁၉ အခြေအနေကြောင့် Teleconference ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အစည်းအဝေးမှာ နှစ်နာရီခန့် ကြာမြင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နမ့်ပန်ချောင်းနှင့် နမ့်စီးဟော်ချောင်းဆုံတွင် နမ့်စီးဟော် ၃၀ မဂ္ဂါဝပ်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီစာချုပ် လက်မှတ်ရေးထိုး

**တောင်ကြီး ဧပြီ ၃**

ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် YS Golden Butterfly Co., Ltd တို့ အကြား ချုပ်ဆိုသော နမ့်ပန်ချောင်းနှင့် နမ့်စီးဟော်ချောင်းဆုံတွင် နမ့်စီးဟော် ၃၀ မဂ္ဂါဝပ်ရေအား လျှပ်စစ်စီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်ရန် သဘောတူညီ စာချုပ်လက်မှတ်ရေးထိုးပွဲကို ဧပြီ ၃ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်အစိုးရရုံး၌ ကျင်းပသည်။ (အောက်ပုံ)



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က ရှမ်းပြည်နယ် အတွင်း ကျေးရွာပေါင်း ၁၃၇၈၂ ရွာ ရှိသည့်အနက် ၂၀၁၆ ခုနှစ်တွင် ဓာတ်အား ပေးစနစ်ဖြင့် ကျေးရွာ ၁၁၃၉ ရွာ၊ ၂၀၁၇ ခုနှစ်တွင် ကျေးရွာ ၁၄၆၂ ရွာ၊ ၂၀၁၈ ခုနှစ်တွင် ကျေးရွာ ၁၈၃၀ ရွာ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲလျက်ရှိပြီး သုံးနှစ်အတွင်း ၆၉၁ ရွာ တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် အိမ်ထောင်စု ၄၁၁၉၃၆ စု (၃၅ ဒသမ ၂၁ ရာခိုင်နှုန်း) ခန့် လျှပ်စစ်ဓာတ်အား တိုးတက် သုံးစွဲလာနိုင်ပြီး နှစ်စဉ် ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်သုံးစွဲလာနိုင်ခဲ့၍ ကမ္ဘာ့ဘဏ်အကူအညီဖြင့် ကျေးရွာပေါင်း ၄၇၁ ရွာကို လည်းကောင်း၊ ဂျာမနီချေးငွေ (KfW)စီမံကိန်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း ၄၁၆ ရွာကို လည်းကောင်း စီမံကိန်းပြီးစီးသည့်အခါ လျှပ်စစ်ဓာတ်အား တိုးချဲ့ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ လက်မှတ်ရေးထိုးသည့် YS Golden Butter–fly Co., Ltd မှ တည်ဆောက်ထုတ်လုပ်မည့် စီမံကိန်းမှ ခန့်မှန်း ၃၀ မဂ္ဂါဝပ် ၁၂၀ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်ရရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို အစဉ်တစိုက် ဖိတ်ခေါ်လျက်ရှိရာ ယခုကဲ့သို့ ပြည်တွင်းလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများကို လုပ်ထုံး၊ လုပ်နည်းဥပဒေများနှင့်အညီ ခွင့်ပြုပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်အစိုးရနှင့် ရေးထိုးမည့် (MoA) သဘောတူညီချက်ကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန် ကုမ္ပဏီအနေဖြင့် အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

YS Golden Butterfly Co., Ltd စီအီးအို ဦးယောဆပ်က သဘောတူညီစာချုပ် (MoA) လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအနေဖြင့် မိမိတို့မြို့ လျှပ်စစ်မီးရရှိစေလိုကြောင်း၊ လျှပ်စစ်မီးရရှိပါက နိုင်ငံတော်၊ အစိုးရအဖွဲ့၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ပါ အကျိုးရှိမည်ဖြစ်ကြောင်း၊ ယခုလို ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် လက်မှတ်ရေးထိုးမှုကို ကူညီဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အစိုးရ အဖွဲ့နှင့် YS Golden Butterfly Co., Ltd တို့ သဘောတူညီစာချုပ် လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ ။)**
**၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်**
**၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃ ရက်**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေတွင်ပါရှိသော “ကျန်းမာရေးဝန်ကြီးဌာန” ဆိုသည့် စကားရပ်ကို “ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “ကန့်သတ်အထွေထွေ ဆေးကုသခွင့်လိုင်စင်” ဆိုသည့်စကားရပ်ကို “သီးခြားသတ်မှတ် အထွေထွေဆေးကုသခွင့်လိုင်စင်” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်” ဆိုသည့် စကားရပ်ကို “သီးခြားသတ်မှတ် အထူးဆေးကုသခွင့်လိုင်စင်” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “ဆေးကုသသည့်လုပ်ငန်း” ဆိုသည့် စကားရပ်ကို “အနောက်တိုင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် –

“(က) ဆေးပညာ ဆိုသည်မှာ ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါစစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ဝေဒနာသက်သာစေခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ အပါအဝင် အနောက်တိုင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအားလုံးနှင့်စပ်ဆိုင်သော ပညာရပ်ကို ဆိုသည်။”

၄။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေ ပုဒ်မ ၆ တွင်–

(က) ပုဒ်မခွဲ (က) ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်–

“(က) နာယကအဖွဲ့သည် ကောင်စီကို ၇၅ ဦးထက်မပိုသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်–”

( ခ ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃)၊ (၁၀) နှင့် (၁၂) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်–

“( ၃ ) ညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊

(၁၀) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများ၊

(၁၂) ကောင်စီ၏လုပ်ငန်းများတွင် စိတ်ပါဝင်စား၍ အများပြည်သူ၏ ယုံကြည်လေးစားမှုကိုရရှိသော အငြိမ်းစား ဆရာဝန်ကြီး ၁၅ ဦး၊”

၅။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

“( ဂ ) နာယကအဖွဲ့သည် ကောင်စီက ကျင်းပပြုလုပ်သော အစည်းအဝေးများတွင် တက်ရောက်ခြင်း၊ ပါဝင်ဆွေးနွေးခြင်းနှင့် အကြံပြုချက်များပေးခြင်း ပြုနိုင်သည်။”

၆။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၈ တွင် –

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ကို အောက်ပါအတိုင်း အစားထိုးရမည်–

“(၃) ကောင်စီဝင် ၁၆ ဦး အဖွဲ့ဝင်များ”

( ခ ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

“( ခ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ပါ အဖွဲ့ဝင်များထဲမှ ၁၃ ဦးကို ကောင်စီဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ပြီး ကျန်အဖွဲ့ဝင်သုံးဦးကို ကောင်စီဥက္ကဋ္ဌက တိုက်ရိုက်ရွေးချယ်ရမည်။”

၇။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေ ပုဒ်မ ၉ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်–

“၉။ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး တို့သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။”

၈။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ အခန်း (၅) ၏ အခန်းခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်–

**“နာယကအဖွဲ့ဝင်၊ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်တို့၏ ရပိုင်ခွင့်များ”**

၉။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၁၅ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်–

“၁၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်၊ ကောင်စီဝင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်တို့၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–”

၁၀။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်–

“(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို လေးလလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊”

၁၁။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၂၀ တွင်–

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

“( ခ ) စီမံရေးရာဌာန၊ မှတ်ပုံတင်ဌာန၊ ငွေစာရင်းဌာန၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင် လက်ထောက်ရုံးအဖွဲ့မှူး တစ်ဦးစီ။”

( ခ ) ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

၁၂။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်–

“၃၀။ (က) ကောင်စီသည် မှတ်ပုံတင်ဆရာဝန်တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါ အချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည် –

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲကြောင်း ပေါ်ပေါက်ခြင်း၊

(၂) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကိုခံရပြီး ယင်းပြစ်မှုသည် ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန်မသင့်ဟု ကောင်စီက သတ်မှတ်ထားသော ပြစ်မှုဖြစ်ခြင်း၊

(၃) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ယွင်းသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း။

( ခ ) ပုဒ်မခွဲ (က) အရ ဆရာဝန် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံရသော ဆရာဝန် တစ်ဦးဦးသည် ပေါ်ပေါက်ခဲ့သော အခြေအနေများမှ ပြန်လည်ပြုပြင်ပြီး ဖြစ်သည်ဟု ခံယူပါက ဆရာဝန်မှတ်ပုံတင်လက်မှတ်ရရှိရန် ကောင်စီသို့ ပြန်လည်လျှောက်ထားနိုင်သည်။

( ဂ ) ကောင်စီသည် ပုဒ်မခွဲ (ခ) အရ ပြန်လည်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်၊ စစ်ဆေး၊ သုံးသပ်ပြီး ဆရာဝန်မှတ်ပုံတင်လက်မှတ်ကို ပြန်လည် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်မည်ကို ပြည်သူများ စိုးရိမ်ပူပန်စရာမလို ယခင်ဈေးနှုန်းထက် ဈေးလျှော့ရောင်းချပေးလျက်ရှိ

**ရန်ကုန် မေ ၃**

လတ်တလော ဖြစ်ပေါ်နေသည့် ကိုဗစ်–၁၉ ရောဂါ အခြေအနေကြောင့် ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်မည်ကို ပြည်သူများ စိုးရိမ်ပူပန် စရာမလိုကြောင်း၊ ယခင် ရောင်းချနေသည့် ဈေးနှုန်းထက် ဈေးလျှော့ ရောင်းချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

“စားသုံးသူတွေကို ပြောချင်တာက ဆန်၊ ဆီ စတဲ့ မီးဖိုချောင်သုံးပစ္စည်းတွေနဲ့ ပတ်သက်ပြီး ပစ္စည်းပြတ်လပ်မှာတို့၊ ဈေးကြီးမှာတို့ စိတ်ပူဖို့ မလိုသလို ငါး၊ ပုစွန်၊ ငါးပိ၊ ငါးခြောက် စတဲ့ ရေထွက်ပစ္စည်းတွေအတွက်လည်း စိတ်မပူပါနဲ့၊ ပြည်တွင်းစားသုံးဖို့ အလုံအလောက်ရှိပါတယ်” ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါစတင်တွေ့ရှိပြီး နောက်ပိုင်း ပြည်သူများ စိုးရိမ်စိတ်မြင့်တက်ကာ အခြေခံစားသောက်ကုန်များ စုဆောင်းဝယ်ယူနေကြသည့်အတွက် ဈေးကွက်အတွင်း ကုန်ဈေးနှုန်းမြင့်တက်မှုနှင့် ကုန်ပစ္စည်းပြတ်လပ်မှု မရှိစေရန် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကြိုးပမ်းလျက်ရှိသည့်အပြင် အခြေခံ စားသောက်ကုန်များနှင့် ပတ်သက်၍ ပြည်သူများ စိတ်ပူပန်မှု မရှိရန်နှင့် ပစ္စည်းအလုံအလောက်ရှိကြောင်းကိုလည်း အသိပေးကြေညာချက်များ ထုတ်ပြန်ခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

“ ပြည်ပကို ငါးတင်ပို့မှုက ၈၀ ရာခိုင်နှုန်းလောက် လျော့ကျသွားတယ်။ ပြည်တွင်းမှာလည်း လူစုလူဝေးနဲ့လုပ်တဲ့ ပွဲတော်တွေ ရပ်သွားတယ်။ စားသောက်ဆိုင်တွေလည်း ပိတ်လိုက်တော့ ပြည်တွင်းငါးစားသုံးမှုက လျော့သွားတယ်။ လက်ကားဈေးကြီးတွေမှာ ငါးဈေးတွေကျသွားတယ်။ ငါးကိုကုန်အောင်တောင် လျှော့ဈေးနဲ့ မနည်းရောင်းနေရတယ်။ ဒါကြောင့် ဈေးနှုန်းမြင့်တက်မှုမရှိနိုင်ပါဘူး” ဟု အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

ငါး၊ ပုစွန် အစရှိသည့် ရေထွက်ပစ္စည်းများကို ပြည်တွင်းစားသုံးမှု ဖူလုံစေရန်နှင့် ပြည်ပတင်ပို့နိုင်ရန် အင်း၊ အိုင်၊ မြစ်၊ ချောင်းများမှ ဖမ်းဆီးထုတ်လုပ်ခြင်း၊ ပင်လယ်ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းဆီးခြင်းနှင့် မွေးမြူရေးမှထုတ်လုပ်ခြင်း စသည့် နည်းလမ်းသုံးမျိုးဖြင့် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း ငါး၊ ပုစွန် မွေးမြူရေးကေပေါင်း ငါးသိန်းခန့်ရှိပြီး အဆိုပါ မွေးမြူရေးကန်များမှ ထွက်ရှိလာသည့် ရေချိုငါးများကို နေ့စဉ် ရန်ကုန်မြို့ရှိ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးသို့ ပိဿာချိန် ၃၅၀၀၀၀ ခန့်၊ ရွှေပိတောက်ငါးဈေးသို့ ပိဿာချိန် ၅၀၀၀၀ ခန့်၊ လှိုင်သာယာမြို့နယ် ငွေပင်လယ်ဇုန်ရှိ ငါးဈေးသို့ ပိဿာချိန် ၅၀၀၀၀ ခန့်၊ ပြည်ပ Export တင်ပို့ရန် စက်ရုံများသို့ ပိဿာချိန် ၃၀၀၀၀ ခန့်နှင့် ဒေသအသီးသီးရှိ ဈေးများသို့ ပိဿာချိန် ၁၇၀၀၀၀ ခန့်၊ စုစုပေါင်းငါးပိဿာချိန် ၆၅၀၀၀၀ ခန့်ကို ပုံမှန်ရောင်းချနေရာမှ ကိုဗစ်–၁၉ ဖြစ်ပေါ်ပြီး နောက်ပိုင်း ရန်ကုန်မြို့ရှိ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးအပါအဝင် တစ်နိုင်ငံလုံးရှိဈေးများသို့ ပိဿာချိန် ၂၅၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနေရကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

**မင်းသစ်(MNA)**

## အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်သည့် မှိုစိုက်ပျိုးရေးနှိုးဆော်ချက်

၁။ ပြည်သူများ မိမိတို့၏ အိမ်ခြံဝင်းအတွင်း အာဟာရပြည့်ဝ၍ အလွယ်တကူ စိုက်ပျိုးနိုင်သည့် မှိုသီးနှံ(ငွေနှင်းမှိုနှင့် ကြွက်နားရွက်မှို)တို့ကို မြေနေရာသီးသန့်မလိုဘဲ အိမ်ခြံဝင်းအတွင်း၌ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက မှိုမျိုးထုပ်များ ထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိပါသည်။

၂။ ငွေနှင်းမှိုနှင့် ကြွက်နားရွက်မှိုတို့ကို မိမိတို့အိမ်၏ နေရောင်ခြည် တိုက်ရိုက်မထိသော၊ လေပြင်းမတိုက်ခတ်သော အစိုဓာတ်ရှိသည့် ရေချိုးခန်းနှင့် မီးဖိုခန်းတို့တွင်ထားရှိ၍ အလွယ်တကူစိုက်ပျိုးနိုင် ၍ စတင်စိုက်ပျိုးပြီး (၇–၁၀)ရက်အတွင်း ဆွတ်ခူးစားသုံးနိုင်ပါသည်။ မှိုမျိုးထုပ်တစ်ထုပ်လျှင် (၃–၄) ကြိမ်အထိဆွတ်ခူးနိုင်ပြီး တစ်ကြိမ်လျှင် အများဆုံး (၁၀)ကျပ်သား အထိ ထွက်ရှိနိုင်ပါသည်။

၃။ စိုက်ပျိုးရေးဦးစီးဌာန၏ မှိုသုတေသနနှင့် မျိုးပွားခြံများတွင် ငွေနှင်းမှိုမျိုးထုပ်(၂၇၇၅၀)နှင့် ကြွက်နားရွက်မှို မျိုးထုပ်(၁၃၇၅၀)ခန့် ထုတ်လုပ်ထားရှိပြီးဖြစ်သဖြင့် မိမိတို့၏ အိမ်ခြံဝင်းအတွင်း စိုက်ပျိုးရန်အတွက် မှိုမျိုးထုပ်နှင့် နည်းပညာများလိုအပ်ပါက ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ (၉)မိုင်မှိုခြံ(ဖုန်း–၀၉၄၀၂၅၆၈၉၀၁)၊ ညောင်နှစ်ပင်မှိုခြံ (ဖုန်း–၀၉၄၄၄၀၃၃၃၅၅)၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ (၁၀)မိုင် မှိုခြံ(ဖုန်း–၀၉၄၂၀၁၇၇၁၁၅)၊ ကျောက်တိုင်မှိုခြံ (ဖုန်း– ၀၉၄၂၁၁၅၂၇၆၅)၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်မှိုခြံ (ဖုန်း– ၀၉၄၂၆၆၅၉၇၃၅)တို့တွင် ဆက်သွယ်စုံစမ်း ဝယ်ယူစိုက်ပျိုးနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၃**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မြန်မာ့ရိုးရာမဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အထူးအစီအစဉ်များအဖြစ် ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားကောင်းများ ပြသမည်

နေပြည်တော် ဧပြီ ၃

၂၀၁၀ ပြည့်နှစ် ဧပြီ ၁၀ ရက် မှ ၁၉ ရက်အထိ မြန်မာ့ရိုးရာမဟာသင်္ကြန်ရုံးပိတ်ရက် ကာလအတွင်း မူလပြသနေသည့် ရုပ်သံဇာတ်လမ်းတွဲများအပြင် မိသားစုနှင့်အတူ အပန်းဖြေအနားယူကြမည့် မိဘပြည်သူများအတွက် အထူးအစီအစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထင်ရှားကျော်ကြားသည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများ၊ သင်္ကြန်နှင့် ပတ်သက်သည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားကောင်းများကို နေ့စဉ် မွန်းလွဲပိုင်းနှင့် ညပိုင်းတွင်လည်းကောင်း၊ ရုပ်သံဇာတ်လမ်းတွဲများကို နံနက်ပိုင်းနှင့် ညနေပိုင်းများတွင်လည်းကောင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

အဆိုပါ သင်္ကြန်ကာလအတွင်း မွန်းလွဲ ၁ နာရီခွဲ နှင့် ည ၉ နာရီခွဲတို့တွင် ပြသမည့် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် ဗီဒီယိုဇာတ်ကားများမှ ဇာတ်လမ်းအကျဉ်းတို့ကို ဖော်ပြပေးလိုက်ရပါသည် -




၁၀-၄-၂၀၁၀
(သောကြာနေ့) နေ့လယ်
ကြိုးတန်း
(အကယ်ဒမီ
ဆုရောင်စုံရုပ်ရှင်)
ကျော်ဟိန်း၊ ကျော်ရဲအောင်၊
ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ
ဒါရိုက်တာ - မီးပွား

မြင်းလှည်းသမား **ကိုကျောက်နီ** နှင့် ဈေးသည် **မကျော့** တို့ ချစ်ကြိုက်ပြီး ကိုကျောက်နီ၏ ဆန္ဒဖြစ်သော လှေနှင့် ကွန်ကိုဝယ်ပြီး တံငါသည်ဘဝဖြင့် သဲသောင်ပြင်တွင် တဲထိုးကာ တစ်အိုးတစ်အိမ် ထူထောင်၍ နေထိုင်ခဲ့ကြသည်။

**ကိုလှဆောင်** နှင့် **မလှစိန်** တို့ လင်မယားမှာလည်း တံငါသည်ဘဝဖြင့် ကျင်လည်နေထိုင်ကြဖို့ သူတို့တဲအနီး လာရောက်နေထိုင်ခဲ့ကြသည်။

တံငါသည်နှစ်ဦး တစ်ဦးနှင့်တစ်ဦး အထင်လွဲကာ လောဘ၊ ဒေါသ၊ မောဟများ ဖုံးလွှမ်းသွားကြသည့်အခါ ချစ်ခင်ရင်းနှီးစွာ နေထိုင်နေခဲ့ရာမှ ဘယ်လိုတွေ ပြောင်းလဲသွားမလဲဆိုတာကို စောင့်မျှော်ကြည့်ရှုနိုင်မည့် အကယ်ဒမီ ဆုရောင်စုံရုပ်ရှင် ဇာတ်ကားဖြစ်ပါသည်။




၁၀-၄-၂၀၁၀
(သောကြာနေ့) ည
သင်္ကြန်ဂိမ်း
(ဗီဒီယိုဇာတ်လမ်း)
အောင်ရဲလင်း၊ ဝတ်မှုံရွှေရည်
ဒါရိုက်တာ - ကိုဇော်(အရဏ်ဦး)

အိမ်နီးနားချင်းများ ဖြစ်ကြသည့် **လင်းသစ်** နှင့် **သရဖီ**တို့ သင်္ကြန်ကာလအတွင်း သင်္ကြန်ရေပက်သူ တွေကြားမှ ရေမစိုအောင် ထွက်လာနိုင်သော ဂိမ်း တစ်ခုကို ကစားကြဖို့ သဘောတူခဲ့ကြသည်။ သူတို့ နှစ်ဦး ဘယ်သူက ရေမစိုအောင် ဆောင်ရွက်နိုင်မလဲဆိုတာ စောင့်မျှော်ကြည့်ရှုရမည့် ဗီဒီယိုဇာတ်လမ်း ဖြစ်ပါသည်။

၁၁-၄-၂၀၁၀
(စနေနေ့)
နေ့လယ်
ကျနော့ စိုးမမပိုင်
(ဖြူမည်းရုပ်ရှင်)
ဇော်ဝမ်း၊ နွဲ့နွဲ့မူ၊
ချိုပြုံး
ဒါရိုက်တာ-
မြတ်ထွန်းနိုင်



ကလျာ၏ မိဘများက မွေးစားစောင့်ရှောက်မှုကြောင့် ကိုအောင် ဆရာဝန်ဖြစ်လာခဲ့သည်။ ကိုအောင်မှာ သိပ်ချစ်ရသည့်ချစ်သူ စိုးမမပိုင် ရှိသည်။ ကလျာနှင့် သူ၏ချစ်သူ လူရှုပ် တော်မီတို့ သင်္ကြန်တွင်း လျှောက်လည်ကြရာမှ လွန်ကျူးမိခဲ့ကြသည်။ ကိုယ်ဝန်ရလာ၍ လက်ထပ်ဖို့ တော်မီက ငြင်းဆန်နေ၍ ကလျာ၏ အရှက်ကိုကာကွယ်ဖို့ ကိုအောင်က လက်ထပ်ယူခဲ့သည်။ ချစ်သူနှင့် ခွဲခွာခဲ့ရပြီး စိုးမမပိုင် က မိဘသဘောတူသည့် တော်မီနှင့် လက်ထပ်မည့်အကြောင်း ကလျာ သိသွားသည့်အခါ ဘာတွေဆက်ဖြစ်မလဲ စောင့်မျှော်ကြည့်ရှုရမည့် ဖြူမည်းရုပ်ရှင်ဇာတ်ကား ဖြစ်ပါသည်။

၁၁-၄-၂၀၁၀
(စနေနေ့) ည
ချစ်ရင်ဖက်ထား
(ဗီဒီယိုဇာတ်လမ်း)
ပြေတီဦး၊
ဝတ်မှုံရွှေရည်
ဒါရိုက်တာ -
ကိုဇော်(အရဏ်ဦး)




အလုပ်ကိုပဲ စိတ်ဝင်စားတဲ့ လူပျိုကြီး ပြေသုတ က တူ နှစ်ယောက်ကို စည်းကမ်းတင်းကျပ်ပြီး သင်္ကြန်မလည်ဖို့ တားဆီးထားသည်။ တူနှစ်ယောက်က သင်္ကြန်လည်ချင်၍ နုပျိုနှင့်တိုင်ပင်ပြီး လူပျိုကြီးကို ချစ်ဟန်ဆောင်ပြီး နုပျို ကို ချဉ်းကပ်စေခဲ့သည်။ တူ နှစ်ယောက်နှင့် ပေါင်းကြံကြပုံကို သိသွားသည့်အခါ သင်္ကြန်ထွက်လည်ဖို့ တိုက်တွန်းသော ချစ်သူကို လူပျိုကြီး အလျှော့ပေးပဲ့မလား ဆိုတာကို စောင့်မျှော်ကြည့်ရှုရမည့် ဗီဒီယိုဇာတ်လမ်း ဖြစ်ပါသည်။



၁၂-၄-၂၀၁၀
(တနင်္ဂနွေနေ့)
နေ့လယ်
ကောင်းချစ်တဲ့ မမ
(ဆုရောင်စုံ ရုပ်ရှင်)
ကျော်သူ၊ ခင်သန်းနု၊
စုမြတ်နိုင်
ဒါရိုက်တာ - ကျော်သူ

**ကောင်းမြတ်** နှင့် **ဘိုမ** တို့သည် အိမ်နီးနားချင်း သူငယ်ချင်းများဖြစ်ကြသည်။ ကောင်းမြတ်ကို ဘိုမက စိတ်ဝင်တစားရှိသော်လည်း ကောင်းမြတ်က သင်္ကြန်မှာဆုံတွေ့ခဲ့ရသော မာစတာ တက်နေသူ သက်ဝေ ကို ချစ်မိသွားခဲ့သည်။ သက်ဝေ မှာ အိမ်ထောင်ကွဲတစ်ဦးဖြစ်ကြောင်း ကောင်းမြတ် မိခင် သိသွားသည့်အခါ သဘောမတူဘဲ သက်ဝေကို အလိမ္မာသုံးပြီး သွားပြောခဲ့သည်။ ကောင်းမြတ်နှင့်ဝေးရာကို သက်ဝေ ထွက်လာခဲ့သော်လည်း ကောင်းမြတ် က ရအောင် လိုက်သွားခဲ့သည်။ ကောင်းမြတ်နှင့် သက်ဝေ၊ ဘိုမတို့ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း ဘာတွေဆက်ဖြစ်လာမလဲဆိုတာကို စောင့်မျှော်ကြည့်ရှုနိုင်မည့် ဆုရောင်စုံရုပ်ရှင်ဇာတ်ကား ဖြစ်ပါသည်။




၁၂-၄-၂၀၁၀
(တနင်္ဂနွေနေ့) ည
အတာလေပြေ
(ဗီဒီယို ဇာတ်လမ်း)
လူမင်း၊ ထွန်းအိန္ဒြာဗို
ဒါရိုက်တာ - အာယု

**မိုးထက်မြင့်** နှင့် **ယွန်း** တို့အား မိဘများက သဘောတူပေးစားဖို့ စီစဉ်ကြသည်။ လက်မထပ်ခင် ခရီးထွက်ချင်လို့ ယွန်းက ချောင်းသာကို ခရီးထွက်လာခဲ့သည်။ မိုးထက်မြင့် ကလည်း ချောင်းသာ လိုက်သွားခဲ့ပြီး တစ်ယောက်နှင့် တစ်ယောက် မာနချင်းပြိုင်နေကြရင်း ပြေလည်မှုရနိုင်ပဲ့မလားဆိုတာကို စောင့်မျှော်ကြည့်ရှုရမည့် ဗီဒီယိုဇာတ်လမ်း ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒိုင်ဗင်တင်လှနှင့် ရုပ်ရှင်စကားဝိုင်း




### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

ရုပ်ရှင်စတန့်မင်းသားတွေဟာ သက်စွန့်ဆံဖျား အသက်ကိုရင်းပြီးတော့ စတန့်တွေလုပ်ခဲ့ကြတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ တချို့ဆိုရင်လည်း စိတ်တွေဘာတွေ ဂယောက်ဂယက်ဖြစ်ပြီးတော့ အသက်တိုကြရ၊ ဒီလိုဟာတွေ တော်တော်များများကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ စတန့်မင်းသားရဲ့ဘဝ ဆိုတာဟာ တကယ့်ကို နုနုနယ်နယ်နဲ့ ပျော့ပျော့ပျောင်းပျောင်း ဘဝခရီးကိုလျှောက်ရတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ဒီအချိန်မှာ တော်တော်များများ စတန့်မင်းသားတွေဟာ မရှိကြတော့ပါဘူး။ အဲဒီအထဲမှာ ရှားရှားပါးပါးနဲ့ ကျွန်တော်တို့ ထူးထူးခြားခြားတွေ့ရတဲ့ စတန့်မင်းသားတစ်ယောက်ရှိပါတယ်။ သူကတော့ အခု ကျွန်တော်နဲ့ဆွေးနွေးမယ့် ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူ့ရဲ့အသက်ကိုပြောရမယ်ဆိုရင်တော့ အခုဆိုရင် အသက် ၉၄ နှစ်ထဲကို ရောက်နေပါပြီ။ သူကတော့ ကျွန်တော်တို့အရွယ်တွေ တော်တော်များများသိကြ အားပေးခဲ့ကြ၊ လက်ခုပ်တီးခဲ့ကြ၊ လက်ခေါက်မှုတ်ခဲ့ကြတဲ့ စတန့်မင်းသား ဒိုင်ဗင်တင်လှဖြစ်ပါတယ်။ အခုကျွန်တော် စတန့်မင်းသားဒိုင်ဗင်တင်လှနဲ့ ရုပ်ရှင်စကားဝိုင်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

(ယမန်နေ့မှအဆက်)

**ကြည်စိုးထွန်း။** ။အဘ ခါးခုတ်တဲ့ကားလည်း တွေ့ဖူးတယ်။

**ဒိုင်ဗင်တင်လှ။** ။အဘ ခါးခုတ်တာတို့ ဘာတို့ ဒါပေါ့။

**ကြည်စိုးထွန်း။** ။ရဲချစ်နဲ့လေ ခါးခုတ်တဲ့ ကားလည်းကျွန်တော်တွေ့ဖူးတယ်၊ လက်သီးထိုးတဲ့ ကားတွေကတော့ အများကြီးပဲ။

**ဒိုင်ဗင်တင်လှ။** ။ဟာထိုးတာပေါ့။ လက်သီးကတော့ ထိုးတာပေါ့။

**ကြည်စိုးထွန်း။** ။ထိုးတယ်၊ ဟုတ်ကဲ့ အခုနေ ထိုးရင်ကော။

**ဒိုင်ဗင်တင်လှ။** ။ထိုးနိုင်တာပေါ့။ ခုနကားပေါ်မှာ ဘတ်စ်ကားပေါ်မှာ အရက်မူးသမားတစ်ယောက်က ရှုတ်ရှုတ်လုပ်တာ ကိုယ်ကတစ်ချက်တည်းတီးလိုက်တာ တစ်ခါတည်းထိုင်သွားရော။

**ကြည်စိုးထွန်း။** ။ဩော် ဆုံးမလိုက်တာ၊ အခုထိလက်သီးက ပြင်းတုန်းပေါ့။

**ဒိုင်ဗင်တင်လှ။** ။တောင့်တာပေါ့။

**ကြည်စိုးထွန်း။** ။ဟုတ်လား၊ တောင့်တုန်း ၉၄ နှစ်။

**ဒိုင်ဗင်တင်လှ။** ။အခုလည်း အားကစားလုပ်နေရတာပေါ့။

**ကြည်စိုးထွန်း။** ။ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။လမ်းလျှောက်၊ တန်းခိုရတာပေါ့။

**ကြည်စိုးထွန်း။** ။ကောင်းပါတယ်အဘ၊ အခု ကျန်းကျန်းမာမာနဲ့လေ။

**ဒိုင်ဗင်တင်လှ။** ။စားတာတော့ ထမင်းသိပ်စားလို့ မကောင်းဘူး၊ လက်ဖက်ရည်နဲ့၊ မုန့်တွေနဲ့၊ မုန့်ဖိုးတွေ တစ်နေ့တစ်နေ့ ငါးရာဖိုးလောက်စားတယ်။

**ကြည်စိုးထွန်း။** ။ဩော် ဟုတ်လား။

**ဒိုင်ဗင်တင်လှ။** ။သားကကျွေးတယ်၊ သားက လက်ဖက်ရည်ဆိုင်မှာ ကြိုက်တာစား။

**ကြည်စိုးထွန်း။** ။ဩော် – ဩော် ကျွန်တော်လည်း ကျွေးမှာပေါ့၊ အခု ဒါပြီးရင် ကျွေးမယ်။

**ဒိုင်ဗင်တင်လှ။** ။အခု ဘုရင့်နောင်တံတားမှာ ဒိုင်ဗင်ထိုးပြချင်တယ်။


မျိုးချစ်၊ ဝင်နီ

အောက်မှာ လှေတစ်စင်းပဲထား၊ ဒိုင်ဗင်ထိုးပြီး ရေကူးပြီး တက်သွားမှာ။

**ကြည်စိုးထွန်း။** ။ပေါ်မလာရင်ကော။

**ဒိုင်ဗင်တင်လှ။** ။ဟာ ပေါ်တာပေါ့။

**ကြည်စိုးထွန်း။** ။ဟုတ်ပြီ ကျွန်တော်လာမယ်။ ကျွန်တော်က ကင်မရာနဲ့၊ အဘနဲ့၊ ကျွန်တော်နဲ့ တစ်ခါလောက်ရိုက်ပြီး။

**ဒိုင်ဗင်တင်လှ။** ။ရိုက်တဲ့အခါ ရုပ်ရှင်ကောင်စီကို အကြောင်းကြားလိုက်။

**ကြည်စိုးထွန်း။** ။အကြောင်းကြားမယ်လေ။

**ဒိုင်ဗင်တင်လှ။** ။တံတားပေါ်က ဒိုင်ဗင်ထိုးတော့မယ်ဆိုရင်။

**ကြည်စိုးထွန်း။** ။ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။အဘ ဘောင်းဘီတွေ၊ ဘာတွေ ဝတ်လာမယ် ဘောင်းဘီအတိုတွေ။

**ကြည်စိုးထွန်း။** ။ဩော်ဘောင်းဘီအတိုလေး၊ ဟုတ်ကဲ့၊ ဟုတ်ပါပြီ၊ အရှည်ကော၊ အရှည်လည်း ဝတ်လည်းရပါတယ်၊ အရင်ကလိုပေါ့ ရှမ်းဘောင်းဘီ။

**ဒိုင်ဗင်တင်လှ။** ။ဘောင်းဘီအရှည်လည်းရတာပေါ့လေ။ ရှမ်းဘောင်းဘီနဲ့ပေါ့။

**ကြည်စိုးထွန်း။** ။အဘကလေ မင်းသားသာ ဖြစ်တာ အရုပ်နည်းနည်းပုတယ်နော်။ အဲဒီတော့ အရုပ်ပုတော့ ဘယ်သူနဲ့သွားတူလဲဆိုတော့ နိုင်ငံခြားက မင်းသားတစ်ယောက်ရှိတယ်။ Audie Murphy လေ။ အရုပ်ပုပုနဲ့လေ။

**ဒိုင်ဗင်တင်လှ။** ။Audie Murphy။

**ကြည်စိုးထွန်း။** ။ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။ကျွန်တော်က ဘားမား Audie Murphy

**ကြည်စိုးထွန်း။** ။ဩော် အဘကို ဘားမား Audie Murphy လို့ လူတွေက ခေါ်ကြတယ်။

**ဒိုင်ဗင်တင်လှ။** ။လူတွေက ဘွဲ့ပေးတာ၊ အဘကို Audie Murphy ဆိုပြီးတော့ ဘွဲ့ပေးတာ။

**ကြည်စိုးထွန်း။** ။Audie Murphy ကားတွေ အဘကြည့်ဖူးမှာပေါ့။

**ဒိုင်ဗင်တင်လှ။** ။ဟုတ်ကဲ့ကြည့်တယ်။

**ကြည်စိုးထွန်း။** ။ကောင်းတယ်နော်။ Audie Murphy ကားတွေလည်း ကျွန်တော်က ကြည့်ရတယ်။ အဘကားတွေလည်း ငယ်ငယ်တုန်းက ကြည့်ရတယ်။ အဲဒီတုန်းကတော့ အခုနဲ့မတူဘူးပေါ့၊ ငယ်သေးတာကိုး။

**ဒိုင်ဗင်တင်လှ။** ။ငယ်သေးတာကိုး။

**ကြည်စိုးထွန်း။** ။လူကလည်း သိပ်ချောတာပဲ။ မင်းညီမင်းသား ပုံစံဆို သိပ်ချောတယ်။

**ဒိုင်ဗင်တင်လှ။** ။အခု အဘပုံတွေမြင်ရင်တော့ အဘတို့က စစ်ကြိုခေတ်ကို အသံတိတ်လည်း မီတယ်။ ဒါပေမယ့် အဲဒီတုန်းကတော့ ဒီမင်းသားကြီးတွေလောက်တော့ ဟိုဒင်းမဖြစ်ဘူးပေါ့နော်။ ဒီဘက်ကျတော့ အဘရယ်၊ ရွှေဘရယ်၊ တင်ညွန့်ရယ်၊ ကျော်ဆွေရယ် စသည်အားဖြင့် စတန့်မင်းသားတွေ နာမည်ကြီးလာတာကိုး။

**ဒိုင်ဗင်တင်လှ။** ။ဟုတ်တယ်၊ ဟုတ်တယ်၊ စတန့်မင်းသားတွေ။

**ကြည်စိုးထွန်း။** ။အဲဒီအထဲက အခုဆိုရင် မရှိကြတော့ဘူး။

**ဒိုင်ဗင်တင်လှ။** ။ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ရွှေဘလည်း မရှိတော့ဘူး၊ ဦးကျော်ဆွေလည်းမရှိတော့ဘူး၊ ဦးတင်ညွန့်လည်း ဟိုတစ်လောကပဲ ကွယ်လွန်သွားပြီ။

**ဒိုင်ဗင်တင်လှ။** ။တစ်ခုရှိတယ်၊ အဘက အရက်မသောက်ဘူး၊ ဆေးလိပ်မသောက်ဘူး၊ ကွမ်းငုံတာပဲရှိတယ်။ ငုံထားတာပဲရှိတယ်။

**ကြည်စိုးထွန်း။** ။ကွမ်းလည်းမကောင်းဘူး၊ မစားနဲ့။




ဘုရင့်ရုံ


ကျော်ညွန့်


တင်ဆွေ


ကျော်အေး

တောင်မှ အဘမမှတ်မိဘူး။ မေ့ကုန်ပြီ အသက်ကကြီးသွားတော့ old man ဖြစ်သွားတော့ I forgot လေ။

**ကြည်စိုးထွန်း။** ။မေ့တာပေါ့၊ ဒါကတော့လေ နော် အသက်ကကြီးလာတော့၊ ဒါပေမယ့် အခုစတန့်မင်းသားတွေ ထဲမှာဆို အဘတစ်ယောက်ပဲကျန်တော့တယ်။ မှန်တယ် ပထမဆုံး စတန့်မင်းသားတွေပေါ်တဲ့အခါမှာ ဆိုပါတော့ အဘရယ်၊ ဥပမာဆိုပါတော့ ကျော်စိုး၊ ကျော်မိုး၊ ကျော်ဟိုး။ နောက်ပြီးတော့ တင်ဖေ၊ တင်ဆွေ၊ တင်ငွေ။

**ဒိုင်ဗင်တင်လှ။** ။ကိုကျော်ညွန့်။

**ကြည်စိုးထွန်း။** ။ကျော်ညွန့်၊ ကျော်အေး၊ ချစ်ရွှေ၊ နောက်ပြီးတော့ ရွှေမန်းထွန်းတင်၊ အဲဒါတွေပြီးတော့ ဒါစစ်ကြိုခေတ်က မင်းသားကြီးတွေ။ နောက်ပိုင်းကျ

**ဒိုင်ဗင်တင်လှ။** ။ကွမ်းကိုမငုံရရင် မနေနိုင်ဘူး၊ ကွမ်းငုံထားရတယ်။

**ကြည်စိုးထွန်း။** ။ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့၊ ရှုပ်ရှုပ်ပွေပွေလည်း မနေဘူး။

**ဒိုင်ဗင်တင်လှ။** ။ဟုတ်တာပေါ့။

**ကြည်စိုးထွန်း။** ။ဩော် ဟုတ်ပြီ ဟုတ်ပြီ။

**ဒိုင်ဗင်တင်လှ။** ။အဲဒီကျန်တဲ့ မင်းသားတွေက သူတို့က မသိဘူး၊ အဲဒီတော့ သေကုန်ကြပြီ။ အဲဒါအားလုံး stop။ အနန္တော အနန္တငါးပါးပဲ။ ထိုင်နေရင်လည်း "သောဘဂဝါ ဣတိပိ အရဟံ အရဟံဗုဒ္ဓေါ အရဟံဘဂဝါ သိဒ္ဓိ" ရောက်အောင်ဒါပဲ။

**ကြည်စိုးထွန်း။** ။ဘာသာရေးပဲ။

**ဒိုင်ဗင်တင်လှ။** ။အာရုံပြုနေတာ။

*စာမျက်နှာ ၁၁ သို့*

# မွန်ပြည်နယ်အတွင်း သမဝါယမမိသားစုများက ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအတွက် ပြည်သူသို့ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များ ပုံမှန်ဈေးနှုန်းဖြင့် အရစ်ကျရောင်းချနိုင်ရေးဆောင်ရွက်

နေပြည်တော် မေ ၃

မွန်ပြည်နယ်သမဝါယမအသင်းစုချုပ်နှင့် မြို့နယ် ၁၀ မြို့နယ်အတွင်းရှိ ရောင်းဝယ်ရေး သမဝါယမအသင်းများက ပြည်သူများအား ပုံမှန်ဈေးနှုန်းများဖြင့် အခြေခံစားကုန်နှင့် လူသုံးကုန်ပစ္စည်းများကို အသင်းသားပြည်သူများအား ရောင်းချပေးနေသည့်အပြင် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေမှုရှိစေရန် ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ်သုံးသိန်းမှ ငါးသိန်းအထိ လူသုံးကုန်ပစ္စည်းများကို ၁၀ လ အရစ်ကျ ဆပ်စနစ်ဖြင့် ရောင်းချနိုင်ရေးအတွက် သမဝါယမဦးစီးဌာန တာဝန်ရှိသူများကလည်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ်အတွင်း သမဝါယမ မိသားစုများမှ ကိုဗစ်-၁၉ ရောဂါ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအတွက် မတ် ၃၀ ရက်တွင် မွန်ပြည်နယ် သမဝါယမမိသားစုများက ရောဂါကာကွယ်ရေး ဝတ်စုံ ၁၆ စုံကို မွန်ပြည်နယ်အစိုးရအဖွဲ့သို့ လည်းကောင်း၊ မော်လမြိုင် မြို့နယ်သမဝါယမမိသားစုများက ရောဂါကာကွယ်ရေးဝတ်စုံ ၂၀ ကို မြို့နယ်ပြည်သူ့ဆေးရုံနှင့် CBFQ တာဝန်ခံသို့လည်းကောင်း၊ ကျိုက်မရောမြို့နယ် သမဝါယမမိသားစုများက ရောဂါကာကွယ်ရေးဝတ်စုံ ၁၂ စုံကို မြို့နယ်ပြည်သူ့ဆေးရုံသို့ လည်းကောင်း၊ ရေးမြို့နယ် သမဝါယမမိသားစုများက အပူချိန်တိုင်းကိရိယာငါးခုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လည်းကောင်း၊ သထုံမြို့နယ် သမဝါယမမိသားစုများက ခရိုင်ပြည်သူ့ဆေးရုံသို့ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀ စုံနှင့် လက်အိတ်များကို လည်းကောင်း၊ ချောင်းဆုံမြို့နယ် သမဝါယမမိသားစုများက ရောဂါကာကွယ်ရေးဝတ်စုံ ၁၀ စုံကို မြို့နယ်အထောက်အကူပြု ကော်မတီသို့လည်းကောင်း၊ ပေါင်မြို့နယ်သမဝါယမမိသားစုများက ဆေးဖျန်းစက်နှစ်လုံး၊ လက်အိတ် လေးဖာ၊နှာခေါင်းစည်း၁၂၀နှင့် ဆေးဖျန်းကာဗာတစ်ထုပ်ကို မြို့နယ်လူမှုကယ်ဆယ်ရေးအဖွဲ့သို့လည်းကောင်း၊ ကျိုက်ထို မြို့နယ်သမဝါယမအသင်းစု ဝန်ထမ်း မိသားစုမှ စုစုပေါင်း ငွေကျပ် ၁၀ ဒသမ ၀၅ သိန်းတန်ဖိုးရှိ ရောဂါကာကွယ်ရေး ပစ္စည်းမျိုးစုံကို မြို့နယ်ပြည်သူ့ ဆေးရုံသို့ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



သမဝါယမအရောင်းဆိုင်မှ လူသုံးကုန်နှင့် စားသောက်ကုန်များ ရောင်းချပေးစဉ်။

## ပြည်သူများသို့ လျှပ်စစ်မီးပြတ်တောက်ခဲ့မှုအား အသိပေးပန်ကြားခြင်း

၁။ ယနေ့ ၁၃:၅၅ နာရီအချိန်ခန့်တွင် ၂၃၀ ကေဗွီ မြောင်းတကာ-လှိုင်သာယာ ဓာတ်အားလိုင်း ယာယီအပြစ်ဖြစ်၍ တစ်နိုင်ငံလုံးသို့ ဖြန့်ဝေထားရှိသော နိုင်ငံတော်ဓာတ်အားစနစ်တစ်ခုလုံး (၃၅) မိနစ်ခန့် ဓာတ်အား ပြတ်တောက်ခဲ့ပါသည်။

၂။ အဆိုပါဓာတ်အားပြတ်တောက်မှုအကြောင်းရင်းအား စစ်ဆေးရာတွင် မြောင်းတကာ စက်မှုဇုန်အတွင်း ဖြတ်သန်းတည်ဆောက်ထားသော ၂၃၀ ကေဗွီ မြောင်းတကာ-လှိုင်သာယာ ဓာတ်အားလိုင်း၏ တာဝါတိုင်အမှတ် ၅ နှင့် ၆ အကြားရှိ တယ်လီဖုန်းတိုင်ကို မော်တော်ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပါ သဖြင့် မြောင်းတကာ-လှိုင်သာယာ ဓာတ်အားလိုင်းအောက်ရှိ ၃၃ ကေဗွီ မြောင်းတကာ-စက်မှုဇုန် အမှတ်(၇) ဓာတ်အားလိုင်းအား ရိုက်မိပြီး မီးများပန်းထွက်ကာ ဓာတ်အားလိုင်းအောက်ရှိ မြက်ခြောက်ပင်များကို မီးလောင်မှုဖြစ်ပွားခဲ့ပါသည်။ အဆိုပါမီးလောင်မှုကြောင့် ၂၃၀ ကေဗွီ မြောင်းတကာ-လှိုင်သာယာဓာတ်အားလိုင်းအား မီးဟပ်၍ ယာယီအပြစ်ဖြစ်ပြီး ဓာတ်အားစနစ်တစ်ခုလုံး ခေတ္တပြတ်တောက်မှု ဖြစ်ပွားခဲ့ပါသည်။

၃။ ယင်းဓာတ်အားပြတ်တောက်မှုအတွက် ဓာတ်အားအမြန်ရရှိရေးအား လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ရာ ၁၄:၃၀ နာရီခန့်တွင် တစ်နိုင်ငံလုံး၏ ၆၆ ရာခိုင်နှုန်းအား ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ ဓာတ်အားသုံးစွဲသူပြည်သူများအား ၁၇:၀၅ နာရီခန့်တွင် ၁၀၀ ရာခိုင်နှုန်းအား ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

၄။ နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် ထုတ်လုပ်ပေးလျက်ရှိသော်လည်း အဆိုပါ မတော်တဆဖြစ်ပွားမှုကြောင့် လျှပ်စစ်မီး ခေတ္တပြတ်တောက်သွားခဲ့ကာ ဓာတ်အားစနစ်အား ပြန်လည်တည်ငြိမ်စေရန် အတွက် တစ်နိုင်ငံလုံးရှိ ဓာတ်အားပေးစက်ရုံနှင့် ခွဲရုံများကို အဆင့်ဆင့် ဓာတ်အားပို့လွှတ်ပေးခဲ့ရပါသဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု အချိန်အနည်းငယ်မျှ ကြာမြင့်ခဲ့ရခြင်းဖြစ်ပါသည်။

၅။ အဆိုပါ ဓာတ်အားပြတ်တောက်မှုအချိန်ကာလအတွင်း အဆင်မပြေမှုများရှိခဲ့ပါက နားလည်ခွင့်လွှတ်ပေးနိုင်ပါရန်နှင့် ဓာတ်အားပြတ်တောက်မှု မဖြစ်စေရေး အထူးဂရုပြု ဆောင်ရွက်လျက်ရှိပါကြောင်း မိဘပြည်သူများထံသို့ အသိပေးပန်ကြားအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

*❂ ကျောဖုံးမှ*

ပြိုင်ပွဲကာလမှာ လေးလကြာမြင့်မည်ဖြစ်ပြီး ယခု မေ ၁၈ ရက်မှ ဩဂုတ် ၁၈ ရက်အထိ ကစားရမည်ဖြစ်သည်။

Chinese 8 Ball ကစားနည်းသည် တရုတ်နိုင်ငံ၏ လူအကြိုက်အများဆုံး ကစားနည်းဖြစ်ပြီး ကစားသမားပေါင်း ထောင်ချီ၍ရှိကြောင်း သိရသည်။

ယခုပြိုင်ပွဲသည် ထိုကစားသမား မြောက်မြားစွာထဲမှ ထိပ်တန်းကစားသမား ရှစ်ဦးကိုသာ ရွေးချယ်ယှဉ်ပြိုင်စေသည့် ပြိုင်ပွဲဖြစ်သည်။

“ဒီကစားနည်းက တရုတ်လူမျိုးတွေရဲ့ အသည်းခိုက် ကစားနည်းဗျ။ ဒါ့ကြောင့် တရုတ်နိုင်ငံမှာ ဒီကစားနည်းကို ကစားနေတဲ့ ကစားသမား အရေအတွက်ကလည်း ထောင်ဂဏန်း ရှိတယ်။ အဲဒီအထဲကမှ Top 8 ကစားသမားတွေ ပြိုင်ရမှာ။ Top 8 ကစားသမားတွေထဲမှာ အားတီးပါတာ ဘယ်လောက် ဝမ်းမြောက်ဂုဏ်ယူစရာကောင်းလဲ။ ကျွန်တော် အားတီးအတွက်ရော၊ ကျွန်တော်တို့နိုင်ငံနဲ့ လူမျိုးအတွက်ရော၊ ပြီးတော့ ဘိလိယက်နဲ့ စနူကာအဖွဲ့ချုပ်အတွက်ပါ ဂုဏ်ယူလို့မဆုံးဘူး။ သွားရေးလာရေး အခြေအနေတွေ ပြန်ကောင်းခဲ့မယ်ဆိုရင် တစ်ပွဲလောက် သွားကြည့်အားပေးမယ်လို့ စဉ်းစားထားတယ်” ဟု မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က ပြောသည်။ **အာကာစိုး**

## တောမဲ့မြေသား၊ ရေတိုက်စား၏

*စာမျက်နှာ ၁၀ မှ*

**ကြည်စိုးထွန်း။** ။ကောင်းတယ်အဘ၊ကောင်းပါတယ်၊ ကောင်းပါတယ်။

**ဒိုင်ဗင်တင်လှ။** ။မနက်ဘုရားရှိခိုး၊ည ဘုရားရှိခိုး။

**ကြည်စိုးထွန်း။** ။ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဒါဖြင့်ရင်တော့ အဘရဲ့ အတွေ့အကြုံပေါ်မှာ မူတည်ပြီးတော့ပြောရရင် အဘ ဟာ အရက်မသောက်ဘူး။ မိန်းမလည်း မလိုက်စားဘူး၊ နောက် ဆေးလိပ်လည်း မသောက်ဘူး။ အဲဒီအတွက် အဘက ဒီလို အသက်ရှည်ရှည်လေး နေရတယ်ဆိုတာ ကျွန်တော်သိရတော့ နောင် အခုတက်လာတဲ့ မင်းသားတွေပေါ့နော်၊ သရုပ်ဆောင်တွေ ပြောချင်တာပေါ့နော် ဘာလို့လဲဆိုတော့ အထူးသဖြင့်ပေါ့ ဆေးလိပ်၊ ဆေးလိပ် မသောက်တာ ကောင်းတယ်၊ ဆေးလိပ် သောက်တာ အင်မတန်ဆိုးကျိုးဖြစ်တယ်။

**ဒိုင်ဗင်တင်လှ။** ။နှလုံးမှာ လာရောင်စေတယ်၊ အသည်းဒုက္ခပေးတာပေါ့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ခင်ဗျ အဆုတ်။

**ဒိုင်ဗင်တင်လှ။** ။ ကွမ်းငုံတာက ကွမ်းလေးငုံထွေးလိုက်တာပဲ။ ဘာမှ မဖြစ်ဘူး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အဲဒီတော့အဘရေ အသံတိတ်ထဲမှာဆိုရင် အဘ ‘သူပုန်မ’တို့။

**ဒိုင်ဗင်တင်လှ။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ ‘စောရသက်ပြင်း’။

**ဒိုင်ဗင်တင်လှ။** ။ ‘စောရလက်ဝဲ’

**ကြည်စိုးထွန်း။** ။ အမ်း ‘စောရလက်ဝဲ’ ‘ချစ်ဘေးဒဏ်’။

**ဒိုင်ဗင်တင်လှ။** ။ ‘ချစ်ဘေးဒဏ်’။

**ကြည်စိုးထွန်း။** ။ တွဲရတဲ့မင်းသမီးတွေ ကြည့်လိုက်တဲ့အခါကျတော့။

**ဒိုင်ဗင်တင်လှ။** ။ မေ့ကုန်ပြီ။

**ကြည်စိုးထွန်း။** ။အဲဒီအထဲမှာ ထူးခြားတဲ့ မင်းသမီး တစ်ယောက်ပါတယ်၊ သူကဘယ်သူလဲဆိုတော့ ခင်စန်းရီလို့ခေါ်တဲ့ ဝင်နီ။

**ဒိုင်ဗင်တင်လှ။** ။ ဝင်နီ၊ ဝင်နီ သူက ကပြား။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ သူ့ကို တော်တော်များများ ကျွန်တော်တွေ့ခဲ့ဖူးတယ်လေ၊ နောက်ကျတော့ သူကရုပ်ရှင်ထဲက ထွက်ပြီးတော့ ကျောင်းဖွင့်တယ်။ သူက ကျောင်းဖွင့်တဲ့ဟာလေး ကျွန်တော်သွားတွေ့တယ်။

**ဒိုင်ဗင်တင်လှ။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ ဒိုင်ဗင်ထိုးရတဲ့အခါမှာ တစ်ခါတစ်ခါကျရင် အခက်အခဲမတွေ့ဘူးလား၊ ဥပမာ ဒိုင်ဗင်ထိုးလိုက်တယ်။ ကိုယ်မှန်းသလို နေရာကိုမရောက်ဘဲနဲ့ မမှန်းတဲ့နေရာကို ရောက်ပြီးတော့ သတိမေ့သွားတာတို့၊ ဒဏ်ရာရသွားတာတို့ မဖြစ်ဖူးဘူးလား။

**ဒိုင်ဗင်တင်လှ။** ။ မဖြစ်ဖူးဘူး၊ သူ့ဟာနဲ့သူ လုပ်သွားတာ။

**ကြည်စိုးထွန်း။** ။ အတိအကျပဲလား။

**ဒိုင်ဗင်တင်လှ။** ။ အတိအကျ အလုပ်လုပ်ရတယ်။

**ကြည်စိုးထွန်း။** ။ ဩော် တကယ်လို့မြေကြီးပေါ်မှာ။

**ဒိုင်ဗင်တင်လှ။** ။ ရေတိမ်တယ်ဆိုရင် ထိုးပြီးတော့ roll လုပ်လိုက်ရတာ။

**ကြည်စိုးထွန်း။** ။ ဩော် ရေတိမ်ရင်။

**ဒိုင်ဗင်တင်လှ။** ။roll လုပ်တော့ကျောနောက်က အသားဖြစ်သွားတယ်။

**ကြည်စိုးထွန်း။** ။ ကျောနဲ့ပဲကျတယ်။

**ဒိုင်ဗင်တင်လှ။** ။ နို့မို့ ခေါင်းနဲ့၊ မြေကြီးနဲ့ ဆောင့်မိမယ်။

**ကြည်စိုးထွန်း။** ။ ဩော် ခေါင်းနဲ့၊ မြေကြီးနဲ့ စိုက်။

**ဒိုင်ဗင်တင်လှ။** ။ ရေတိမ်မှာဆို roll လုပ်လိုက်ရတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။ ကျောနဲ့ကျတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။ အဲဒီလိုလုပ်ရတယ်။

**ကြည်စိုးထွန်း။** ။အဲဒီလိုစိုက်ပြီးတော့ သေခဲ့တဲ့ လူတွေလည်းရှိတယ်နော်။ အဲဒီလို မြေကြီးထဲကို စိုက်ပြီးတော့ ပေါ်မလာဘဲနဲ့ သေခဲ့တဲ့ စတန့်သမားတွေလည်း ရှိတယ်နော်။

**ဒိုင်ဗင်တင်လှ။** ။ တချို့လည်းရှိတယ်။

**ကြည်စိုးထွန်း။** ။ တချို့လည်း ဇက်ကျိုးပြီးတော့လေ၊ အဲဒီတော့ အင်းလျားကန်မှာသွားပြီးတော့ ဒိုင်ဗင်လေ့ကျင့်တဲ့အခါမှာ အဲဒီတုန်းက အဘနဲ့ အတူတူလေ့ကျင့်တဲ့ လူတွေရှိလား။

**ဒိုင်ဗင်တင်လှ။** ။ ဒိုင်ဗင်သိန်းတို့ ဘာတို့ဆိုတာရှိတယ်။

**(ဆက်လက်ဖော်ပြပါမည်)**



ရဲချစ်၊ ဒိုင်ဗင် တင်လှ

# ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ယခုနှစ်ကုန်တွင် ကမ္ဘာ့စီးပွားရေး ၁ ရာခိုင်နှုန်းအထိ ကျုံ့လာနိုင်

ဂျီနီဗာ ဧပြီ ၃

**ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးသည် ၂၀၂၀ ပြည့်နှစ်တွင် ၁ ရာခိုင်နှုန်းအထိ ကျုံ့လာနိုင်ကြောင်းနှင့် စီးပွားရေးလုပ်ဆောင်ချက်များတွင် ဘဏ္ဍာငွေလုံလောက်မှုမရှိဘဲ ကန့်သတ်မှုများတိုးချဲ့လိုက်သောကြောင့် ကမ္ဘာ့စီးပွားရေး ပိုမို ကျုံ့လာနိုင်ကြောင်း ကုလသမဂ္ဂ၏ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။**

ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ နီးပါး နယ်စပ်များပိတ်လိုက်သည့်အတွက် အလုပ်သမားသန်းပေါင်းများစွာ အလုပ်ဆုံးရှုံးနိုင်သည့်အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်ကြောင်း အဆိုပါဌာနက ဆက်လက်ပြောကြားလိုက်သည်။ အဆိုပါပုံစံအတိုင်း ဆက်လက်ဖြစ်ပွားနေပါက ကမ္ဘာ့စီးပွားရေးသည် ၂၀၂၀ နှစ်ကုန်တွင် ၀ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျုံ့သွားနိုင်ကြောင်း၊ အကယ်၍အစိုးရအနေဖြင့် ထောက်ပံ့မှု မလုပ်ဆောင်နိုင်သလို စားသုံးမှုတိုးတက်အောင် မလုပ်ဆောင်နိုင်ပါက ယခုထက်ပိုမိုဆိုးရွားလာနိုင်ကြောင်း ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဌာနက ဆက်လက်ခန့်မှန်းထားသည်။

ကြိုတင်ခန့်မှန်းချက်အရ ဥရောပနှင့် မြောက်အမေရိကတို့တွင် သွားလာမှုများကန့်သတ်ခြင်းက ဝန်ဆောင်မှုကဏ္ဍများကို ဆိုးရွားစွာ ထိခိုက်လာနိုင်ကြောင်း၊ အထူးသဖြင့် ဝယ်ယူသူများနှင့် တိုက်ရိုက်ထိတွေ့မှု လုပ်ဆောင်ရသည့် စက်မှုလုပ်ငန်းများအနေဖြင့် ပိုမိုအခက်အခဲဖြစ်နိုင်ကြောင်း သတင်းရရှိသည်။ အဆိုပါစက်မှုလုပ်ငန်းများသည် လေးပုံပုံ တစ်ပုံထက်ပိုမိုများပြားလာနိုင်ကြောင်း သိရသည်။

စီးပွားရေးလုပ်ငန်းများတွင် ဝင်ငွေများ လျော့နည်းလာပါက အလုပ်လက်မဲ့နှုန်းသည် သိသိသာသာမြင့်တက်လာနိုင်ကြောင်းနှင့် ကိုဗစ် -၁၉ ကြောင့် ဆိုးရွားစွာထိခိုက်မှု၏ အကျိုးဆက်များသည် ကန့်သတ်ပိတ်ဆို့မှု မည်မျှကြာမည်ဆိုသည့်အပေါ် မူတည်ကြောင်း သိရသည်။

ဆင်ဟွာ



မတ် ၂၃ ရက်က အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီအနီး ခြောက်ကပ်နေသော လမ်းမကြီးပေါ်တွင် လမ်းသွားလမ်းလာနှစ်ဦးကို တွေ့ရစဉ်။

# ချားစ်မင်းသား ခုတင် ၄၀၀၀ ဆံ့ ယာယီကွင်းပြင်ဆေးရုံ ဖွင့်လှစ်

လန်ဒန် ဧပြီ ၃

ချားစ်မင်းသားသည် ခုတင် ၄၀၀၀ ဆံ့ ယာယီကွင်းပြင်ဆေးရုံကို လန်ဒန်အရှေ့ပိုင်းတွင် ဖွင့်လှစ်ပေးခဲ့ကြောင်းနှင့် ယင်းဆေးရုံသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုကို ကိုင်တွယ်ရန် လက်ရှိအကောင်အထည်ဖော်မှုများထဲမှ ပထမဆုံးတစ်ခုဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၃ ရက်က ဖော်ပြလိုက်သည်။

နိုင်ငံတော်အဆင့် အမျိုးသားစောင့်ရှောက်ရေးဆေးရုံကို ၁၉ ရာစုက ထင်ရှားကျော်ကြားခဲ့သော သူနာပြုဆရာမလေး နိုက်တင်ဂေးဟု အမည်ပေးခဲ့ပြီး ကိုးရက်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဘုရင်မကြီး အဲလိဇဘတ်-၂ ၏ အကြီးဆုံးသားနှင့် ထီးညွန့်နန်းမွေဆက်ခံသူက အဆိုပါအဆောက်အအုံကို စကော့တလန်မှာ နေထိုင်ရင်း ဗီဒီယိုလင့်ခ်မှတစ်ဆင့် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။




ကိုးရက်ဖြင့် တည်ဆောက်ခဲ့သော လန်ဒန်ယာယီဆေးရုံကို တွေ့ရစဉ်။

အဆိုပါလုပ်ဆောင်မှုတွင် ပါဝင်သူတိုင်းကို ချီးကျူးဂုဏ်ပြုကြောင်း ဖော်ပြပြီး ကိုးရက်အတွင်း မယုံကြည်နိုင်လောက်အောင် လုပ်ဆောင်နိုင်ခဲ့သည်ဟု ချားစ်မင်းသားက ပြောကြားလိုက်သည်။

မိမိအနေဖြင့် လူတိုင်းလူတိုင်း ၎င်းတို့လိုအပ်သော ဂရုစိုက်စောင့်ရှောက်မှုကို လက်ခံရရှိတော့မည်ဖြစ်ရာ ယုံကြည်စိတ်ချရမှုရရှိပြီ ဖြစ်ကြောင်းနှင့် လူတိုင်း ပုံမှန်ဘဝကို ပြန်လည်ရရှိတော့မည် ဖြစ်ကြောင်း ချားစ်မင်းသားက ဆက်လက် ပြောကြားခဲ့သည်။

နိုက်တင်ဂေးကို မီးအိမ်ရှင်မလေးဟု တင်စားခေါ်ဝေါ်ကြသလို ခေတ်မီသူနာပြုအလုပ်ကို လုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်သောကြောင့် ယခုဆေးရုံကို ထိုကဲ့သို့ နာမည်ပေးခဲ့ခြင်းက အထူးသင့်လျော်သည်ဟု ယူဆကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

အေအက်ဖ်ပီ

## စပိန်တွင် ကိုဗစ်-၁၉ ကူးစက်မည်စိုးသဖြင့် ကလေးနှင့်မိခင်ကို သီးခြားစောင့်ကြည့်မှုပြုလုပ်

မက်ဒရစ် ဧပြီ ၃

ကိုဗစ်-၁၉ ကြောင့် သေဆုံးမှု အများဆုံးဖြစ်ပွားရာ စပိန်နိုင်ငံတွင် ပထမဆုံး ကလေးမွေးဖွားပြီး ၁၀ ရက်ကြာပြီးနောက် ကိုဗစ် -၁၉ အတည်ပြုမိခင်အား ကလေး၏အနီးတွင် နေခွင့်မပြုတော့ကြောင်း၊ အဘယ်ကြောင့် ဆိုသော ကလေးအား ကိုဗစ် -၁၉ ကူးစက်မည်ကို စိုးရိမ်သောကြောင့်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဧပြီ ၃ ရက်က ဖော်ပြလိုက်သည်။

### ထိတွေ့ခွင့်မပြု

မိခင်ဖြစ်သူက ကလေးနှင့်နေချင်သော်လည်း ၎င်းနှင့် ၎င်း၏ခင်ပွန်းကိုပါ အသွားအလာကန့်သတ်ထား သည့်ကာလအတွင်း ကိုင်တွယ်ထိတွေ့ခွင့်မပြုထားကြောင်း သိရသည်။

လူပေါင်း ၁၀၀၀၀ ကျော် ကိုဗစ်-၁၉ ကြောင့်သေဆုံးခဲ့သော စပိန်နိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်မှုအများဆုံးဖြစ်ပွားသည့်နေရာရှိ နေအိမ်မှ ဗန်နစ်ဆာမူရိုက ကလေးနှင့် ခွဲနေရသည်မှာ အလွန်ပင်ခက်ခဲသည်ဟု ပြောကြားလိုက်သည်။

### သီးသန့်ခွဲခြား

နောက်ဆုံးတွင် ၇ ပေါင် ၉ အောင်စရှိသော ကလေးကိုမွေးဖွားနိုင်ခဲ့ပြီး ကလေးတွင် ကိုဗစ်-၁၉ မရှိကြောင်း စမ်းသပ်အတည်ပြုပြီးချိန်အထိ တခြား ကလေးများနှင့် သီးသန့်ခွဲခြားထားမည်ဖြစ်သည်။

အေအက်ဖ်ပီ

# ကိုဗစ်-၁၉ ရောဂါ တားဆီးထိန်းချုပ်ရန် အင်ဒိုနီးရှားအကျဉ်းထောင်မှ အကျဉ်းသား ၁၈၀၀၀ ခန့် လွှတ်ပေး

ဂျကာတာ ဧပြီ ၃

ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားမှုကို တားဆီးထိန်းချုပ်ရန် အင်ဒိုနီးရှားနိုင်ငံ၏ မွန်းကျပ်မှုဖြင့် ကျော်ကြားလှသော အကျဉ်းထောင်မှ အကျဉ်းသား ၁၈၀၀၀ ခန့်ကိုလွှတ်ပေးလိုက်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက မကြာသေးမီတွင် ပြောကြားလိုက်သည်။

ကူးစက်ရောဂါများ အလွယ်တကူ ဖြစ်ပွားနိုင်သလို မသန့်ရှင်းမှုဖြင့် ကျော်ကြားလျက်ရှိသော အဆိုပါ အကျဉ်းထောင်မှ အကျဉ်းသား ၃၀၀၀၀ ကျော် လွှတ်ပေးမည်ဟု သတင်းများ ထွက်ပေါ်လာပြီးနောက် ယခုကဲ့သို့ အကျဉ်းသား ၁၈၀၀၀ ခန့်ကို လွှတ်ပေးလိုက်ခြင်း ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီးက အထူးဂရုစိုက်ရန်လိုအပ်သော အကျဉ်းသားများကို လွှတ်ပေးရန် နိုင်ငံများကို တိုက်တွန်းပြောကြားထားပြီးဖြစ်သလို အာဖဂန်နစ္စတန်က လွန်ခဲ့သော ရက်သတ္တပတ်တွင် အကျဉ်းသား ၁၀၀၀၀ ကို လွှတ်ပေးခဲ့သည်။

မိမိတို့၏ ရည်ရွယ်ချက်သည် အကျဉ်းသား စုစုပေါင်း ၃၀၀၀၀ ကို လွှတ်ပေးရန်ဖြစ်ကြောင်း အကျဉ်းဦးစီးဌာန ပြောရေးဆိုခွင့်ရှိသူ ရီကာအပရီရန်တီက ပြောသည်။

ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် ကိုဗစ်-၁၉ ဘေးအန္တရာယ်ကို ကာကွယ်သည့် လုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်း သိရသည်။

အစိုးရ၏ အကျဉ်းသားလွှတ်ပေးမှုအမိန့်တွင် သုံးပုံပုံ နှစ်ပုံခန့်ထိ ထောင်ထဲတွင် သက်တမ်းကုန်ဆုံးမည့် နှစ်ကြီးထောင်သားများ၊ အကျင့်ပျက် လူငယ်ထောင်သားများလည်း ပါဝင်ကြောင်း သိရသည်။

ထောင်သားများကို အိမ်တွင် မိမိကိုယ်တိုင် သီးသန့်ခွဲခြားနေထိုင်ရန် တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

အေအက်ဖ်ပီ




မတ် ၃၁ ရက်က ဂျကာတာမြို့တွင် အကျဉ်းသားများ မိသားစုများနှင့် အွန်လိုင်းဖုန်းပြောဆိုနေသည်ကို တွေ့ရစဉ်။

## ကိုဗစ်-၁၉ ကို ဟန့်တားနိုင်ရန် ကမ္ဘာတစ်ဝန်း အသုံးပြုသူ တည်နေရာပြ အချက်အလက်များကို ဂူဂဲလ်က ဖော်ပြတော့မည်

လန်ဒန် ဧပြီ ၃

ကမ္ဘာတစ်ဝန်း အသုံးပြုသူ တည်နေရာပြအချက်အလက်များကို ဧပြီ ၃ ရက်မှစပြီး စတင်ထုတ်ပြန်ကြေညာတော့မည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းမှာ ကမ္ဘာတစ်ဝန်းရှိ အစိုးရများကို တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်သည့် ထိရောက်သော ဆောင်ရွက်မှုများကို ကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် အကူအညီပေးနိုင်မည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်မှုကို ဟန့်တားနိုင်မည်ဖြစ်ကြောင်း ဂူဂဲလ်က ပြောကြားလိုက်သည်။

နိုင်ငံပေါင်း ၁၃၁ နိုင်ငံမှ အသုံးပြုသူများ၏ ဆောင်ရွက်မှုများနှင့် ပတ်သက်သည့် ဖော်ပြချက်များကို အထူးဝက်ဘ်ဆိုက်တွင်ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် လှုပ်ရှားမှုများကို ပထဝီဝင်အနေအထားအားဖြင့် လမ်းကြောင်းများမှတ်သားနိုင်မည်ဖြစ်ကြောင်း ဂူဂဲလ်ဘလော့ဂ်တစ်ခုတွင် တင်ထားသော ဖော်ပြချက်အရ သိရသည်။

ပန်းခြံများ၊ ဆိုင်များ၊ အိမ်များ၊ အလုပ်နေရာများကဲ့သို့သော လှုပ်ရှားဆောင်ရွက်မှုလမ်းကြောင်းများကို ရာခိုင်နှုန်းအနည်းအများဖြင့် ဖော်ပြသွားမည်ဖြစ်ကြောင်းနှင့် အတိအကျ ဖော်ပြနိုင်မည်မဟုတ်ကြောင်း ဂူဂဲလ်မြေပုံကိုတီထွင်သူ ဂျန်ဖစ်ဇ်ပက်ထရစ် လက်မှတ်ရေးထိုးထားသော အဆိုပါ ပို့စ်တွင် ရေးသားဖော်ပြထားသည်။

အေအက်ဖ်ပီ

# ပြည်တွင်းရှိ စက်မှုလုပ်ငန်းများ အသက်ရှူအထောက်အကူပြုကိရိယာထုတ်လုပ်ရန် သမ္မတထရမ့်အမိန့်ထုတ်ပြန်

**ဝါရှင်တန် ဧပြီ ၃**

ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်နေချိန်အတွင်း ပြည်တွင်းရှိ စက်မှုလုပ်ငန်းများအနေဖြင့် အသက်ရှူအထောက်အကူပြုကိရိယာများ ထုတ်လုပ်ပေးနိုင်ရေး အမိန့်တစ်ရပ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ပြည်တွင်း၌ ဗိုင်းရပ်စ်ကူးစက်မှု အရှိန်မြင့်နေသည့်အတွက် ဆေးရုံများ၌ အသက်ရှူအထောက်အကူပြုကိရိယာများနှင့် အခြားသောဆေးဝါးကုသမှုဆိုင်ရာ ကိရိယာများ မလုံလောက်မှုကို ရင်ဆိုင်နေရသည့်အတွက် သမ္မတထရမ့်က အဆိုပါအမိန့်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ နယူးယောက်အုပ်ချုပ်ရေးမှူး အန်ဒူးကူအိုမိုက အကယ်၍သာ ရောဂါကူးစက်မှု ဆက်လက်မြင့်တက်နေဦးမည်ဆိုပါက ပြည်နယ်အတွင်း၌ အသက်ရှူအထောက်အကူပြုကိရိယာများ ခြောက်ရက်စာအတွက်သာ လောက်ငတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဧပြီ ၂ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ သမ္မတထရမ့်က ပြည်တွင်းစက်မှုလုပ်ငန်းများ အနေဖြင့် ကိုဗစ် – ၁၉ ကို တိုက်ဖျက်ရန် လိုအပ်သည့် အသက်ရှူအထောက်အကူပြုကိရိယာများ လုံလုံလောက်လောက် ထုတ်လုပ်ပေးနိုင်ရန်အတွက် ကာကွယ်ရေးဆိုင်ရာ ပစ္စည်းထုတ်လုပ်မှုဥပဒေက အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ကြောင်း သမ္မတထရမ့်က ပြောကြားခဲ့သည်။

ကာကွယ်ရေးဆိုင်ရာ ပစ္စည်းထုတ်လုပ်ရေးဥပဒေကို ကိုရီးယားစစ်ပွဲစတင်ဖြစ်ပွားသည့် ၁၉၅၀ ပြည့်နှစ်တွင် စစ်ပွဲအတွက် လိုအပ်သည့် ပစ္စည်းကိရိယာများ လုံလောက်မှုရှိစေရေးအတွက် စတင်ပြဋ္ဌာန်းခဲ့သည်။ ထို့အပြင် ထရမ့်က ၎င်းအနေဖြင့် ကိုဗစ် – ၁၉ ကူးစက်ခံရခြင်း ရှိမရှိ ဒုတိယအကြိမ်စစ်ဆေးမှု ခံယူခဲ့ကြောင်းနှင့် ဗိုင်းရပ်စ်ကူးစက်ခံရမှုမရှိဟု ရလဒ်ထွက်ပေါ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသားများ အပါအဝင် ပြည်ပနိုင်ငံသားများအားလုံးကို ဂျပန်က ပြည်တွင်းဝင်ရောက်ခွင့် ပိတ်ပင်မှုနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာတွင် သမ္မတထရမ့်က ဂျပန်မှ ထိုသို့ဆုံးဖြတ်ခဲ့ခြင်းမှာ ကောင်းမွန်ကြောင်း၊ ၎င်းတို့က ကိုယ့်နိုင်ငံကို ကာကွယ်ရန် ကြိုးပမ်းနေသကဲ့သို့ အမေရိကန်သည်လည်း ကိုယ့်နိုင်ငံကို ကာကွယ်ရန် ကြိုးပမ်းနေကြောင်း၊



ဂျပန်အစိုးရက ပြည်ဝင်ခွင့်ပိတ်ပင်သကဲ့သို့ပင် မိမိတို့ကလည်း အလားတူဆောင်ရွက်ရန် ပြင်ဆင်နေကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၁၀၀၀၀ ကျော်ရှိ

**ဆိုးလ် ဧပြီ ၃**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ် – ၁၉ ထပ်မံကူးစက်ခံရသူ ၈၆ ဦး ပေါ်ထွက်လာပြီးနောက် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၁၀၀၀၀ ကျော် ရှိသွားပြီဖြစ်ကြောင်း ဧပြီ ၃ ရက်တွင် အတည်ပြုခဲ့သည်။

တောင်ကိုရီးယား ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာန၏ဖော်ပြချက်အရ ရောဂါကူးစက်ခံရသူ အရေအတွက်သည် ၁၀၀၆၂ ဦး ရှိပြီဖြစ်ကြောင်း၊ သေဆုံးသူငါးဦး ထပ်မံပေါ်ထွက်လာပြီးနောက် သေဆုံးသူအရေအတွက် ၁၇၄ ဦးအထိ မြင့်တက်လာခဲ့ကြောင်း၊ စုစုပေါင်း သေဆုံးမှုပမာဏသည် ရာခိုင်နှုန်းအားဖြင့် ၁ ဒသမ ၇၃ ရှိကြောင်း သိရသည်။



ဆိုးလ်မြို့အတွင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရန် ဆေးဖျန်းခြင်းဆောင်ရွက်နေစဉ်။

လက်ရှိတွင် သီးသန့်စောင့်ကြည့်မှုဆောင်ရွက်နေသည့် သံသယလူနာပေါင်း ၁၉၃ ဦးကို အခြေအနေကောင်းမွန်သည့်အတွက် ပြန်ခွင့်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်အစိုးရက ကိုဗစ် - ၁၉ ကြောင့် ထိခိုက်နစ်နာသည့် ကုမ္ပဏီများကို ငွေကြေးအကူအညီပေးအပ်မည်

**တိုကျို ဧပြီ ၃**

ကိုဗစ် – ၁၉ ကပ်ရောဂါကျရောက်မှုကြောင့် ထိခိုက်နစ်နာခဲ့သည့် ကုမ္ပဏီများကို ဂျပန်အစိုးရက ငွေကြေးအရအကူအညီပေးမှုကိုတိုးမြှင့်ရန် ပြင်ဆင်နေကြောင်း သိရသည်။

ဂျပန်နိုင်ငံရှိ အစိုးရနှင့်ဆက်စပ်နေသည့် ဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် အကြီးစားကုမ္ပဏီများနှင့် အလယ်အလတ်အဆင့်ကုမ္ပဏီများထံမှ ရှယ်ယာများဝယ်ယူမည်ဖြစ်ကြောင်း အစိုးရက ပြောကြားခဲ့သည်။

ကုမ္ပဏီကြီးများသို့ ဂျပန်ယန်းငွေ ၄၀၀ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံ အထိ ငွေကြေးအကူအညီပေးအပ်မည်ဟု ခန့်မှန်းရကြောင်းသိရသည်။

ယင်းပမာဏတွင် စီးပွားရေးဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများက ထုတ်ပေးသည့် ချေးငွေများလည်း ပါဝင်သည်ဟု ဆိုသည်။

အစိုးရအနေဖြင့် လာမည့်ရက်သတ္တပတ်တွင် ဖွဲ့စည်းရန်ပြင်ဆင်နေသည့် အရေးပေါ်ရန်ပုံငွေအစီအစဉ်၌ စတော့ရှယ်ယာဝယ်ယူမည့်အစီအစဉ်ကို ထည့်သွင်းဖွယ်ရှိကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ**

## ဗိုင်းရပ်စ်ကူးစက်မှုအကြီးအကျယ်ဖြစ်ပွားနေသည့် အီရန်သို့ ဥရောပသုံးနိုင်ငံက ဆေးပစ္စည်းတင်ပို့

**တီဟီရန် ဧပြီ ၃**

ကိုဗစ် – ၁၉ ကူးစက်မှုအပြင်းအထန်ဖြစ်ပွားနေသည့် အီရန်နိုင်ငံသို့ ဗြိတိန်၊ ပြင်သစ်နှင့်ဂျာမနီနိုင်ငံများက ဆေးပစ္စည်းများ တင်ပို့ခဲ့ကြောင်း သိရသည်။

Instex ဟုခေါ်သည့် နည်းလမ်းဖြင့် ငွေပေးချေမှု ပြုလုပ်ပြီးဖြစ်ကြောင်းနှင့် အဆိုပါနည်းအရ အီရန်နှင့် ကုန်သွယ်ရေးလုပ်ဆောင်ရာတွင် ယူရိုငွေကိုအခြေခံသည့် ငွေပေးချေမှုပြုလုပ်လျှင် အမေရိကန်က အီရန်အပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း သိရသည်။ ဧပြီ ၁ ရက်က ပြုလုပ်ခဲ့သည့် အစိုးရအဖွဲ့အစည်းအဝေး၌ တစ်ကမ္ဘာလုံး၌ အကျပ်အတည်းကျရောက်နေသည့်ကာလတွင် အမေရိကန်သည် မည်သည့်အရာက အရေးကြီးသည်ကို နားလည်သဘောပေါက်ခြင်းမရှိကြောင်း အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက ပြောကြားခဲ့သည်။

အီရန်၌ ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၄၇၅၉၃ ဦးရှိကြောင်း အတည်ပြုထားပြီး သေဆုံးသူ ၃၀၃၆ ဦးရှိသည်။ နိုင်ငံအတွက် လိုအပ်နေသည့် ဆေးဝါးနှင့် ဆေးပစ္စည်းများ ဝယ်ယူရာတွင် အမေရိကန်၏ အရေးယူပိတ်ဆို့ထားမှုများကြောင့် အခက်တွေ့လျက်ရှိကြောင်း အီရန်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**



အီရန်သမ္မတ ဟက်ဆန်ရိုဟာနီ

# အမေရိကန်ရေတပ်က ယူအက်စ်အက်စ်သီအိုဒိုရုစဗဲ့ လေယာဉ်တင်သင်္ဘော ကပ္ပတိန်ကို တာဝန်ရပ်ဆိုင်း

**ဝါရှင်တန် ဧပြီ ၃**

ကိုဗစ် – ၁၉ ကူးစက်မှုဖြစ်ပွားခဲ့သည့် အမေရိကန် လေယာဉ်တင်သင်္ဘောပေါ်မှ သင်္ဘောအမှုထမ်းများကို ကယ်ဆယ်ရွှေ့ပြောင်းပေးရန် အကူအညီတောင်းခဲ့သည့် သင်္ဘောကပ္ပတိန်ကို အမေရိကန်ရေတပ်က တာဝန်မှ ရပ်ဆိုင်းလိုက်ကြောင်းသိရသည်။

သင်္ဘောကပ္ပတိန် ဘရက် ခရိုဇီယာသည် စစ်ဘက်အကြီးအကဲများထံသို့ အကူအညီတောင်းခံသည့်အနေဖြင့် ပေးပို့ခဲ့သည့် ၎င်း၏စာကို ကော်ပီပြုလုပ်ကာ လူအများအပြားသို့ ပေးပို့ခဲ့သည့်အတွက် ၎င်းကို တာဝန်မှ ရပ်ဆိုင်းလိုက်ခြင်း ဖြစ်ကြောင်း ရေတပ်အကြီးအကဲ သောမတ်စ်မော့ဒလီက ဧပြီ ၂ ရက်တွင်ပြောကြားခဲ့သည်။ သင်္ဘောကပ္ပတိန်သည် ကျောက်ချရပ်နားထားသည့် သီအိုဒိုရုစဗဲ့သင်္ဘောပေါ်မှ အမှုထမ်းများကို အမြန်ဆုံးကယ်ဆယ်ရန် အကြီးတန်းအာဏာပိုင်များသို့ စာပို့ခဲ့ကြောင်း မီဒီယာများက ဖော်ပြခဲ့သည်။

ခရိုဇီယာသည် ၎င်း၏အထက်အရာရှိသို့ သတင်းမပို့ဘဲ၊ ကြိုတင်ညှိနှိုင်းတိုင်ပင်ခြင်းမရှိဘဲ အဆိုပါ



အမေရိကန်ရေတပ်ဖွဲ့အကြီးအကဲ သောမတ်စ်မော့ဒလီ

အကူအညီတောင်းသည့် စာကို အီးမေးလ်မှတစ်ဆင့် လူအများအပြားသို့ ပေးပို့ခဲ့ကြောင်း မော့ဒလီက ပြောသည်။ ထို့အပြင် ခရိုဇီယာသည် အဆိုပါအီးမေးလ်ကို ဌာနတွင်းအဖွဲ့အစည်းနှင့် မသက်ဆိုင်သူများ အပါအဝင် လူအများအပြားသို့ ပေးပို့ခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ အဆိုပါစစ်သင်္ဘောပေါ်တွင် ၎င်း၏ ဦးဆောင်နိုင်စွမ်းအပေါ် အယုံအကြည်ကင်းမဲ့ခဲ့ရကြောင်း ရေတပ်အကြီးအကဲက ပြောကြားခဲ့သည်။ ယခုအခါ ဂူအမ်၌ ကျောက်ချရပ်နားထားသည့်ယူအက်စ်အက်စ်သီအိုဒိုရုစဗဲ့သင်္ဘောပေါ်၌ ကိုဗစ် – ၁၉ ကူးစက်ခံထားရသည့် သင်္ဘောသား ၁၁၄ ဦးထက် မနည်းရှိကြောင်း သိရသည်။ သင်္ဘောပေါ်ရှိ လူ၂၇၀၀ ကို ဂူအမ် ရှိ ဟိုတယ်များတွင် သီးသန့်စောင့်ကြည့်မှုများ လုပ်ဆောင်ရန် ရေတပ်က စီစဉ်နေကြောင်း သိရသည်။ **အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### တရုတ်နိုင်ငံက အဇာဘိုင်ဂျန်နိုင်ငံကို ကိုဗစ်-၁၉ စမ်းသပ်ကိရိယာများ လှူဒါန်း

ဘာကူ မေ ၃

ကိုဗစ်- ၁၉ ကပ်ရောဂါတိုက်ဖျက်မှုတွင် အဇာဘိုင်ဂျန်နိုင်ငံသည် တရုတ်အစိုးရ၏ ကိုဗစ် - ၁၉ စမ်းသပ်စစ်ဆေးမှုကိရိယာပေါင်း ၅၀၀၀ လှူဒါန်းမှုကို လက်ခံရရှိခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားလိုက်သည်။

အဇာဘိုင်ဂျန် ဒုတိယနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ရာမစ်ဇ် ဟက်ဇာနော့ဗ်က တရုတ်အစိုးရ၏ လှူဒါန်းမှုကို ကျေးဇူးတင်ကြောင်း ပြောကြားလိုက်သည်။

ယခုလို လှူဒါန်းမှုသည် နှစ်နိုင်ငံ ချစ်ကြည် ရင်းနှီးမှုပြယုဂ်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

အဇာဘိုင်ဂျန်နိုင်ငံသည် တရုတ်ပြည်သူများနှင့် တစည်းတလုံးတည်းရှိကြောင်းနှင့် ကိုဗစ်-၁၉ ကိုတိုက်ဖျက်ရာတွင် အတူတကွပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

အဇာဘိုင်ဂျန် နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဂူမင်ကလည်း ယခုလို လှူဒါန်းမှုပြုခြင်းသည် နှစ်နိုင်ငံအကြား နက်နဲမှုပြယုဂ်ပင်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် အဇာဘိုင်ဂျန်သို့ ဒုတိယအကြိမ် လှူဒါန်းမှုများလည်း ပေးပို့သွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားလိုက်သည်။

ဆင်ဟွာ

### ယူအေအီးတွင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၀၂၄ ဦးရှိ

ဒူဘိုင်း မေ ၃

ယူအေအီးနိုင်ငံတွင် ကိုဗစ် - ၁၉ ထပ်မံကူးစက်ခံရသူပေါင်း ၂၁၀ ရှိကြောင်း၊ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၁၀၂၄ ဦး အထိ မြင့်တက်လာကြောင်း ပြောကြားလိုက်သည်။

ယူအေအီး ကျန်းမာရေးနှင့် ကာကွယ်ရေးဝန်ကြီးက ကိုဗစ် - ၁၉ ကူးစက်ခံရသူများအားလုံး အခြေအနေကောင်းမွန်လျက်ရှိကြောင်းနှင့် ၎င်းတို့အားလုံး ဆေးကုသမှုခံယူလျက်ရှိကြောင်း ပြောကြားလိုက်သည်။

စုစုပေါင်းကိုဗစ်-၁၉ လူနာ ၃၅ ဦးမှာ လုံးဝနေပြန်ကောင်းမွန်လာပြီဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

ယူအေအီးသည် ပင်လယ်ကွေ့နိုင်ငံများတွင် ပထမဆုံး ကိုဗစ်-၁၉ ကူးစက်ခံရသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်လာခဲ့သည်။ ဆင်ဟွာ

# အတည်ပြုလူနာ တစ်သန်းကျော်လာမှုနဲ့အတူ ကမ္ဘာ့လူသားထုကြီးရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိတဲ့ ကိုဗစ် - ၁၉

*ထွန်းသစ်စ*

ကမ္ဘာတစ်ဝန်း ကိုဗစ် - ၁၉ အတည်ပြုလူနာ တစ်သန်း ကျော်လာပြီဖြစ်သလို သေဆုံးသူပေါင်းဟာလည်း ၅၀၀၀၀ အထိ မြင့်တက်လာပြီဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာလည်း တခြားဘယ်နိုင်ငံနဲ့မှ မတူဘဲ တစ်နေ့တည်းသေဆုံးမှုနှုန်း အမြင့်ဆုံးစံချိန် တင်ခဲ့ပါတယ်။ ထို့အတူပဲ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ အသွားအလာကန့်သတ်မှုတွေနဲ့ နေထိုင်နေတာတောင် ကိုဗစ် - ၁၉ က အရှိန်အဟုန်ကောင်းကောင်းနဲ့ ဆက်လက်ပျံ့နှံ့နေပြီး လူတွေရဲ့ အသက်အန္တရာယ်ကို အထိတ်တလန့်ဖြစ်စေခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု၊ စပိန်နဲ့ ဗြိတိန်တို့ဟာ သူတို့ရဲ့ အဆိုးရွားဆုံးရက်တွေကို ဘယ်လိုပဲဖြစ်ဖြစ် ဖြတ်ကျော်နေကြပါတယ်။




အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ဆေးဘက်ဆိုင်ရာဝန်ထမ်းများက ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့သူတစ်ဦးကို ရွှေ့ပြောင်းနေစဉ်။

**"ကိုဗစ်-၁၉ ဟာ အသက်ကြီးသူတွေကိုပဲ ဖြစ်တယ်ဆိုတဲ့ သတ်မှတ်ချက်ဟာ လုံးဝကို မမှန်ကန်ပါဘူး။ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ဟန်းစ်ကလေ့ဂ ပြောကြား"**

### ပိုမိုဆိုးရွားလာဖွယ်ရှိ

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုကြောင့် စီးပွားရေးကုန်ကျစရိတ်တွေဟာ တစ်နေ့ပြီး တစ်နေ့ လုံးပါးပါးလာပါတယ်။ အမေရိကန်ပြည်သူတွေဟာ လွန်ခဲ့တဲ့ရက်သတ္တပတ်က အလုပ်လက်မဲ့ အကျိုးခံစားခွင့်အတွက် မှတ်ပုံတင်ခဲ့ကြပါတယ်။

တစ်ကမ္ဘာလုံး အတိုင်းအတာအနေနဲ့ ကိုဗစ်-၁၉ အခြေအနေကို ရင်ဆိုင်ကြုံတွေ့နေရတဲ့အတွက် အခြေအနေတွေဟာ ပိုမိုဆိုးရွားလာဖွယ်ရှိတယ်လို့ စီးပွားရေးပညာရှင်တွေက ပြောကြားထားပါတယ်။ အဲဒီအခြေအနေအတွက် ဘာမှ အသေအချာပြောလို့ မရသေးဘူးလို့ စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ အီရန် ရှက်ပ်ဟာဆင်က ပြောပါတယ်။

မတ်လနဲ့ ဧပြီလကြား အလုပ်လက်မဲ့ကာလမှာ အမှုထမ်းလစာစုစုပေါင်းစာရင်းဟာ ၁၆ သန်းလောက်မှ သန်း ၂၀ လောက်အထိ ရောက်ရှိနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ တစ်လအတွင်း အလုပ်လက်မဲ့နှုန်းဟာလည်း ၁၃ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်တယ်လို့ သူက ဆက်ပြောထားပါတယ်။

အမေရိကန်နဲ့ ဥရောပဇုန် စီးပွားရေးတွေဟာ အခုလေးလပတ်မှာ ၃၀ ရာခိုင်နှုန်းလောက်အထိ ကျုံ့သွားနိုင်တယ်လို့ ဘဏ္ဍာရေးအဆင့်သတ်မှတ်ချက်အေဂျင်စီဖြစ်တဲ့ ဖစ်ချ်က ဧပြီ ၁ ရက်တွင် ခန့်မှန်းလိုက်ပါတယ်။ ကမ္ဘာ့ခေါင်းဆောင်တွေကလည်း ကိုဗစ်-၁၉ အကျပ်အတည်းနဲ့သက်ဆိုင်တဲ့ မြောက်မြားစွာသော ဘဏ္ဍာရေးအကူအညီပေးရေးအစီအစဉ်တွေကို ကြေညာထားသလို ကမ္ဘာ့ဘဏ်ကလည်း ၁၅ လအတွင်း အရေးပေါ်ငွေလုံးငွေရင်းအမေရိကန်ဒေါ်လာ သန်း ၁၆၀ စတင်ထုတ်ပေးဖို့ အတည်ပြုခဲ့ပါတယ်။

### အိမ်ထဲမှာနေဖို့ အမိန့်ထုတ်

ကမ္ဘာတစ်ဝန်းဖြစ်ပွားတဲ့ ကိုဗစ်-၁၉ အတည်ပြုလူနာ လေးပုံပုံ တစ်ပုံလောက်ကို အမေရိကန်မှာ ကူးစက်ပျံ့နှံ့နေပါတယ်။ ထို့အတူပဲ ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူတွေ အရေအတွက်ဟာလည်း မြင့်တက်လာပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် လွန်ခဲ့တဲ့ ၂၄ နာရီအတွင်း လူပေါင်း ၁၁၀၀ သေဆုံးမှုအပါအဝင် စုစုပေါင်း လူပေါင်း ၆၀၀၀ လောက်သေဆုံးခဲ့တယ်လို့ ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့ စာရင်းအရ သိရပါတယ်။

အိမ်ဖြူတော်ကျွမ်းကျင်သူတွေကတော့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အမေရိကန် ၁၀၀၀၀၀ နဲ့ ၂၄၀၀၀၀ အကြား သေဆုံးနိုင်တယ်လို့ ပြောကြားလိုက်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ၈၅ ရာခိုင်နှုန်းလောက်သော ပြည်သူတွေကို အိမ်ထဲမှာပဲနေဖို့ အမိန့်ထုတ်ပြန်ထားပါတယ်။

အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်ဟာ ကိုဗစ်- ၁၉ စတင်ဖြစ်ပွားတဲ့ ဗဟိုချက်မနေရာလိုဖြစ်နေတဲ့အတွက် မြို့တော်ဝန် ဘီလ်ဒယ်ဘလာစီယိုက ဒေသခံတွေကို အပြင်ထွက်တဲ့အခါ မျက်နှာကိုဖုံးအုပ်ဖို့ တိုက်တွန်းပြောကြားထားပါတယ်။ ထို့အတူ အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်ကလည်း နောင်လာမယ့် ရက်အနည်းငယ်အတွင်း လူထူထပ်တဲ့ နေရာတွေမှာ နှာခေါင်းစည်း အသုံးပြုဖို့ တိုက်တွန်းပြောကြားချင်ပါတယ်လို့ ပြောပါတယ်။

### အသက်အရွယ်မရွေးဖြစ်ပွားနိုင်

ဥရောပဟာ ရက်သတ္တပတ်အတော်ကြာ ကိုဗစ်-၁၉ ကပ်ရောဂါအကျပ်အတည်း ဖြစ်ပွားရာ အဓိကနေရာလိုဖြစ်လာခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုအခြေအနေတွေဟာ အမြင့်ဆုံးဖြစ်လာမယ့်သဘောကို တွေ့ရပါတယ်။ စပိန်နဲ့ ဗြိတိန်တို့မှာတော့ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူဦးရေဟာ ၉၅၀ နဲ့ ၅၆၉ ဦးစီ အသီးသီးဖြစ်ကြပါတယ်။ အီတလီနဲ့ စပိန်နိုင်ငံတို့ဟာ ကမ္ဘာ့ကိုဗစ်-၁၉ ကြောင့် သေဆုံးသူရဲ့ ထက်ဝက်နီးပါးလောက်ကို ရှိပါတယ်။ သို့သော်လည်း ထပ်မံအသစ်ကူးစက်မှုတွေဟာ နှေးကွေးလာတယ်လို့ ကျွမ်းကျင်သူတွေက ပြောကြားထားပါတယ်။

အချက်အလက်တွေဖော်ပြတဲ့ မျဉ်းကွေးဖော်ပြမှုမှာတော့ တည်ငြိမ်နေတာကိုတွေ့ရတဲ့အတွက် နှေးကွေးလာတယ်ဆိုတာ သိသာပါတယ်လို့ စပိန်ကျန်းမာရေးဝန်ကြီး ဆာဗေဒါ အီလာက ပြောပါတယ်။ ကိုဗစ်-၁၉ ဟာ အဓိကအားဖြင့် အသက်ကြီးသူတွေနဲ့ ရောဂါအခံရှိသူတွေကိုသာ ကူးစက်နိုင်ပါတယ်။ သို့သော်လည်း မကြာသေးမီက ကိုဗစ်-၁၉ ကြောင့် သေဆုံးသွားတဲ့ ဖြစ်စဉ်တွေကို ကြည့်ရင် ဆယ်ကျော်သက်တွေလည်း ပါဝင်သလို ခြောက်ပတ်သားလေးတောင်ပါဝင်နေတာကို တွေ့ရတဲ့အတွက် ဘယ်အသက်အရွယ်မဆို ကိုဗစ် - ၁၉ ကို သတိထားဖို့ လိုတယ်ဆိုတာကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။

ကိုဗစ်-၁၉ ဟာ အသက်ကြီးသူတွေကိုပဲ ဖြစ်တယ်ဆိုတဲ့ သတ်မှတ်ချက်ဟာ လုံးဝကို မမှန်ကန်ပါဘူး။ အသက်အရွယ်မရွေးဖြစ်ပွားနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ဟန်းစ်ကလေ့ဂက ပြောကြားလိုက်ပါတယ်။

### အကောင်းဆုံးကြိုးစားနေကြ

တကယ့်ကိုပြင်းထန်တဲ့ ရောဂါတွေဟာ ဆယ်ကျော်သက်တွေနဲ့ သက်လတ်ပိုင်းတွေမှာ ဖြစ်နေတာကို သတင်းဖော်ပြချက်တွေမှာ တွေ့မြင်နိုင်ပါတယ်။ သူတို့ကို အထူးကြပ်မတ်ကုသနေတာတွေ တွေ့မြင်၊ ကြားသိနေရပြီး အဲဒီထဲက အချို့လည်း သေဆုံးကုန်ကြပါတယ်လို့ သူက ဆက်ပြောပါတယ်။

ဗြိတိန်မှာလည်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကိုဗစ်-၁၉ စမ်းသပ်မှုတွေကို ပိုမိုဂရုတစိုက်လုပ်ဆောင်ကြဖို့ ပြောကြားလိုက်ပါတယ်။ ရက်သတ္တပတ်အတော်ကြာ တစ်ရက်ကို လူဦးရေ ၁၀၀၀၀၀ ခန့် ကိုဗစ်- ၁၉ ရှိ မရှိ အတည်ပြုစမ်းသပ်မယ်လို့ ကျန်းမာရေးဝန်ကြီးက ပြောကြားလိုက်ပြီးနောက်မှာတော့ ဘောရစ်ဂျွန်ဆင်က အခုလို ထပ်လောင်း ပြောကြားလိုက်တာ ဖြစ်ပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ဟာ သူ့အစိုးရရဲ့ ကိုဗစ်-၁၉ စမ်းသပ်မှုအများအပြားမလုပ်တဲ့အပေါ် ဝေဖန်ခံနေရပါတယ်။ ထို့အတူ ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်တဲ့နေရာမှာ ရှေ့တန်းကပါဝင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေကို လိုအပ်ချက်တွေ မဖြည့်ဆည်းပေးနိုင်တဲ့အတွက် ဝေဖန်ခံနေရပါတယ်။

ကိုဗစ်-၁၉ ကူးစက်ခံရတဲ့အရေအတွက်ဟာ ၃၅၀၀ အထက် မြင့်တက်လာတဲ့အတွက် ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်က အခပေး အလုပ်မဆင်းရက်တွေကို ဧပြီလကုန်အထိ ထပ်မံတိုးမြှင့်လိုက်ပါတယ်။ ထို့အတူ ရုရှားပြည်သူတွေ အတော်များများဟာလည်း အသွားအလာကန့်သတ်မှုတွေ လုပ်ဆောင်ထားပါတယ်။

ထိုင်းနိုင်ငံမှာလည်း ကိုဗစ်- ၁၉ ကူးစက်ပြန့်ပွားမှုကိုထိန်းချုပ်ဖို့ ညမထွက်ရ အမိန့်ကို ဧပြီ ၃ ရက်မှာ ချမှတ်လိုက်ခြင်းအပါအဝင် တင်းကျပ်တဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကိုချမှတ်ခဲ့ပါတယ်။ အခုဆိုရင် ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်-၁၉ ကို ရင်ဆိုင်ဖို့ အကောင်းဆုံးကြိုးစားနေကြတာကို တွေ့မြင်နေရသဖြင့် မကြာမီအချိန်အတွင်းမှာ ကိုဗစ်-၁၉ ကို တွန်းလှန်နိုင်တော့မယ်ဆိုတဲ့သဘောပဲ ဖြစ်ပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

# ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၄-၂၀၂၀) ရက်နေ့၊ ည (၈) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါရှာဖွေ၍ ထိရောက်စွာကုသမှုပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ လိုအပ်ပါက ဆေးရုံတက်ရောက်ကုသမှုခံယူနိုင်စေရေး ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍သတင်းရယူခြင်း၊ အသွားအလာ ကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်များ ရရှိနိုင်ရေးအတွက် နေ့စဉ်သတင်းထုတ်ပြန်ခြင်း လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၂-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီမှ (၃-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီအထိ စောင့်ကြည့်လူနာအသစ် ၄၆ ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၃-၄-၂၀၂၀) ရက်နေ့၊ ည (၅:၃၀) နာရီ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသော လူနာ (၅၅) ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ လူနာအားလုံး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၉) ဦးအနက် ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် လူနာ (၁) ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၉) ဦး နှင့် မန္တလေး မြို့၊ ကန်တော်နဒီဆေးရုံတွင် လူနာ (၁) ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁) ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံမှ ပြောင်းရွှေ့လူနာ (၁) ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့တွင် ပြည်သူ့ဆေးရုံ၊ ပေါက်ခေါင်းမြို့မှ ပြောင်းရွှေ့လူနာ (၄) ဦး၊ စုစုပေါင်း (၁၇) ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ (၂) ဦးအား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှု ပေးလျက်ရှိပါသည်။

၅။ ယခုအခါ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၃-၄-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀) ဦးခန့် တွေ့ရှိလာရပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအားတိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိသာမက မိမိ၏ မိသားစုနှင့် ပတ်ဝန်းကျင်မှ လူများအတွက်ပါ ရောဂါကူးစက်မှု မရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## နေပြည်တော်ကောင်စီသို့ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးသုံး အထောက်အကူပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် ဧပြီ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့် အထောက်အကူပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်နှင့် ဦးတင်ထွန်း၊ အတွင်းရေးမှူး ဦးနေလင်း၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

လှူဒါန်းပွဲတွင် HUAWEI TECH-NOLOGIES (Yangon) Co.Ltd မှ လှူဒါန်းသည့် တန်ဖိုးငွေကျပ် ၁၈၀၀၀၀၀ ရှိ ဆေးရုံသုံးနှာခေါင်းစည်း ၃၀၀၀၊ နောင်ရိုးနည်းပညာများ Co.Ltd မှ လှူဒါန်းသည့် တန်ဖိုးငွေကျပ် ၁၇၀၀၀၀၀ ရှိ PPE ဝတ်စုံ ၂၀၊ ဆေးရုံသုံးနှာခေါင်းစည်း ၂၀၀၀၊ ကာဘော်လစ် ၅၀၀၊ Linn IT Solution Co.Ltd မှ လှူဒါန်းသည့် တန်ဖိုးငွေကျပ် ၅၁၉၂၅၀၀ ရှိ PPE ဝတ်စုံ ၅၀၀၊ ဆေးရုံသုံးနှာခေါင်းစည်း ၅၀၀၀၊ ဆောက်လုပ်ရေးဝန်ကြီးဌာန (လမ်း/တံတား/ ဆ-ဦ/ ကျေးလက်) နေပြည်တော်ဝန်ထမ်းမိသားစုတို့မှ လှူဒါန်းသည့် တန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ရှိ PPE ဝတ်စုံ ၆၀ တို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက အသီးသီး ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ (ဓါတ်ပုံ)



အဆိုပါ ပစ္စည်းများကို နေပြည်တော်ကောင်စီမှ တစ်ဆင့် နေပြည်တော်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ လိုအပ်သည့်နေရာများတွင် ဖြန့်ဝေအသုံးပြုသွားမည်ဖြစ် ကြောင်း သိရသည်။

ထွန်းထွန်းဝင်း (ပြန်/ဆက်)

## ပြည်မြို့ မြန်မာ့စီးပွားရေးဘဏ်သို့ လာရောက်ကြသူများအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ပြည် ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မြန်မာ့စီးပွားရေးဘဏ်သို့ လာရောက်သည့် ငွေအပ်နှံသူများနှင့် ပင်စင်စားမိဘများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ဘဏ်ဝန်ထမ်းများပူးပေါင်းအဖွဲ့က ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ဧပြီ ၂ ရက်က ဘဏ်သို့ လာရောက်သည့် ငွေအပ်နှံသူများနှင့် ပင်စင်စားမိဘများကို အပူချိန်တိုင်းတာစစ်ဆေးခြင်းနှင့် ပညာပေးဆွေးနွေးဟောပြောခြင်း၊ ဘဏ်ဝင်ပေါက်တွင် ဘဏ်ဝန်ထမ်းများက လက်ဆေးရည်ဖြင့် ဆေးကြောရန်ဆောင်ရွက်ပေးခြင်းနှင့် ဘဏ်အတွင်း/အပြင် ပိုးသတ်ဆေးများဖျန်းခြင်း စသည့် ကိုဗစ် –၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်ခရိုင် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးဝင်းမြင့်ထံမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်နိုင်ရေး တိုင်းဒေသကြီးအတွင်းရှိ စက်ရုံအလုပ်ရုံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် တရုတ်၊ ကိုရီးယားသံရုံးမှ တာဝန်ရှိသူများ၊ တရုတ်၊ ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ CMP စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များနှင့် ဧပြီ ၂ ရက်နှင့် ၃ ရက် မွန်းလွဲ ၁ နာရီ၌ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံခဲ့သည်။ **(ယာပုံ)**



တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က အလုပ်ရှင်၊ အလုပ်သမားများနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင်းဆုံးဖြစ်နိုင်သည့် နည်းလမ်းများ ရွေးချယ်ပြီး ဆောင်ရွက်ရန်ဆွေးနွေးပွဲကိုခေါ်ယူရခြင်းဖြစ်ကြောင်း၊ အလုပ်ရှင်များအခက်အခဲဖြစ်နေမှုများကို သိရှိပါကြောင်း သို့သော်လည်း ယခုရန်ကုန်တွင် ကိုဗစ် – ၁၉ တွေ့ရှိသူ ပေါ်ပေါက်လာပြီဖြစ်၍ စက်ရုံအတွင်းရောဂါ ကူးစက်မှုဖြစ်ပါက စက်ရုံလုပ်ငန်းပိုင်ရှင်များ၊ အလုပ်သမားများနှင့် ၎င်းတို့နှင့်ပတ်သက်ဆက်နွှယ်နေသည့် မိသားစုများ၊ ၎င်းတို့မှတစ်ဆင့် ပြည်သူများသို့ ကူးစက်ပျံ့နှံ့ပါက အဆင်ပြေမည်မဟုတ်သည့်အတွက် ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် စက်ရုံ၊ အလုပ်ရုံများ ယာယီပိတ်သိမ်းရေးနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။

ဆန်းကျော်ဦး ( ပြန် /ဆက်)

# မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေးဆိုင်ရာရန်ပုံငွေ ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်း

**မကွေး ဧပြီ ၃**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး (အောက်ထပ်) အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ ဆေးနှင့် ဆေးပစ္စည်းများ (တတိယအကြိမ်) လှူဒါန်းပေးအပ်ပွဲနှင့် တိုင်းဒေသကြီး အဆင့် ကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်က ကျင်းပသည်။

ရှေးဦးစွာ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး တိုင်းဒေသကြီးအဆင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက လှူဒါန်းရရှိခဲ့မှုများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအတွင်း စီမံဆောင်ရွက်ထားရှိမှုများကို ပြောကြားသည်။




တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ ဆေးနှင့် ဆေးပစ္စည်းများ လက်ခံရယူစဉ်။

အဆိုပါလှူဒါန်းမှုတွင် မြန်မာကိုင်ဒိုကုမ္ပဏီ ဦးအေးကို-ဒေါ်နုနုခင် သားသမီးမြေးတစ်စု ရန်ကုန်မှ မကွေးဆေးရုံ၊ သင်ကြားရေးဆေးရုံ၊ ပွင့်ဖြူနှင့် သရက် ဆေးရုံတို့အတွက် အလှူငွေကျပ်သိန်း ၄၄၀၊ ဆေးရုံသုံးနှာခေါင်းစည်း ၃၄၀၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၅၅၀၊ လက်အိတ် ၁၄၀၀၀၊ အပူချိန်တိုင်းကိရိယာ ၁၇ ခုနှင့် ချွဲစုပ်စက် ခုနစ်လုံး ကိုလည်းကောင်း၊ ကျော်သာဆောက်လုပ်ရေးကုမ္ပဏီမှ နှာခေါင်းစည်း ၁၃၅၀၀ အတွက် ငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မီးသတ်ဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာန ဝန်ထမ်းမိသားစုများမှ စားစရိတ်အလှူ လူဦးရေ ၁၀၀၀ တစ်နေ့စာအတွက် ငွေကျပ်သိန်း ၃၀ ၊ Min Dha Ma Pukku STAR Construction ကုမ္ပဏီမှ ရောဂါ ကာကွယ်ရေးဝတ်စုံ ၂၀၀၊ လက်သန့်ဆေး ၃၈၄ ဘူး၊ ပိုးသတ်ဆေး ၇၅ လီတာနှင့် ငွေကျပ် ၂၅ သိန်းကိုလည်းကောင်း၊ PAKOKKU Star Group မှ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၊ သားသား ကြက်သားဆန်ပြုတ်ထုပ် ၃၀၀၀ ကိုလည်းကောင်း၊ Hotel Yoma Pakokku မှ ငွေကျပ် ၂၅ သိန်းနှင့် ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀ ကိုလည်း ကောင်း၊ Pakokku Aung Myint Mo Trading ကုမ္ပဏီမှ ရောဂါကာကွယ်ရေးဝတ်စုံ ၅၀ ၊ PKU Zabu ကုမ္ပဏီမှ ရောဂါကာကွယ်ရေးဝတ်စုံ ၅၀၊ မန္တလေးစက်မှုတက္ကသိုလ် MTT 2nd Batch ကျောင်းသားကျောင်းသူများက နှာခေါင်း စည်း ၇၅၀၀ နှင့် အပူချိန်တိုင်းကိရိယာ ၅၀ အတွက် တန်ဖိုး ငွေကျပ် ၅၂၇၅၀၀၀ နှင့် ကာဗွန်စွမ်းအင်ကုမ္ပဏီမှ နှာခေါင်းစည်း ၅၀၀၀ တို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး တိုင်းဒေသကြီးအဆင့် ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းလှိုင်က ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကာလဒါန လာရောက်လှူဒါန်းကြသူများအတွက် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဒဂုံမြို့သစ်တောင်ပိုင်း၌ နိုင်ငံတကာမှ ကန့်သတ်စောင့်ကြည့်ခံရသူများ ကျန်းမာရေးကောင်းမွန်လျက်ရှိ

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) စိုက်/မွေး (၁)ရပ်ကွက်၊ သီရိဂုဏ်ဝေဓမ္မဗိမာန် ကျောင်းတွင် နိုင်ငံတကာမှ ဝင်ရောက်လာသည့် နိုင်ငံခြားသား ၁၇၇ ဦးအား ကိုဗစ်-၁၉ ရောဂါ ကန့်သတ်စောင့်ကြည့်ထားရှိရာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"နိုင်ငံတကာမှ မတ် ၂၅ ရက်က ရန်ကုန်လေဆိပ်က ဝင်ရောက် လာတဲ့ ကန့်သတ်စောင့်ကြည့်လူတွေ ဖြစ်ပါတယ်။ ဂျာမနီ၊ ဒိန်းမတ်၊ စင်ကာပူ၊ ထိုင်းတို့က များပါတယ်။ လူငယ်တွေများပြီး အသက်ကြီးတဲ့သူတွေနည်းပါတယ်။ သူတို့ကို ကျန်းမာရေးဝန်ထမ်းတွေက စောင့်ကြည့်စိစစ်ပေးသလို လူငယ်ရေးရာကော်မတီ စကားပြန်တွေကသူတို့ရဲ့ ဝေယျာဝစ္စတွေကို ကူညီဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင် အပြင်မှာ မီးသတ်၊ ရဲတပ်ဖွဲ့၊ လူမှုကူညီရေးအသင်း၊ ပါတီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကူညီဆောင်ရွက်ပေးနေပါတယ်" ဟု ကိုဗစ်-၁၉ စောင့်ကြည့်ထိန်းချုပ်ရေး စခန်းတာဝန်ခံ ဒဂုံမြို့သစ်(တောင်ပိုင်း) လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်က ပြောသည်။




ဦးသိန်းနိုင်
လွှတ်တော်ကိုယ်စားလှယ်

ယင်းနိုင်ငံခြားသား ကန့်သတ်စောင့်ကြည့်ခံရသူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အိပ်ရာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံး၊ ဆေးဝါးများ၊ ရောဂါကာကွယ်ရေး ဝတ်စုံများ ထောက်ပံ့ပေးလျက်ရှိပြီး မြို့နယ် ကိုဗစ်-၁၉ စောင့်ကြည့် ထိန်းချုပ်ရေးကော်မတီနှင့် အလှူရှင်များက ထမင်းနှင့် အစားအစာများ စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါနိုင်ငံခြားသား စောင့်ကြည့်ခံရသူများမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိပြီး ဧပြီ ၇ ရက်တွင် ရက်သတ္တနှစ်ပတ် ပြည့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာလင်း**



သန်လျင်မြို့နယ် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ထောက်ပံ့မှုကော်မတီသို့ ဧပြီ ၃ ရက်က သန်လျင်မြို့နေ ဦးအုန်းမြင့် (ထွင်ရှူခေါင်ဆောက်လုပ်ရေး)-ဒေါ်စန်းမြင့် မိသားစုက အလှူငွေကျပ် သိန်း ၂၀၀ ကို ကော်မတီနာယကများ ဖြစ်ကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းနှင့် ဦးတင်ဝင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ သန်းဝင်း(သန်လျင်)

# ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်သိမ်းထားရသော ညဈေးတန်းရောင်းသည့် ဈေးသည်များအား ဆန် ၁၂ ပြည်စီ ပေးအပ်လှူဒါန်း

**ရွှေဘို ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်သိမ်းထားရသော ညဈေးတန်းရောင်းသည့် ဈေးသည် ၄၀ အား ဆန် ၁၂ ပြည်စီကို ယနေ့ မွန်းလွဲ ၁ နာရီက စည်ပင်သာယာရေးကော်မတီခန်းမ၌ ပေးအပ်လှူဒါန်းသည်။ (ယာပုံ)

အဆိုပါ လှူဒါန်းမှုနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကြောင့် မတ် ၂၄ ရက်မှစ၍ ညဈေးတန်းများ ပိတ်သိမ်းထားရှိမှုအပေါ် စည်းကမ်းတကျ ပူးပေါင်းလိုက်နာ ဆောင်ရွက်ကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ၎င်းတို့မိသားစုဝင်များ၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စည်ပင်သာယာရေးကော်မတီနှင့် အလှူရှင်များ ပူးပေါင်း၍ ညဈေးတန်းရောင်းချသည့် ဈေးသည် ၄၀ ကို တစ်ဦးလျှင် ဆန် ၁၂ ပြည်နှုန်း ပေးအပ်လှူဒါန်းခြင်း ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်က ပြောသည်။

"ကျွန်တော်တို့က ညဈေးတန်းမှာ မုန့်တီ၊ မုန့်ဟင်းခါး ရောင်းချတာ ဖြစ်ပါတယ်။ တစ်ရက်ကို ငွေကျပ် သုံးသောင်းဖိုးလောက် ရောင်းရပြီး အမြတ်ငွေကျပ် ၇၀၀၀ ကျန်ပါတယ်။ ညဈေးတန်း ရောင်းချလို့ရတဲ့ငွေနဲ့ မိသားစု စားဝတ်နေရေး ဖြေရှင်းနေရပြီး ညဈေးတန်းပိတ်ထားတာ ၁၀ ရက်ကျော်လာတဲ့အခါမှာ စားဝတ်နေရေး အနည်းအငယ် အခက်အခဲရှိလာတယ်။ အခုလို စည်ပင်နဲ့ အလှူရှင်တွေက ဆန်များ လှူဒါန်းပေးတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်" ဟု ညဈေးတန်းတွင် ဈေးရောင်းသည့် ဈေးသည် ဦးကိုကိုနိုင်က ပြောကြားသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

# ကိုဗစ် - ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် မိုးညှင်းမြို့မဈေးကို အချိန်ပိုင်းသာ ဖွင့်လှစ်

**မိုးညှင်း ဧပြီ ၃**

ကချင်ပြည်နယ် မိုးညှင်းမြို့မဈေးအား မတ် ၃၁ ရက်မှစ၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် နံနက် ၅ နာရီမှ ၁၀ နာရီအထိနှင့် ညနေ ၄ နာရီမှ ၆ နာရီအထိ တစ်ရက်လျှင် နှစ်ချိန်ခွဲ၍ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ အဆိုပါဈေးဖွင့်ချိန်များတွင်လည်း အသားငါးများ၊ ဟင်းသီးဟင်းရွက်များနှင့် အခြေခံစားသောက်ကုန်များကိုသာ ရောင်းချခွင့်ပြုမည်ဖြစ်ပြီး ပန်းထိမ်လုပ်ငန်းဆိုင်များ၊ အပ်ချုပ်ဆိုင်များ၊ အထည်အလိပ်ရောင်းချသည့်ဆိုင်များနှင့် လူ့အသုံးအဆောင်ပစ္စည်းရောင်းချသည့်ဆိုင်များအား ယခုလကုန်အထိ ရောင်းချခွင့်ပြုမည် မဟုတ်ကြောင်း ဗီနိုင်းပိုစတာများဖြင့် အသိပေးနှိုးဆော်ထားသည်။

**ကျော်ကျော်ထွေး(မိုးညှင်း)**

# ပဲခူးမြို့၌ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ပဲခူး ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် စံထိပ်ထားအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းမှ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး အတွက် တစ်ခါသုံး နှာခေါင်းစည်းများကို စံချိန်စံညွှန်းများနှင့်အညီ ချုပ်လုပ်၍ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကုသရေး ကော်မတီသို့ လှူဒါန်းခဲ့ရာ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက လက်ခံယူခဲ့သည်။



စံထိပ်ထားအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးသမဝါယမအသင်းသည် အသင်းသား အမျိုးသမီး ၇၁ ဦးဖြင့် ဖွဲ့စည်းထားပြီး အိမ်တွင်းမှုစက်ချုပ်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ဆက်လက်၍လည်း နှာခေါင်းစည်းများကို ရပ်ရွာအတွင်းရှိ ပြည်သူများထံ ဖြန့်ဝေသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငါးရက်တစ်ဈေးဖွင့်သည့် တပ်ကုန်းနွားပွဲဈေး ခြောက်ပတ် ပိတ်ထားမည်

**တပ်ကုန်း ဧပြီ ၃**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ငါးရက်တစ်ဈေးဖွင့်လှစ်သည့် တပ်ကုန်းနွားပွဲဈေးအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၅ ရက်မှစတင်၍ ဧပြီ ၃၀ ရက်အထိ ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနွားပွဲဈေးက ငါးရက်တစ်ပတ် တစ်ဈေးဖွင့်လှစ်တဲ့ နွားပွဲဈေးဖြစ်ပါတယ်။ ကူးစက်ရောဂါ မဖြစ်ပွားစေဖို့ နွားပွဲဈေးကို ခြောက်ပတ် ပိတ်ထားပါတယ်။ နွားပွဲဈေး ပြန်ဖွင့်ရမယ့်ရက်တွေ သိရရင် တောင်သူသုံး ကျွဲ၊ နွားတွေနဲ့ ကျွဲပေါက်စ၊ နွားပေါက်စငယ်တွေ အရောင်း/အဝယ်ပြုလုပ်ကြမယ့် တောင်သူတွေ သိရှိစေရေးဖို့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကတစ်ဆင့် ကြေညာပေးသွားပါမယ်"ဟု နွားပွဲဈေးလေလံဆွဲဝယ်ထားသူက ပြောသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# ကမ္ဘောဇဘဏ်မှလှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများ ထပ်မံရောက်ရှိသဖြင့် ဆက်လက်လှူဒါန်း



ကမ္ဘောဇဘဏ်၏ ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်ထံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ လှူဒါန်းစဉ်။

**နေပြည်တော် မေ ၃**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်က ကျပ်သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကို MAI စင်းလုံးငှားလေယာဉ်ဖြင့် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့မှ ရန်ကုန်မြို့သို့ တိုက်ရိုက်သယ်ယူပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ မေ ၃ ရက်တွင် ကမ္ဘောဇဘဏ်၏ ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်ထံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပေးအပ်လှူဒါန်းခဲ့သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ငွေကျပ်သိန်း ၁၄၀၀၀ ကျော် တန်ဖိုးရှိ ဥရောပအရည်အသွေးမီ ဆေးရုံသုံးပစ္စည်းများဖြစ်သည့် CE Standard ရောဂါ ကာကွယ်ရေးဝတ်စုံ ၂၃၀၀၀၊ ဆေးရုံသုံး နှာခေါင်းစည်း ၇၀၀၀၀၀၊ ၅၀၀ မီလီ ပါဝင်သည့် လက်သန့်ဆေးဘူး ၁၀၀၀၀၊ အပူချိန်တိုင်းစက် ၃၀၀၊ N95 နှာခေါင်းစည်း ၁၇၀၀၀၊ မျက်မှန် ၁၇၀၀၀၊ ဖိနပ်စွပ် ၁၅၀၀၀၊ ဆေးရုံသုံးလက်အိတ်အတို ၁၅၀၀၀၊ ဆေးရုံသုံးလက်အိတ်အရှည် ၁၅၀၀၀၊ မျက်နှာအကာ ၁၅၀၀၀ နှင့် ခွဲစိတ်ခန်းသုံး လက်အိတ် ၁၀၀၀၀ ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနသို့ လှူဒါန်းပေးခဲ့သည်။

အဆိုပါလှူဒါန်းထားသော ဆေးရုံသုံးပစ္စည်းများသည် မတ်လ စတုတ္ထပတ်မှစတင်၍ ကုန်းလမ်းဖြင့် ဆက်တိုက် ရောက်ရှိနေသော်လည်း အမြန်ဆုံးနှင့် အထိရောက်ဆုံး ကာကွယ်ကုသနိုင်ရန်အတွက် MAI စင်းလုံးငှားလေယာဉ်ဖြင့် အမြန်ဆုံး သယ်ယူလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယခု MAI စင်းလုံးငှားလေယာဉ်ဖြင့် ကွမ်ကျိုးမြို့မှ တိုက်ရိုက်သယ်ယူရာတွင် အရေးပေါ်လိုအပ်နေသော CE Standard ရောဂါကာကွယ်ရေးဝတ်စုံ၊ N95 နှာခေါင်းစည်း၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း၊ မျက်မှန်၊ မျက်နှာအကာ၊ ခွဲစိတ်ခန်း သုံးလက်အိတ်အတို၊ ခွဲစိတ်ခန်းသုံး လက်အိတ်အရှည်၊ ဖိနပ်များ လေယာဉ်စင်းလုံးပြည့် ပါဝင်လာခဲ့သည်။

အခြားပစ္စည်းများကို မတ် ၂၇ ရက်မှစတင်ပြီး ကုန်းလမ်းဖြင့် အသုတ်ခွဲ၍ဆက်တိုက်ရောက်ရှိခဲ့ကာ ယနေ့ မေ ၃ ရက်တွင် ဆေးရုံသုံးနှာခေါင်းစည်း ၃၀၀၀၀၀ နှင့် ဝတ်စုံပြည့် ရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၃၀၀၀ မူဆယ်မြို့သို့ ထပ်မံရောက်ရှိလာသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းထားရာ မတ် ၂၇ ရက်မှ မေ ၃ ရက်အထိ ဆေးရုံသုံးနှာခေါင်းစည်း ၆၀၀၀၀၀ နှင့် ဝတ်စုံပြည့် ရောဂါကာကွယ်ရေးဝတ်စုံ ၃၀၀၀ လှူဒါန်းခဲ့ပြီးဖြစ်သည်။

ကမ္ဘောဇဘဏ်၏ လှူဒါန်းမှုနှင့်ပတ်သက်၍ "အခုလို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ လိုအပ်မှုအရှိဆုံးနေရာတွေကို တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်း၊ ဆေးရုံသုံးပစ္စည်းနဲ့ ကျန်းမာရေး အထောက်အကူပြုပစ္စည်းတွေ ထောက်ပံ့လှူဒါန်းပေးပြီး အရေးပေါ်လိုအပ်နေတဲ့ အရာတွေကို အချိန်နဲ့တစ်ပြေးညီ ဖြန့်ဝေနိုင်အောင် ဖြည့်ဆည်းပေးတဲ့ ကမ္ဘောဇဘဏ်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်"ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ပြောသည်။

**ကိုဇော်**

## မယ်စဲ့မြို့၌ ၁၆ ဦး ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသည်ဆိုသည့်သတင်းမှာ ကောလာဟလသာဖြစ်

**မယ်စဲ့ မေ ၃**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုး ၁၆ ဦး တွေ့ရှိသည်ဆိုသည့် သတင်းမှာ ကောလာဟလသတင်းဖြစ်ကြောင်း မေ ၃ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းထံမှ သိရသည်။

မယ်စဲ့မြို့နယ် ဟိုစဲ့ကျေးရွာသို့ မတ် ၂၆ ရက်က ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများရှိကြောင်း မယ်စဲ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးနေမျိုးကျော်၏ သတင်းပေးပို့ချက်အရ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ယင်းပြန်လည်ဝင်ရောက်လာသူ ခြောက်ဦးကို သွားရောက်ခေါ်ဆောင်ခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သီးသန့်အဆောက်အဦတွင် ၁၄ ရက်စောင့်ကြည့်လျက်ရှိကြောင်း၊ အဆိုပါ စောင့်ကြည့်လူနာများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယနေ့အချိန်ထိ စောင့်ကြည့်လူနာများထဲမှ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ သံသယဖြစ်ဖွယ်လက္ခဏာ တစ်စုံတစ်ရာမတွေ့ရှိရသဖြင့် ခာတ်ခွဲစမ်းသပ်မှုဆောင်ရွက်ရန် မလိုအပ်ကြောင်းနှင့် မယ်စဲ့မြို့၌ ကိုဗစ်-၁၉ ရောဂါပိုး ၁၆ ဦး တွေ့ရှိသည်ဆိုသည့် သတင်းမှာ ကောလာဟလ သတင်းဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## နမ့်ခမ်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းအဖွဲ့များဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိ

**နမ့်ခမ်း မေ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် မြို့တွင်းမြို့ပြင် ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်တွင် ရပ်ကွက်အားလုံးရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များက မြို့တွင်းလမ်းများကို ပိုးသတ်ဆေးဖျန်း ဆောင်ရွက်လျက်ရှိပြီး မြို့အဝင်အထွက်နေရာများ၊ ရန်ကုန်၊ မန္တလေး၊ မူဆယ်မှ အဝေးပြေးယာဉ်များ ဝင်ရောက်လာသော မြို့အဝင်နေရာ အမှတ်(၁) ရပ်ကွက် ( မန့်ခမ်း)ဂိတ်တွင် ဖြတ်သန်းသွားလာသော ကား၊ ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာဂျီများဖြင့် ဖြတ်သန်းသွားလာကြသော ခရီးသွားများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၊ NMBG စက်ဘီးစီးပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးရဲလင်းနှင့် အဖွဲ့တို့က ဝင်ထွက်သွားလာနေကြသော ခရီးသွားများအား မှတ်တမ်းပြုခြင်း၊ ကိုယ်ပူချိန်တိုင်းခြင်း၊ လက်သန့်ဆေးဖြင့် လက်သန့်စင်မှု ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်း အခမဲ့ဝေငှခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး အလှူရှင်များကလည်း ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## သာစည်မြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်စခန်းများတွင် ဝိုင်ဖိုင်လွှင့်စက်များ တပ်ဆင်ပေးသွားမည်

**သာစည် မေ ၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ၁၄ ရက် စောင့်ကြည့်ခံရသည့် ပြည်ပမှ ပြန်လာသူများ အင်တာနက် အသုံးပြုနိုင်ရန် ဝိုင်ဖိုင်စက်များ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မေ ၂ ရက်ညနေ ၆ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

သာစည်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟ၏ စီစဉ်မှုဖြင့် ဝိုင်ဖိုင်တပ်ဆင်ရာတွင် အင်တာနက်လိုင်းရရှိနိုင်မည့် နေရာဖြစ်ပြီး ၁၄ ရက်တာ စောင့်ကြည့်ခံရသူများသော နေရာကို ဦးစားပေး တပ်ဆင်ပေးသွားနိုင်ရေး၊ မြို့နယ်အတွင်းရှိ အသွားအလာ ကန့်သတ်စောင့်ကြည့်စခန်းများတွင် သောက်သုံးရေနှင့် အာဟာရဖြစ်စေမည့်ဖြည့်စွက်စာ ထည့်သွင်းကျွေးမွေးနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

သာစည်မြို့ အမှတ်(၁)ရပ်ကွက် ကြာကန်ရိပ်သာကျောင်းတိုက်၊ ရွာကြီးကျေးရွာ၊ သာဂရကျေးရွာ၊ မြေစိုကျေးရွာ၊ အုတ်တွင်းကျေးရွာနှင့် မကျီးရိုးကျေးရွာတို့ရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းများကို ဝိုင်ဖိုင်စနစ်များ ဦးစားပေးတပ်ဆင်ပေးနိုင်ရန် ရွေးချယ်ထားကြောင်း သိရသည်။ သာစည်မြို့နယ်တွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာများတွင်ထားရှိပြီး အသွားအလာ ကန့်သတ်စောင့်ကြည့်ရေး စခန်း ၇၃ ခု ဆောင်ရွက်ထားကာ နေရာ ၄၀ တွင် ၁၆၉ ဦးကို စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## မိုးမိတ်မြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်စွာရောင်းချနိုင်ရေး ကြပ်မတ်ဆောင်ရွက်

**မိုးမိတ် မေ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် စည်ပင်သာယာဈေးကို ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်လျက်ရှိရာ ကာလအတွင်း ဆန်၊ ဆီ၊ ဆား အပါအဝင် အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်စွာ ရောင်းချနိုင်ရေးအတွက် မေ ၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ခရိုင်နှင့် မြို့နယ်အဆင့်လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီဇော်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးမှူး ဦးတင်ရှိန်နှင့် စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များသည် စည်ပင်သာယာဈေးအတွင်း ရောင်းချလျက်ရှိသော ကုန်စုံဆိုင်များမှ ဆန်၊ ဆီ၊ ဆား အပါအဝင် အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်စွာ ရောင်းချနိုင်ရေးနှင့် ဈေးနှုန်းများ မတန်တဆတက်၍ ရောင်းချခြင်းများ မပြုလုပ်ကြရန်အတွက် မေတ္တာရပ်ခံခဲ့ကြကြောင်း သိရသည်။

"ကျွန်မတို့ဆိုင်က ဆား၊ ဆီ အပါအဝင် အခြေခံစားသောက်ကုန်များကို ရောင်းချလျက်ရှိပါတယ်။ ကြက်သွန်ဈေးနှုန်းကတော့ အရင်ကထက် ဈေးကျပါတယ်။ ကြက်ဥကတော့ ငါးကျပ်တက်ပါတယ်။ ကျန်တဲ့ စားကုန်များတော့ ပုံမှန်ဈေးနှုန်းအတိုင်းပဲ ရောင်းချလျက်ရှိပြီး ဈေးနှုန်း မတန်တဆတက်၍ ရောင်းချတာ မရှိပါဘူး"ဟု ကုန်စုံရောင်းချသူ ဒေါ်မိကာ က ပြောသည်။

မိုးမိတ်မြို့နယ် စည်ပင်သာယာဈေးတွင် ဒေသဆန် (ပထမတန်း) တစ်ပြည်လျှင် ငွေကျပ် ၁၄၀၀ ၊ ပဲဆီ တစ်ပိဿာ ငွေကျပ် ၃၀၀၀ ၊ ပဲဆီသန့် တစ်ပိဿာ ငွေကျပ် ၈၀၀၀ ၊ စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၂၃၀၀ နှင့် ဆား တစ်ပိဿာ ငွေကျပ် ၆၀၀ တို့ဖြင့် နေ့စဉ်ရောင်းချလျက်ရှိပြီး လက်သန့်ဆေးရည်များက ဈေးတက်ပြီး နှာခေါင်းစည်းကတော့ ဆိုင်တိုင်းလိုလို ပြတ်လပ်နေကြောင်း ဈေးခေါင်း ဦးဝင်းမောင်က ပြောသည်။

**ခရိုင်(ပြန်/ဆက်)**


မိုးမိတ်မြို့နယ် ဈေးအတွင်းရှိ ဈေးဆိုင်များအား ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးစဉ်။

# တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အသုံးပြုရန် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွက် ထောက်ပံ့ငွေနှင့် ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့

မြိတ် မေ ၃

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မြိတ်ခရိုင်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဝင်များအား မြို့နယ်များအလိုက် ကွင်းဆင်းတွေ့ဆုံ၍ ခရိုင်အတွင်းရှိ မြို့နယ်တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀ စီနှင့် နှာခေါင်းစည်းများနှင့် ရောဂါကာကွယ်ရေးဝတ်စုံ များကို တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်ခဲ့သည်။

ဝန်ကြီးချုပ်သည် ခရိုင်/ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီများအား ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အမျိုးသားအဆင့် ဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့်အမိန့်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် နေရပ်ပြန်များနှင့် သံသယလူနာများကို အိမ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်း မပြုလုပ်တော့ဘဲ သတ်မှတ်ထားသော နေရာတွင် အသွားအလာ ကန့်သတ်ခြင်းဖြင့်သာ ပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများက အမျိုးသားရေးစိတ်ဓာတ်ဖြင့် စိတ်အားတက်ကြွစွာ ပူးပေါင်းပါဝင်နေမှုကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကို ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မေ ၂ ရက် ညနေပိုင်းတွင် ပုလောမြို့ မြို့နယ်ခန်းမ၌ လည်းကောင်း၊ မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌လည်းကောင်း၊ မေ ၃ ရက် နံနက်ပိုင်းတွင် တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတို့၌ လည်းကောင်း မြို့နယ်အလိုက် ကွင်းဆင်း၍ ကော်မတီများအား တွေ့ဆုံကာ ခရိုင်အတွင်းရှိ မြို့နယ်တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀ စီနှင့် နှာခေါင်းစည်းများနှင့် ရောဂါကာကွယ်ရေးဝတ်စုံများကို တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်ခဲ့ကာ ခရိုင်အတွင်းရှိ နေရပ်ပြန်များအား ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းဖြင့် စောင့်ကြပ်ကြည့်ရှုကာ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင် ထောက်ပံ့ငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်စဉ်။

မြိတ်ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဦးစီးကော်မတီနှင့် မြို့နယ်ကော်မတီများမှ ပြည်သူလူထုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ခရိုင်အတွင်းရှိ နေရပ်ပြန်များအား မတ် ၂၄ ရက်မှ မေ ၁ ရက်အထိ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းဖြင့် စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ မြိတ်မြို့နယ်တွင် ၅၁ ဦး၊ ကျွန်းစုမြို့နယ်တွင် ၃၄ ဦး၊ ပုလောမြို့နယ်တွင် ၁၀၆ ဦး၊ တနင်္သာရီမြို့နယ်တွင် ၈၆ ဦးကို မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိကာ မြိတ်ခရိုင်အတွင်းရှိ ဆေးရုံများတွင် ကိုဗစ်-၁၉ ရောဂါ သံသယလူနာများ မရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၃

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ




## ပြင်သစ်ဧည့်လမ်းညွှန်နှင့် ထိတွေ့ခဲ့သည့် ဒေသခံများ ၁၄ ရက် ကန့်သတ်စောင့်ကြည့်ပြီးနောက် ကျန်းမာရေးကောင်းမွန်သည့်အတွက် ပြန်လည်စေလွှတ်


ညောင်ဦး မေ ၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကိုဗစ်-၁၉ ပိုးရှိသူ လူနာအမှတ်-၈နှင့် အနီးကပ်ထိတွေ့ခဲ့သူ ၉၁ ဦးအား ယမန်နေ့က ၁၄ ရက် ကန့်သတ်စောင့်ကြည့်ရက်ပြည့်ပြီဖြစ်သဖြင့် မိမိတို့အိမ်သို့ ပြန်လည်စေလွှတ်ပေးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိုဗစ် –၁၉ ရောဂါရှိသူ ပြင်သစ်ဧည့်လမ်းညွှန်နှင့် ထိတွေ့ခဲ့သည့် ဒေသခံ ၉၀ ကျော်အား သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်း ရာဇဂြိုဟ်ဟိုတယ်တွင် ၁၅ ဦး၊ လောကသစ္စာဟိုတယ်တွင် ၄၆ ဦး၊ တိုင်းရင်းဆေးရုံတွင် ၁၉ ဦး၊ ရွှေပိုးအိမ်ဟိုတယ်တွင် ၁၁ ဦးတို့အား မတ် ၂၀ ရက်မှ စတင်ကာ စောင့်ကြည့် လူနာအဖြစ် တစ်နေ့နှစ်ကြိမ် ကိုယ်အပူချိန်တိုင်းတာခြင်းများဖြင့် စောင့်ကြည့်ခဲ့ရာ မေ ၂ ရက်တွင် စောင့်ကြည့် ၁၄ ရက် ပြည့်မြောက်သည့်အတွက် ၎င်းတို့နေအိမ်များသို့ ပြန်လည်စေလွှတ်ပေးခဲ့သည်။

စောင့်ကြည့် ၁၄ ရက် ပြည့်မြောက်သည့် ကိုဗစ်–၁၉ ပိုးရှိသူ ပြင်သစ်ဧည့်လမ်းညွှန် အမျိုးသမီးနှင့် ထိတွေ့ခဲ့သည့် ဒေသခံ ၉၀ ကျော်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်း၊ ညောင်ဦးခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦး၊ ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ မိမိတို့အိမ်နေထိုင်စဉ်တွင်လည်း ယခုနေထိုင်သလို နေထိုင်ကြရန် ဒေါက်တာအောင်အောင်က ပြောကြားသည်။ ညောင်ဦးမြို့နယ်တွင် သတ်မှတ်ထားသောနေရာတွင် အသွားအလာ ကန့်သတ်ခြင်း ကြိုတင်ဆောင်ရွက်မှုအဖြစ် ယွန်းပညာကောလိပ်၌ ဦးရေ ၁၀၀ စာခန့် ပြင်ဆင်ထားပြီး ဝါးကျောင်း (တောင်ဘီ)ကျေးရွာအုပ်စု၊ ပုဂံမြို့ (မိုးကုတ်ရိပ်သာ) တို့တွင်လည်း ပြင်ဆင်ထားရှိကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)



## နေပြည်တော်ကောင်စီသို့ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးသုံး အထောက်အကူပစ္စည်းများ လှူဒါန်း



**နေပြည်တော် ဧပြီ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်- ၁၉ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့် အထောက်အကူပစ္စည်းများ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံးဧည့်ခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးတင်ထွန်း၊ အတွင်းရေးမှူး ဦးနေလင်း၊ နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

လှူဒါန်းပွဲတွင် Huawie Technologihs (Yangon) Co.,Ltd., မှ လှူဒါန်းသည့် တန်ဖိုးငွေကျပ် ၁၈၀၀၀၀၀ ရှိ Surgical Mask ၃၀၀၀၊ နောင်ရိုးနည်းပညာများ Co., Ltd. မှ လှူဒါန်းသည့် တန်ဖိုးငွေကျပ် ၁၇၀၀၀၀၀ ရှိ တစ်ကိုယ်ရေရောဂါ ကာကွယ်ရေးဝတ်စုံ ၂၀ ၊ Surgical Mask ၂၀၀၀ ၊ ကာပေါ်လစ် ၅၀၀ ၊ Linn IT Solution Co. Ltd.မှ လှူဒါန်းသည့် တန်ဖိုးငွေကျပ် ၅၁၉၂၅၀၀ ရှိ တစ်ကိုယ်ရေရောဂါကာကွယ်ရေး ဝတ်စုံ ၅၀၀ ၊ Surgical Mask ၅၀၀၀၊ ဆောက်လုပ်ရေးဝန်ကြီး ဌာန(လမ်း/ တံတား/ဆ-ဦ/ကျေးလက်) နေပြည်တော်ဝန်ထမ်းမိသားစုတို့မှ လှူဒါန်းသည့် တန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ရှိ တစ်ကိုယ်ရေရောဂါ ကာကွယ်ရေး ဝတ်စုံ ၆၀ တို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့သည်။

အဆိုပါပစ္စည်းများကို နေပြည်တော်ကောင်စီမှတစ်ဆင့် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ လိုအပ်သည့် နေရာများတွင် ဖြန့်ဝေအသုံးပြုမည် ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း (ပြန်/ဆက်)**

## ခင်ဦးမြို့၌ ဝေပုလ္လရာမဆရာတော်က ဆန်များလှူဒါန်း

**ခင်ဦး ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် အောင်သီရိရပ် ဝေပုလ္လရာမကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တဝေပုလ္လစာရက ယမန်နေ့က ဆင်းရဲချို့တဲ့သော အိမ်ထောင်စုများအား ဆန်များ လှည့်လည်လှူဒါန်းသည်။

ဆန်များလှူဒါန်းရာတွင် ဘုရားပွဲ၊ ကျောင်းပွဲ၊ ဆွမ်းလောင်းပွဲများမှ အလှူခံရရှိသော ဆွမ်းဆန်များကို တစ်အိမ်ထောင်လျှင် ဆန် ၁၀ ပြည်နှုန်းဖြင့် အိမ်ထောင်စု ၇၀ ကို လှူဒါန်းခဲ့ပြီး ယခင်ကလည်း မြို့ပေါ်ရပ်ကွက်စုံ လှူဒါန်းခဲ့ကြောင်း၊ ကဆုန်လပြည့်နေ့တွင် လှူဒါန်းရန် စီစဉ်ထားရာ ကိုဗစ်-၁၉ ကြောင့် ဧပြီ ၁ ရက်မှ စတင်ပြီးလှူဒါန်းခဲ့ရာ ဆန်အိတ်များနည်းနေသည့်အတွက် မိမိရပ်ကွက်ကို ဦးစားပေးလှူဒါန်းရခြင်းဖြစ်ပြီး ဧပြီ ၂ ရက်အထိ ဆန်အလှူ ခံများ ထပ်တိုးလာသည့်အတွက် ကျောင်းတွင်ချက်ရန် ချန်ထားသောဆန်များကိုပါ ထပ်လှူလိုက်ကြောင်း နောင်နှစ်များတွင်လည်း အလှည့်ကျလှူဒါန်းပေးမည် ဖြစ်ကြောင်း ဆရာတော်က မိန့်ကြားသည်။

**စိုးဝေအောင်(ခင်ဦး)**

## ကောလင်းနှင့် ဝန်းသိုမြို့နယ်များတွင် လေအရည်အသွေးတိုင်းတာ

**ကောလင်း ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းနှင့်ဝန်းသိုမြို့နယ်တို့တွင် မီးခိုးမြူမှုန်များ ထူထပ်သဖြင့် လေအရည်အသွေး တိုင်းတာခြင်းလုပ်ငန်းကိုကောလင်းမြို့၌ ယမန်နေ့မွန်းလွဲ ၁ နာရီမှ စတင်၍ ဧပြီ ၃ ရက်ညနေ ၄ နာရီအထိ တိုင်းတာမည်ဖြစ်ပြီး ဝန်းသိုမြို့တွင် ယနေ့ညနေ ၅ နာရီမှ ဧပြီ ၄ ရက် ည ၈နာရီအထိ တစ်မြို့နယ်ကို ၂၇ နာရီ တိုင်းတာမည်ဖြစ်ကာ ရရှိလာသည့် ရလဒ်များကို ပြည်သူများအား သိရှိနိုင်ရန် အသိပေးထုတ်ပြန်သွားမည်ဖြစ်သည်။ **(အောက်ပုံ)**

လေထုထဲတွင် လေအရည်အသွေးအညွှန်းကိန်း (AQI)၀-၅၀ မှာ လေထုညစ်ညမ်းမှု အန္တရာယ်မရှိကြောင်း၊(AQI) ၅၁-၁၀၀ ဆိုလျှင် လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိကြောင်း၊ (AQI)၁၀၁ -၁၅၀ ဆိုလျှင် လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်ပြီးစိုးရိမ်ဖွယ်မရှိကြောင်း၊ (AQI)၁၅၁-၂၀၀ ဆိုလျှင် လူတိုင်းကျန်းမာရေးထိခိုက်နိုင်ပြီး လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများ ကျန်းမာရေးပိုမိုထိခိုက်နိုင်သည်။ (AQI)၂၀၁-၃၀၀ဆိုလျှင်ကျန်းမာရေး အသိပေးချက်ထုတ်ပြန်ရမည်ဖြစ်ပြီး လူတိုင်းကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်ကြောင်း၊ (AQI)၃၀၁-၅၀၀ ဆိုလျှင် အန္တရာယ်ရှိပြီး လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေပိုများကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**



## ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက် တရုတ်နိုင်ငံ ပေါင်ဆန်းပြည်နယ်ခွဲမှ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

**ကန်ပိုက်တီ ဧပြီ ၃**

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေါင်ဆန်းပြည်နယ်ခွဲမှ တရုတ်ယွမ်လေးသိန်းခန့်တန်ဖိုးရှိ ဆေးရုံသုံး ပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က ကန်ပိုက်တီမြို့ နှစ်နိုင်ငံနယ်စပ်ဂိတ်အနီး မြန်မာ - တရုတ်ချစ်ကြည်ရေး လိုဏ်ဂူရှေ့၌ ပြုလုပ်သည်။

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ပေါင်ဆန်းပြည်နယ်ခွဲမှ ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စုစုပေါင်း တရုတ်ယွမ်လေးသိန်းခန့် တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ ဖြစ်သည့် တစ်ကိုယ်ရေ ရောဂါကာကွယ်ရေး ဝတ်စုံ ၁၀၀၊ ခွဲစိတ်ခန်းနှာခေါင်းစည်း ၃၀၀၀၀၊ ၉၅-နှာခေါင်းစည်း ၁၀၀၀၊ အပူချိန်တိုင်းကိရိယာ အခု ၂၀၀၊ Termak Scanner နှစ်လုံးတို့ကို ပေါင်ဆန်းပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူးက ထောက်ပံ့ပေးအပ်ရာ မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီးနှင့် ဝိုင်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင်တို့က လက်ခံယူခဲ့သည်။



ကချင်ပြည်နယ်အတွင်း ကန်ပိုက်တီနယ်စပ်ဂိတ်သည် နှစ်နိုင်ငံအဓိက ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ရာမြို့တစ်ခုဖြစ်သဖြင့် တစ်ဖက်နိုင်ငံမှ ဝင်/ ထွက် သွားလာနေသူများအား ကျန်းမာရေး စစ်ဆေးသည့်လုပ်ငန်းအပြင် သံသယလူနာတွေ့ရှိပါက အမှတ်(၁)ရပ်ကွက်အတွင်း သွားလာမှုကန့်သတ်၍ စောင့်ကြည့်နိုင်ရေး အထက ကန်ပိုက်တီကျောင်းတွင် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဇယ်ဒိုင်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၄ - ၂၀၂၀

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၀ ကျပ် | ၅၃၀/၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ ကျပ် | ၅၄၅/၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၄၀၀ ကျပ် | ၄၃၀/၄၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ ကျပ် | ၆၀၅/၆၁၅ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၈ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၇ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၈ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၆ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၃ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၅၃ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၀၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၉၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၀ . ၆၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၄၂၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၇၀၀ | ၃၈၂၁ | ၃၅၂၈၈၂၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၂၉၄၇ | ၁၀၁၆၈၁၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၇ | ၅၆၀၀၀ |
| FPB | ၂၁၀၀၀ | ၂၁၅၀၀ | ၁၃၉ | ၂၉၂၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၉၈ | ၂၆၄၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လင်းလင်းနှင့် ချစ်သုဝေတို့၏ ခေတ်သစ်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ အတွက် ကျပ်သိန်း ၁၀၀ မတည်ပြီး လိုအပ်သောနေရာများသို့ လှူဒါန်းမှုများပြုလုပ်နေ

အဆိုတော် လင်းလင်းနှင့် သရုပ်ဆောင် ချစ်သုဝေတို့ ဇနီးမောင်နှံ ဦးဆောင်၍ နှလုံးရောဂါဝေဒနာရှင် ကလေးငယ်များအား အခမဲ့ ခွဲစိတ် ကုသမှုများ လုပ်ဆောင်ပေးနိုင်ရန် ကူညီနေသည့် ခေတ်သစ်ဖောင်ဒေးရှင်းက ယခု ကိုဗစ်-၁၉ ဖြစ်ပွားနေသော ကာလတွင်လည်း မြန်မာနိုင်ငံအတွင်းမှ ပြည်သူများအတွက် လိုအပ်သည့်နေရာ များတွင် လှူဒါန်းမှုများပြုလုပ်နိုင်ရန် ကျပ်သိန်း ၁၀၀ မတည်ထားကာ အခြားအလှူရှင်များနှင့် ပူးပေါင်း၍ လှူဒါန်းနေကြောင်း သိရသည်။

ခေတ်သစ်ဖောင်ဒေးရှင်းသည် လက်ရှိအချိန် တွင် စားဝတ်နေရေး အခက်အခဲရှိသည့် ပြည်သူများ၏ အခြေခံစားသောက်ကုန် လိုအပ်ချက်များအတွက်လည်း လှူဒါန်းလျက်ရှိကြောင်းနှင့် ခေတ်သစ်ဖောင်ဒေးရှင်းနှင့် အတူတကွ ပူးပေါင်းပါဝင်လိုသော စေတနာရှင်များကိုလည်း ကြိုဆိုလျက်ရှိကြောင်း သိရသည်။

ကိုလင်း



ပြည်သူတစ်ဦးအား စားသောက်ကုန်များ လှူဒါန်းနေသော ချစ်သုဝေ

## ဖြိုးပြည့်စုံက ပရိသတ်များအား ကျန်းမာရေး ဂရုစိုက်ကြရန် တိုက်တွန်းပြောကြား

ကိုဗစ်-၁၉ ကြောင့် သင်္ကြန်ကာလ ဖျော်ဖြေပွဲများ ရပ်နားလိုက်သည့်အပြင် အခြား လူစုလူဝေးဖြစ်နိုင်သည့် ပွဲလမ်းသဘင်များကို ပိတ်လိုက်သည့်အတွက်



အနုပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် စီးပွားရေးထိခိုက်မှုရှိသော်လည်း ပွဲလမ်းသဘင်ထက် လူတိုင်းအတွက် ကျန်းမာရေးက ပိုအရေးကြီးသဖြင့် ပရိသတ်များအနေဖြင့် ကျန်းမာရေးကို ဂရုစိုက်စေလိုကြောင်း အဆိုတော် ဖြိုးပြည့်စုံက ပြောကြားသည်။

"လူတိုင်းကတော့ အသက်မွေးဝမ်းကျောင်းအတွက် အလုပ်တွေ လုပ်နေကြရတာပဲ။ အဆိုတော်တွေမှ မဟုတ်ပါဘူး။ အခြား စီးပွားရေးလုပ်ငန်းတွေလည်း ကိုဗစ်-၁၉ ကြောင့် အကုန်လုံး ရပ်လိုက်ရတာတွေရှိပါတယ်။ လူစုလူဝေးနဲ့လုပ်တဲ့ စီးပွားရေးမှန်သမျှ ရပ်ပစ်လိုက်ရတာတွေရှိပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေဆိုရင် ပိုပြီး နစ်နာမှုတွေရှိပါတယ်။ အားလုံးကတော့ ဘက်စုံ နစ်နာကြပါတယ်။ တကယ်တမ်း ဖြစ်ပွားလာပြီဆိုတော့ အကုန်လုံး ရင်ဆိုင်ကြရမှာပဲ။ ပွဲမဆိုရတာကတော့ အစ်ကိုတို့ရဲ့ ကျန်းမာရေးထက်၊ အသက်ထက် ပိုအရေးမကြီးပါဘူး"ဟု ဖြိုးပြည့်စုံက ပြောသည်။

လက်ရှိအချိန်တွင် ဖြိုးပြည့်စုံနှင့် မိစန္ဒီတို့ သီဆိုထားကြသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်သော ပညာပေးသီချင်းများကိုလည်း အသံသွင်းထားပြီးဖြစ်ကာ မကြာမီ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

"ခုချိန်မှာ ကိုဗစ်-၁၉ ကို ဘယ်လိုနည်းနဲ့ ကာကွယ်ရမလဲဆိုတာ အားလုံးလည်း သိနေကြပါပြီ။ အထိုက်အလျောက် ပညာပေးတဲ့ ကဏ္ဍတွေလည်း ရှိနေပြီဆိုတော့ ကိုယ်တိုင်လည်း ကူညီပါဝင်မှုတွေ လုပ်သွားမှာပါ။ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးထားတာကိုလည်း MRTV ကနေ ထုတ်လွှင့်သွားဖို့ရှိပါတယ်။ ပရိသတ်တွေကလည်း လက်သန့်ရှင်းဖို့အတွက် လိုက်နာကြပါ။ လူစုလူဝေးတွေထဲလည်း မသွားကြပါနဲ့။ အွန်လိုင်းက ပို့စ်လေးတစ်ခုမှာ တွေ့ရသလို ဆရာဝန်တွေက ပြည်သူတွေအတွက် ဆေးရုံမှာ အလုပ်လုပ်နေသလို ပြည်သူတွေကလည်း ဆရာဝန်တွေအတွက် အိမ်မှာပဲ နေပေးကြပါ ဆိုတာလိုပါ။ မိမိကစပြီးတော့ ကာကွယ်ကြပါလို့ ပြောချင်ပါတယ်"ဟုလည်း ဖြိုးပြည့်စုံက ပရိသတ်များအား တိုက်တွန်းပြောကြားခဲ့သည်။

ကိုလင်း

## အမေများအဖွဲ့၊ မမများအဖွဲ့နှင့် ရုပ်ရှင်လောက စက်မှုအလွှာအတွက် အလှူငွေပေးအပ်

သင်္ကြန်ကာလတွင် နယ်လှည့်ဖျော်ဖြေပွဲများပြုလုပ်ကာ အလှူငွေ ရှာဖွေကြရသည့် မြန်မာ့ရုပ်ရှင်သရုပ်ဆောင် အမေများအဖွဲ့နှင့် မမများအဖွဲ့တို့သည် သီချင်းများ အသံသွင်းခြင်း၊ အကတိုက်ခြင်းနှင့် ကပြဖျော်ဖြေရန် ဝတ်စုံများ ချုပ်ခြင်းတို့ကို ပြုလုပ်ထားပြီးမှ ကိုဗစ်-၁၉ ကြောင့် ဖျော်ဖြေမည့်အစီအစဉ်များကို ရပ်နားလိုက်ရသည့်အတွက် အခက်အခဲများ ကြုံတွေ့နေရသဖြင့် ထိုအခက်အခဲများကို ဖြေရှင်းနိုင်ရန် မြန်မာ့ရုပ်ရှင် စက်မှုအခြေခံအလွှာ(သာရေး၊ နာရေး) အသင်းမှ နာယက ဦးကြည်မင်းသိန်းက မတ် ၃၁ ရက်တွင် အလှူငွေ ပေးအပ်လှူဒါန်းခဲ့သည်။

ဦးကြည်မင်းသိန်းက "အမေများအဖွဲ့ကို လွန်ခဲ့တဲ့ နှစ် ၂၀ လောက်ကတည်းက စတင်တည်ထောင်ခဲ့ပါတယ်။ ခုလို သင်္ကြန်ကာလအတွင်းမှာ အမေများအဖွဲ့တို့၊ မမများအဖွဲ့တို့က အကတွေ ကပြဖျော်ဖြေရင်းနဲ့ အလှူငွေ ရှာဖွေကြတယ်။ သက်ကြီးဘိုးဘွားတွေကိုလည်း ထောက်ပံ့ကြတယ်။ ဒီနှစ်မှာ သူတို့အနေနဲ့ အဝတ်အစားတွေလည်း ချုပ်ပြီးနေပြီလို့ ရင်ဖွင့်သံကို ကြားရတယ်။ ခုချိန်မှာ ကိုဗစ်-၁၉ ကြောင့် သင်္ကြန်ဖျော်ဖြေပွဲတွေလည်း မကျင်းပရတော့ဘူးဆိုတော့ သူတို့မှာ အခက်အခဲ အကျပ်အတည်းတွေ ကြုံလာတဲ့အတွက် တစ်ဖက်တစ်လမ်းကနေ ကူညီပေးဖြစ်တာပါ။ ဒ့ါအပြင် ရုပ်ရှင်လောကသား စက်မှုအလွှာတွေမှာလည်း ကိုဗစ်-၁၉ ကြောင့် ရိုက်ကူးရေးတွေ နားထားရတယ်ဆိုတော့ ကိုယ်တိုင်ကလည်း စက်မှုအလွှာကဖြစ်လို့ အလှူလေး လှူဒါန်းဖြစ်တာပါ"ဟု ပြောသည်။

အလှူရှင် ဦးကြည်မင်းသိန်းအနေဖြင့် အမေများအဖွဲ့ လူဦးရေ ၂၀ ကျော်၊ မမများအဖွဲ့ ၁၂ ဦးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး စက်မှုအခြေခံအလွှာ (သာရေး၊ နာရေး) အသင်းမှ ၃၆၅ ဦးအတွက် ကျပ် ၁၅ သိန်းကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ကိုလင်း

## "ပိတောက်ကတဲ့ဂီတ" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲ MRTV တွင် ဆက်လက်ရိုက်ကူး

"သင်္ကြန်ရင်ခုန်သံ" အစီအစဉ်အဖြစ် "ပိတောက်ကတဲ့ဂီတ" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို၌ ဆက်လက်ရိုက်ကူးသည်။

သင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရပ်ဆိုင်းထားချိန်တွင် မြန်မာ့ရိုးရာသင်္ကြန်၏ ပုံရိပ်ကို ထင်ဟပ်စေသည့် ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲများကို ရုပ်မြင်သံကြားနှင့် အင်တာနက်တို့မှတစ်ဆင့် ထုတ်လွှင့်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (FDC) မှ တာဝန်ရှိသူများ ပူးပေါင်း၍ ထိုသို့စီစဉ်ရိုက်ကူးခြင်းဖြစ်သည်။

ထိုသို့ ရိုက်ကူးရာတွင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က အစီအစဉ်မှူးအဖြစ် ပါဝင်ဆောင်ရွက်ပြီး "ပိတောက်ကတဲ့ဂီတ" ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်သူနှင့် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီ အေးမြတ်သူနှင့် သရုပ်ဆောင် ပိုးမမှီသာတို့ ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးမှုတွင် Frenzo ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် "ပိတောက်ကတဲ့ဂီတ" ဇာတ်ကားကို ဒါရိုက်တာမီးပွားက ဂီတနှင့် မေတ္တာတရားကို အခြေခံပြီး ပုံဖော်ရိုက်ကူးထားပုံ၊ အယူအဆမတူညီမှု၊ မျိုးဆက်ကွာဟမှုများနှင့် ဇာတ်လမ်းတည်ဆောက်ထားပုံ၊ ဇာတ်ကွက်များကို သီချင်းများဖြင့် သီကုံးထားပုံ၊ ဇာတ်လမ်းဇာတ်ကွက်နှင့် လိုက်ဖက်သော မတူညီသည့် သံစဉ်များဖြင့် ထည့်သွင်းရိုက်ကူးထားပုံ၊ မန္တလေးမြို့၏ အထင်ကရ မြို့မတေးဂီတအဖွဲ့နှင့် ဂီတပညာရှင်များက ဂီတဆိုင်ရာ ပံ့ပိုးပေးပုံ၊ ခေတ်အလိုက် ပေါ်ထွက်ခဲ့ကြသည့် ဂီတအမျိုးအစားများအလိုက် အလှကိုယ်စီရှိမှုနှင့် လူငယ်များ သဘောကျသည့် ဂီတများ ထည့်သွင်းရိုက်ကူးထားပုံ၊ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်သည် ရေကစားခြင်းသာမကဘဲ ဂီတနှင့်တွဲလျက် ခွဲခြားမရပုံ၊ ဇာတ်ဝင်ခန်းများကို ၂၀၁၉ ခုနှစ် မန္တလေးသင်္ကြန်နှင့် ၂၀၁၉ ခုနှစ် မေလက ပြုလုပ်ခဲ့သည့် စိုင်းစိုင်းခမ်းလှိုင်၏ Mandalay Show မှ ဖျော်ဖြေမှုများဖြင့် ပေါင်းစပ်ဖန်တီးထားပုံတို့ကို ဆွေးနွေးကြခြင်းဖြစ်သည်။

အဆိုပါ သင်္ကြန်ရင်ခုန်သံ စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များကို သင်္ကြန်ကာလအတွင်း MRTV မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ **နီနီမျိုး (FDC)**





"ပိတောက်ကတဲ့ဂီတ" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲ MRTV တွင် ရိုက်ကူးနေပုံ

# မြို့နယ်အဝင် အထွက် ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေး

**မံစီ ဧပြီ ၃**

ကချင်ပြည်နယ် မံစီမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် မြို့မဈေးနှင့် မြို့အဝင် အထွက်လုံခြုံရေးဂိတ်များ၌ ယနေ့နံနက်ပိုင်းမှ စတင်၍ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ကြသည်။

ကိုယ်အပူချိန်များတိုင်းတာခြင်း၊ ကျန်းမာရေးအခြေအနေများ မေးမြန်းစစ်ဆေးခြင်းဆောင်ရွက်ပြီး သံသယ လူနာများ တွေ့ရှိပါက ထိန်းချုပ်ကုသရမည့် လုပ်ငန်းအဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းစောဝေနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ချိုတို့က ဦးဆောင်ခဲ့ကြပြီး ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယနေ့နံနက် ၁၀ နာရီအထိ လူပေါင်း ၅၅၀ ခန့်ကို စစ်ဆေးခဲ့ရာ ကျန်းမာရေးကောင်းမွန်လျက်ရှိပြီး သံသယလူနာမတွေ့ရကြောင်း၊ မြို့အဝင် အထွက် ဂိတ်များ၌ နေ့စဉ်အလှည့်ကျစနစ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဝင်အထွက်ခရီးသည်စာရင်းများ မှတ်ပုံတင်ထားရှိမည်ဖြစ်ကြောင်းသိရသည်။

**ရိန် (ပြန်/ဆက်)**




မြို့နယ်အဝင်အထွက် ခရီးသွားပြည်သူများကို စစ်ဆေးပေးနေစဉ်။

# မြောင်းမြမြို့၌ ကိုဗစ်-၁၉ ကူးစက်မှုမရှိရေး ရွှေ့လျားမော်တော်ယာဉ်ဖြင့် အသိပညာပေး

**မြောင်းမြ ဧပြီ ၃**

မြောင်းမြမြို့၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားမော်တော်ယာဉ်ဖြင့် ယနေ့နံနက်ပိုင်းမှစတင်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦး၊ မြောင်းမြမြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ အမှတ် (၈၁) ယာဉ်ထိန်းတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များက မြောင်းမြမြို့ မြသာယာဈေး၊ မြောင်းမြပြည်သူ့ဆေးရုံရှေ့၊ အဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်း၊ သဘော်ဆိပ်၊ ကားလေးဂိတ်များတွင် ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်း၊ လက်သန့်ဆေးရည်များ စနစ်တကျသုံးစွဲစေခြင်းနှင့် လက်ကို စင်ကြယ်စွာ ဆေးကြောနည်းစနစ်များ စသည်တို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သင်းရနံ့(မြရာမြေ)**




မြောင်းမြမြို့ မြသာယာဈေး၌ ကိုဗစ်-၁၉ နှင့်ပတ်သက်သော အသိပညာပေးမှုများ ဆောင်ရွက်ကြစဉ်။



# ဘာသာစာပေပေါင်းကူး(၉)

**မောင်ခင်မင် (ဓနုဖြူ)**

" ကဲ... သမီးရေ၊ ဘာသာစကားနဲ့စာပေ အပြန်အလှန်ဆက်သွယ်နေပုံတွေကို သာဓကတွေနဲ့ ဘဘပြောခဲ့တာ။ သမီးသဘောပေါက်လောက်ရောပေ့ါ"

"သဘောပေါက်ပါတယ် ဘဘ"

"ဒီတော့ နောက်တစ်ဆင့် လေ့လာစရာကလေးတွေ ပြောကြရအောင်။ ဘာသာစကားက စာပေကို ဘယ်လိုအကျိုးပြုသလဲဆိုတဲ့ အပိုင်းရယ်၊ စာပေကဘာသာစကားကို ဘယ်လိုအကျိုးပြုတယ်ဆိုတဲ့အပိုင်းရယ်ပေ့ါ"

"စိတ်ဝင်စားစရာကောင်းပါတယ် ဘဘ၊ သမီး လေ့လာချင်ပါတယ်"

"ပထမဆုံး ဘာသာစကားက စာပေကို ဘယ်လိုအကျိုးပြုတယ်ဆိုတာ စဉ်းစားကြည့်ရအောင်။ မြင်သာတာတစ်ခုက စာဆိုတွေဟာ စိတ်ကူးကောင်းကောင်းနဲ့ စကားလုံးကလေးတွေကို တွဲစပ်ပြီး ဖွဲ့ခဲ့ကြလို့ အဲဒီစကားအတွဲအစပ်ကလေးတွေဟာ စာပေထဲမှာ အင်မတန်လှပတဲ့ အလှကွက်ကလေးတွေ ဖြစ်နေတာလေ"

"ဪ...ဟုတ်ကဲ့ပါ"

"အဲဒီလို ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်း ကစားနိုင်တဲ့ စာဆိုတွေထဲမှာတော့ ရှင်မဟာရဋ္ဌသာရဟာ အစောဆုံးလို့ ဆိုရမှာပေ့ါကွယ်။ ဆရာတော်ရဲ့ရတုတွေ သမီးသင်ဖူးတယ်မဟုတ်လား"

"သင်ဖူးပါတယ် ဘဘ"

"ကဲ...ပြန်စဉ်းစားကြည့်ရအောင်။ 'ငါးဆူရွှေကြာ၊ နိမိတ်လာ၍...' အစချီတဲ့ရတုကို သမီးမှတ်မိရင် ဆိုပြစမ်းပါ"

"ဟုတ်ကဲ့၊ ငါးဆူရွှေကြာ၊ နိမိတ်လာ၍၊ ငါးဖြာမွှာလျက်၊ တစ်ပင်နက်ဝယ်၊ ငါးဆက်ဖူးငုံ၊ ပေါ်လတ်တုံက..."

"ရပါပြီ၊ ရပါပြီ။ ဒီရတုမှာ ဘာသာစကားသုံးပုံ ဘာထူးခြားသလဲ" " 'ငါး'ဆိုတဲ့ စကားလုံးကို လေးလုံးစပ်ပုံစံမှာ တစ်ပိုဒ်ခြားတိုင်း အစမှာ ထည့်ပြီးဖွဲ့တာပါ ဘဘ"

" ဟုတ်ပါတယ်။ 'ငါးဆူရွှေကြာ'ကစပြီး 'ငါး' ဆိုတဲ့ စကားလုံးနဲ့ စတဲ့အပိုဒ်တွေကို တစ်ပိုဒ်ခြားဖွဲ့တဲ့ပုံစံပေ့ါ။ အဲဒီလိုပဲ၊ သမီးသိမှာပါ၊ 'ချစ်ဆုံမက်၍၊ သက်ထက်ဆယ်ပြန်၊ ချစ်ခြင်းလွန်သား၊ ရဲအားမြောက်ခေါင်၊ ချစ်ဆွေမောင်လျှင်'ဆိုပြီး 'ချစ်'ဆိုတဲ့ စကားလုံးကိုလဲ တစ်ပိုဒ်ခြားအစမှာ ထည့်ပြီးဖွဲ့ထားတာလေ။ အဲဒီလို စကားလုံးတူတွေ တစ်ပိုဒ်ခြားဖွဲ့တဲ့အဖွဲ့ကို ဘယ်လိုနာမည်ပေးသလဲ၊ သမီးမှတ်မိလား"

"ပဒုမ္မာကြာဆိုနည်းလို့ နာမည်ပေးပါတယ် ဘဘ"

"စာဆိုကိုယ်တိုင်က ပေးတဲ့နာမည်လား၊ နောက်လူတွေက ပေးတဲ့နာမည်လားတော့ မသိဘူးပေ့ါကွယ်။ ဖွဲ့နည်းတွေကို အဲဒီလိုနာမည်လှလှကလေးတွေ ပေးထားတယ်ကွဲ့"

"ဟုတ်ကဲ့ပါ"

"ကဲ...နောက်တစ်မျိုးကြည့်ရအောင်။ 'ရွှယ်ရန်ငွေ့၍၊ ရန်းလေ့ရာသီ၊ ရဲရဲညီမျှ၊ ရဝိကန္တ၊ ရတနသို့' အစချီပြီး အပိုဒ်တိုင်းကို 'ရ'နဲ့စပြီးဖွဲ့တယ်။ အဆုံးအထိပဲ။ အဆုံးမှာ 'ရှိဦးတင်၍၊ ရယ်ခွင်နိဗ္ဗာန်၊ ရောက်အံ့မှန်သည်၊ ရွှယ်ရန်ရည်ရှု ရွေးရှာသော' လို့ 'ရ'တွေနဲ့ အဆုံးသတ်လိုက်တယ်။ အဲဒီ အဖွဲ့ကိုတော့ 'မုမမတ္တာရွဲသီရေးနည်း' လို့ နာမည်ပေးတယ်ကွဲ့"

"ဟုတ်ကဲ့ပါ ဘဘ"

"နောက်တစ်ပုဒ်က သမီးရမှာပါ။ 'မြတ်မျိုးမြင့်မှန်'လို့ စတယ်လေ။ ရပါတယ် ဘဘ။ မြတ်မျိုးမြင့်မှန်၊ ကြင်ပေတန်၍၊ ရွှယ်ရန်ရည်ရင့်၊ ဆင်တိုင်တင့်သား၊ နတ်နှင့်နူန်းနှန်း၊ ဝင်းငြိမ်းရွှန်း၍၊ လှလွန်းလွန်လှည့်၊ ငါးကြန်ပြည့်လို့..."

"ရပါပြီ၊ ရပါပြီ။ ဖွဲ့ပုံဘယ်လိုထူးခြားသလဲ၊ ပြောပြပါအုံး"

"ဘဘ၊ လေးလုံးတစ်ပိုဒ်ခြားစီ၊ စာလုံးတူ လေးလုံးစီတွဲပြီး ဖွဲ့ထားတာပါ "

"ဟုတ်တယ်။ ဒါကပုံစံတစ်မျိုးပေ့ါ။ စစချင်း 'မြတ်မျိုးမြင့်မှန်'ဆိုပြီး 'မ'လေးလုံးနဲ့ဖွဲ့တယ်။ ပြီးတော့ ရ၊ န၊ လ စသည်ဖြင့် အသံတူ လေးလုံးတွဲတွေ တစ်လှည့်စီဖွဲ့ထားပါတယ် ဘဘ"

"ရှင်မဟာရဋ္ဌသာရဟာ လေးလုံးစပ်အဖွဲ့တွေ အများကြီးဖွဲ့တာ သမီးအသိပဲ။ အဲဒီမှာ ထူးထူးခြားခြား သုံးလုံးစပ်အဖွဲ့တို့၊ ငါးလုံးစပ်အဖွဲ့တို့လဲ ဖွဲ့ခဲ့သေးတယ်ကွဲ့"

"သုံးလုံးစပ်အဖွဲ့က သုံးလုံးတစ်ပိုဒ်စီ ကာရန်ယူပြီးဖွဲ့တဲ့အဖွဲ့ပဲ။ 'မိန့်သည်မှာ၊ နာလော့နား၊ ခားမြက်မြက်၊ ထက်အောင်သွေး'လို့ သုံးလုံးတစ်ပိုဒ် ကာရန်ယူသွားပြီး အဆုံးမှာ 'မှာလိုက်မည်၊ သည်အကြောင်း၊ ကောင်းကောင်းကျင့်'လို့ အဆုံးသတ်ထားတယ်။ 'ဝဲရိုက်ဝဲသွင်း ဆုံးမစာလင်္ကာ'လို့ အစဉ်အဆက်မှတ်သားကြတယ်ကွဲ့"

**"ပထမဆုံး ဘာသာစကားကစာပေကို ဘယ်လိုအကျိုးပြုတယ်ဆိုတာ စဉ်းစားကြည့်ရအောင်။ မြင်သာတာတစ်ခုက စာဆိုတွေဟာ စိတ်ကူးကောင်းကောင်းနဲ့ စကားလုံးကလေးတွေကို တွဲစပ်ပြီး ဖွဲ့ခဲ့ကြလို့ အဲဒီစကားအတွဲအစပ် ကလေးတွေဟာ စာပေထဲမှာ အင်မတန်လှပတဲ့ အလှကွက်ကလေးတွေ ဖြစ်နေတာလေ"**

"အဆုံးသတ်ပုံရော၊ သမီးမှတ်မိသလား"

"မှတ်မိပါတယ် ဘဘ၊ 'လွှမ်းလင့်လွန်လှည့် လေလိမ့်လော'ဆိုပြီး 'လ' ခုနစ်လုံးနဲ့အဆုံးသတ်ထားတာပါ"

"ဒီဖွဲ့နည်းကိုတော့ ပုလဲတစ်တန့်၊ သန္တာတစ်တန့်ဆိုနည်းလို့ နာမည်ပေးထားတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"နောက်တစ်မျိုးကတော့ 'သန်လျက်ချနည်းစာ'လို့ နာမည်ပေးထားတယ်"

"ဟုတ်ကဲ့"

"သုံးပိုဒ်ပါတဲ့ ရတုပဲ။ ပထမပိုဒ်မှာ 'ဆင်းကျဆင်းထွတ်၊ လှထွက်လှမော၊ တူလျောတူဖက်၊ တူစက်ပြိုင်အံ့'လို့ စတယ်။ ဒုတိယပိုဒ်မှာ 'ဖက်ချစ်ရမ်းချစ်၊ တမ်းချစ်ချစ်ပျော်၊ ယှဉ်သော်ယှဉ်စုံ၊ ယှဉ်နွဲ့တုံ၍ 'လို့ စတယ်။ တတိယပိုဒ်မှာ 'စံတုစံကင်း၊ တုကင်းတုမဲ့၊ ရှိမ်းလဲရှိမ်းညို၊ ရှိမ်းပျိုပြောချော'လို့စတယ်။ ဒီစာအုပ်ထဲမှာပါတယ်။ ရေးဖွဲ့ထားတဲ့ အဆင်အကွက်ထင်ရှားအောင် ဘဘက ဖတ်ပြတာပါ။ ဘယ်လောက်လှသလဲနော်"

"ဟုတ်ပါတယ် ဘဘ၊ ခုခေတ်ကဗျာဖွဲ့တဲ့သူတွေ နမူနာယူစရာတွေ အများကြီးပဲလို့ ထင်ပါတယ်"

"ရှေ့ပိုဒ်အဆုံးနဲ့ နောက်ပိုဒ်အစကို တစ်ပိုဒ်နဲ့တစ်ပိုဒ် ချိတ်ပြီးဖွဲ့တာမျိုးလဲ ရှိတယ်ကွဲ့။ 'လွှမ်းဘုန်းကျော်'လို့ သုံးလုံးနဲ့စပြီး 'ပေါ်ထင်လွှမ်း'လို့ သုံးလုံးနဲ့ ဆုံးတယ်။ နောက်တစ်ပိုဒ်ကို 'လွှမ်းထင်ပေါ်'လို့ပြန်စတယ်။ 'ကြေညာလွှမ်း' လို့ ဆုံးတယ်။ နောက်တစ်ပိုဒ်ကို 'လွှမ်းညာကြေ'လို့ ပြန်စပြီး 'ပတ်ဝန်းလွှမ်း'လို့ဆုံးတယ်။ နောက်ဆုံးအပိုဒ်ကျတော့ 'လွှမ်းဝန်းပတ်'လို့ ပြန်စပြီး 'ကျော်ဘုန်းလွှမ်း'လို့ ဆုံးတယ်။ ပထမပိုဒ် 'လွှမ်းဘုန်းကျော်' နဲ့ စကားလုံးတူ ပြန်ဆုံးတာလေ။ ဖွင့်တဲ့စကားလုံးတွေနဲ့ ပြန်ပိတ်တာမို့ အဖွင့်အပိတ်ညီပြီး တစ်ပတ်လည်သွားတာပေ့ါကွယ်။ အဲဒီစာကို 'နဝဘာအင်းဆိုနည်း' လို့ နာမည်ပေးတယ်"

"တော်တော် သဘောပေါက်သွားပါပြီ ဘဘ"

"ဖွဲ့ပုံက တော်တော်လှတယ်နော်"

"ဆုံးမစာဆိုတော့ လူငယ်တွေ ပေ့ါပေ့ါပါးပါး ဖတ်ပြီး နားဝင်လွယ်အောင် ဖွဲ့ထားတယ်လို့ ဆိုရမှာပေ့ါကွယ်"

" ဟုတ်ကဲ့ပါ"

" ငါးလုံးတစ်ပိုဒ်အဖွဲ့ကတော့ သမီးသိပါတယ်။ 'ဝဏ္ဏပဘာ'နဲ့ စတယ်လေ"

" ဟုတ်ကဲ့၊ ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်၊ ပျိုမျစ်မျစ်လျှင်၊ ကျစ်လျစ်တင့်စံပယ်၊ လှမျိုးကြွယ်သား၊ ဆံသွယ်မြမြိတ်စို့၊ ဆင်းရောင်ပျို့ကို..."

"ဟုတ်ပါပြီ။ ဖွဲ့ပုံကိုကြည့်ရင် လေးလုံးတစ်ပိုဒ်၊ ငါးလုံးတစ်ပိုဒ် တစ်လှည့်စီဖွဲ့ထားတာတွေ့နိုင်ပါတယ်။ ရတုသုံးပိုဒ်စလုံး အဲဒီပုံစံဖွဲ့ထားတာ။ မိန်းကလေးတစ်ယောက်ရဲ့ အလှကိုဖွဲ့ထားတာ သရုပ်ပေါ်တယ်။ စာဆိုရဲ့ထင်ရှားတဲ့ရတုပါပဲ။ အဲဒီရတုကို ဘယ်လိုနာမည်ပေးထားသလဲ၊ သမီးသိတယ် မဟုတ်လား"

"သိပါတယ် ဘဘ။ 'တောင့်တဲတွန့်ရတု'လို့ နာမည်ပေးပါတယ်"

"တောင့်တဲတွန့်ဆိုတာက ပိုးတောင့်တဲဆိုတဲ့ ပိုးကောင်ကလေးတွေရဲ့အမူအရာနဲ့တင်စားပြီး နာမည်ပေးတာပါ။ ပိုးတောင့်တဲလို့ခေါ်တဲ့ ပိုးကောင်ကလေးတွေက ကိုယ်ကိုတွန့်လိုက်၊ နဂိုအတိုင်း ပြန်နေလိုက်လုပ်ပြီး သွားတတ်တာမို့ ဒီရတုမှာ လေးလုံးဖြစ်လိုက်၊ ငါးလုံးဖြစ်လိုက် ပုံစံဟာ ပိုးတောင့်တဲကလေးတွေ ကိုယ်ကိုတွန့်တွန့်ပြီး သွားတဲ့ပုံစံနဲ့တူလို့ ဒီနာမည်ပေးတာလေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ ဘဘပြောချင်တာက စာဆိုတော်ကြီး ရှင်မဟာရဋ္ဌသာရက ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင်တွဲစပ်ပြီး အဆင်အကွက် အမျိုးမျိုးဖော်ခဲ့တဲ့ အဖွဲ့တွေဟာ မြန်မာစာပေမှာ အစဉ်အဆက်နှစ်သက်ခဲ့ကြတဲ့ အလှကွက်တွေအဖြစ် ဒီနေ့အထိ ထင်ရှားနေတာမို့ ဒါဟာ ဘာသာစကားက စာပေကိုအကျိုးပြုတဲ့ သာဓကတစ်ခုပဲလို့ မှတ်သားဖို့ပါပဲကွယ်"

"ဟုတ်ကဲ့ပါ ဘဘ"

# မိုင်းဆတ်မြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် တောမီးမှတစ်ဆင့်မီးလောင်မှုဖြစ်ကာ နေအိမ် ၃၆ လုံးဆုံးရှုံး

**မိုင်းဆတ် ဧပြီ ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် ပုံတပ်(၁) ကျေးရွာနှင့် ခတ်ကြားဒေကျေးရွာတို့တွင် ယမန်နေ့က တောမီးမှတစ်ဆင့် နေအိမ် ၃၆ လုံး မီးကူးစက်လောင်ကျွမ်းခဲ့သည်။

ပုံတပ်(၁)ကျေးရွာ၏ အနောက်ဘက် တောအုပ်အတွင်း၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခန့်က တောမီးလောင်သဖြင့် ရွာသားများ ဝိုင်းဝန်းငြိမ်းသတ်နေစဉ် ညနေ ၃ နာရီခွဲခန့်တွင် လေပြင်းတိုက်ခတ်သဖြင့် ကျေးရွာအစွန်ရှိ ဦးကျဟယ်၏ နေအိမ်သို့ မီးပွားကျကာ မီးကူးစက်၍ စတင်လောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ မိုင်းခုတ်မြို့အုပ်ချုပ်ရေးမှူး ဦးလှိုင်ကျော်သူနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့သွားရောက်ပြီး ကျေးရွာသူ ကျေးရွာသားများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ရာ ညနေ ၅ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် သက်ငယ်မိုး ဝါးထရံကာအိမ် ၂၁ လုံး၊ သွပ်မိုးပျဉ်ကာအိမ် ၁၁ လုံး၊ မူလတန်းကျောင်းတစ်ကျောင်း ပျက်စီးဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၃၂ စုမှ လူဦးရေ ၁၃၉ ဦး မီးဘေးသင့်ခဲ့ကြောင်း သိရသည်။

အလားတူ ခတ်ကြားဒေ(၁)ကျေးရွာ၌ ယမန်နေ့ မွန်းလွဲ ၃ နာရီက တောမီးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ရာ ရွာသူ၊ ရွာသားများဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၄ နာရီ မိနစ် ၄၀တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ်လေးလုံးပျက်စီးဆုံးရှုံးပြီး အိမ်ထောင်စုလေးစုမှ လူဦးရေ ၁၉ ဦး မီးဘေးသင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးသင့်ပြည်သူများအား နီးစပ်ရာဌင်းတို့၏ ဆွေမျိုးများနေအိမ်တွင် ခေတ္တနေရာချထားပေးပြီး ကျေးရွာမှ နေထိုင်စားသောက်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ထားရှိကြောင်း သိရသည်။ မြင့်မောင်(ပြန်/ဆက်)



မီးလောင်ပျက်စီးသွားသည့် နေအိမ်အချို့ကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

**၄ . ၄ . ၂၀၂၀ (စနေနေ့)**

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၈:၃၅ – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ တစ်နှစ်တာ (ပြည်ထောင်စု တရားလွှတ်တော်ချုပ်)
- ၉:၂၀ – ပန်းပျိုးခင်း (အပိုင်း– ၇၅)
- ၉:၃၀ – မဟော်သဓာ (အပိုင်း– ၂၁) "မဟော်သဓာနှင့် အမတ်ကြီး လေးဦး" (ပထမပိုင်း)
- ၁၂:၃၀ – " Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကရင်ပြည်နယ်မှ ဆောင်ရွက်နေသူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးခဲ့မှုအစီအစဉ် "

**ညပိုင်း**

- ၁၇:၄၀ – သူတို့ဒေသ သူတို့ဘဝ " ဗန်းမော်မြေမှ ကချင်တိုင်းရင်းသား "
- ၁၈:၃၅ – MRTV Travelogue (ရွှေသောင်ယံသို့ ခရီးသွားခြင်း) (အပိုင်း– ၁၀)
- ၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)
- – မြန်မာဗီဒီယိုဇာတ်လမ်း "အသဲယားအောင် မလုပ်နဲ့နော် " (နိုင်းနိုင်း၊ မိုးဟေကို) (ဒါရိုက်တာ– နောင်ထွန်းလွင်)
- – မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## မြဝတီ၊ နမ့်စန်၊ မဘိမ်းနှင့် ပုံပါကျင်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂ ရက် ညနေ ၄ နာရီက မြဝတီမြို့ အမှတ်(၄) ရပ်ကွက် အေးသာယာ(၂)လမ်းနေ ဖြိုးဝေကျော်(ခ) ကိုဖြိုး၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ အောင်ပြည့်ဖြိုး (ခ)လူစီ၊ ဇော်ဝင်းအောင်(ခ) ငပြူးလေးတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ် ဆေးပြား ၁၀၀၄ ပြား၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန် မြို့ အမှတ်(၅) ရပ်ကွက် တောင်ပေါ်ရေကန်လမ်းနေ ဇော်ဦး၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၀ ကိုလည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီခွဲက မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် ဘဟဲကျေးရွာအုပ်စု ပွေးတူးကျေးရွာနေ မအေးလွင်၏ နေအိမ်ကို ရှာဖွေရာ နေအိမ်အောက်ရှိသက်ငယ်များကြားမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၉၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၃ နာရီတွင် တပ်မတော်က မိုင်းတုံမြို့နယ် ပုံပါကျင်မြို့ နမ့်ဟူးခွန်ကျေးရွာအုပ်စု ပါချီးကျေးရွာ၏ တောင်ဘက် ၃ မိုင်ခန့်အကွာ ထိုင်း–မြန်မာ နှစ်နိုင်ငံ နယ်စပ်အနီးတွင် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားသည့် အိုက်စ် ၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး ၎င်းနေရာနှင့် ကိုက် ၁၅၀ ခန့် အကွာရှိ ဆာလာအိတ်အတွင်းမှ အိုက်စ် ၃ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



ဖမ်းဆီးရမိသည့် တရားမဝင်ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများကို တွေ့ရစဉ်။

## ဟိုင်းကြီးကျွန်းမြို့အနီး တရားမဝင် ငါးဖမ်းရေယာဉ်သုံးစင်း ဖမ်းဆီးရမိ

**ဟိုင်းကြီးကျွန်း ဧပြီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အနီး၏ အရှေ့တောင်ဘက် မိုင် ၂၀ ခန့်အကွာ ပင်လယ်ပြင်၌ ဧပြီ ၃ ရက် နံနက် ၇ နာရီခန့်က ရေယာဉ်လိုင်စင်နှင့် ငါးဖမ်းဆီးခွင့် လိုင်စင်မရှိဘဲ ငါးဖမ်းဆီးနေသော ကမ်းဝေးငါးဖမ်းရေယာဉ်သုံးစင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ်းဝေးငါးဖမ်းရေယာဉ်သုံးစင်းမှာ ထားဝယ်မြို့နယ် မောင်းမကန်ကျေးရွာ၌ နေထိုင်သူများဖြစ်ကြသည့် ဦးမောင်ညို၊ ဦးလှသိန်း၊ ဦးကျော်လွင်တို့ ပိုင်ဆိုင်သော ငါးဖမ်းရေယာဉ်များဖြစ်ကြောင်း၊ စစ်ရေယာဉ်က ပင်လယ်ပြင် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေစဉ် မသင်္ကာဖွယ်ရာ ရေယာဉ်များကို တွေ့ရှိရမှုကြောင့် သွားရောက်စစ်ဆေးခဲ့ရာ ထိပ်စွန်း၏ အရှေ့တောင်ဘက် မိုင် ၂၀ခန့်အကွာ ပင်လယ်ပြင်၌ ငါးဖမ်းနေသော မြန်မာရေလုပ်သားကိုးဦးလိုက်ပါသည့် ငါးဖမ်းရေယာဉ်တစ်စင်းကိုလည်းကောင်း၊ ထိပ်စွန်း၏ အရှေ့တောင်ဘက် ၂၇ ဒသမ ၅ မိုင်ခန့်အကွာ ပင်လယ်ပြင်၌ ငါးဖမ်းနေသော မြန်မာရေလုပ်သား ရှစ်ဦးလိုက်ပါသည့် ငါးဖမ်းရေယာဉ်တစ်စင်းကိုလည်းကောင်း၊ ထိပ်စွန်း၏ အရှေ့တောင်ဘက် ၃၁ ဒသမ ၅ မိုင်ခန့်အကွာ ပင်လယ်ပြင်၌ ငါးဖမ်းနေသော မြန်မာရေလုပ်သားခုနစ်ဦး လိုက်ပါသည့် ငါးဖမ်းရေယာဉ်တစ်စင်းကို လည်းကောင်း ရေယာဉ်လိုင်စင်၊ ငါးဖမ်းဆီးခွင့်လိုင်စင်များပါရှိမှု မရှိဘဲ ငါးဖမ်းနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဖမ်းဆီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ငါးဖမ်းရေယာဉ်သုံးစင်းမှာ ဟိုင်းကြီးကျွန်းမြို့ ဘမ်းဘွေးကျေးရွာပင်လယ်ကမ်းခြေသို့ ရောက်ရှိနေခဲ့ပြီး မတ် ၂၅ ရက် နံနက်ပိုင်းက ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဖမ်းဆီးထားသော ငါးဖမ်းရေယာဉ်သုံးစင်းကို ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)

## ရေကြည်မြို့နယ်တွင် ယာဉ်တိုက်မှုကြောင့် နှစ်ဦးသေဆုံး

**ရေကြည် ဧပြီ ၃**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကညင်လေးပင်ရွာထိပ်အနီး ရေကြည်–ကျုံပျော်ကားလမ်းမပေါ်တွင် ယနေ့နံနက် ၉ နာရီခွဲက ကျောက်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိရာ နှစ်ဦးသေဆုံးကြောင်း သိရသည်။

ကညင်လေးပင်ရွာထိပ်အနီး ရေကြည်–ကျုံပျော် ကားလမ်းပေါ်တွင် ယနေ့ နံနက် ၉ နာရီခွဲခန့်က ရေကြည်မြို့ဘက်မှ ကျုံပျော်မြို့ဘက်သို့ ကျုံပျော်မြို့နယ် ကျာအင်းကုန်းကျေးရွာနေသူ ယာဉ်မောင်း ဇင်မောင်မောင် မောင်းနှင်လာသော YGN IP / ---- ယာဉ်သည် မိုင်တိုင်အမှတ် ၄၁/၅ နှင့် ၄၁/၆ ကြား အရောက်တွင် ရှေ့ယာဉ်ကိုကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောရှိ အထောင်မြို့ ဗိုလ်ချုပ်လမ်းနေသူ ဦးသန်းနိုင် (၅၀ နှစ်)နှင့် အမှတ်–၅၃၆ (က) ရွှေပြည်သာမြို့နယ်နေသူ မမြင့်ထက်ထက်လှိုင် (၃၂ နှစ်)တို့ စီးနင်းလာသည့်ဆိုင်ကယ်ကို အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဦးသန်းနိုင်နှင့် မမြင့်ထက်ထက်လှိုင်တို့တွင် ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးပြီး ယာဉ်မောင်း ဇင်မောင်မောင်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်း ဇင်မောင်မောင်အား ရေကြည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

ဆန်းတင့် (ရေကြည်)

## မတ္တရာမြို့နယ်တွင် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

**မတ္တရာ ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကုန်းတန်းကျေးရွာတွင် ဧပြီ ၂ ရက် ည ၇ နာရီက အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း သိရသည်။ သေဆုံးသူမှာ စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်နေ ဦးမြတ်ကို (၄၀နှစ်) ဖြစ်ပြီး ၎င်းသည် ကုန်းတန်းကျေးရွာတွင် လုပ်ကိုင်ဖော်ကိုင်ဖက်တစ်ဦးနှင့်အတူ အမြင့်ပေ ၂၀ ရှိ ကွန်ကရစ်ရေစင်တွင် သံချောင်းများဖြင့် သံဂဟေဆက်လုပ်ငန်းများ ဆောင်ရွက်စဉ် ရေစင်နှင့် ၅ ပေအကွာရှိ ကျေးရွာဓာတ်အားလိုင်းကြိုးနှင့် ထိ၍ ဓာတ်လိုက်သဖြင့် မတ္တရာမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဦးမြတ်ကို သေဆုံးမှုအပေါ် မတ္တရာမြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

## ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂ ရက်တွင် မန္တလေး–မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅၉၃ စီး၊ သွင်းကုန် ၁၆၅၅ စီး၊ ရန်ကုန်–မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၅၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၁၃ သန်း တန်ဖိုးရှိ တစ်ပါကင်ပုလင်း ၅၀ ပါ လစ်ပို ၁၀ ပါကင်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လျှပ်စစ်မီးခုံ ဝိုင်ယာရှော့ဖြစ်ရာမှ နေအိမ်တစ်လုံး မီးလောင်

**လှိုင်းဘွဲ့ ဧပြီ ၃ –**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျွန်းမီးကျေးရွာ ဒေါ်ဆီးရယ်နေအိမ်၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက လျှပ်စစ်မီးခုံဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်သည်။ မီးလောင်မှုဖြစ်ရာသို့ ရွှေဂူန်းနယ်မြေရဲစခန်းမှ ရဲအုပ်လေးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ရွှေဂူန်းမီးသတ်စခန်းမှ လက်ထောက် မီးသတ်ဦးစီးမှူး စောကလိုဆာမူးနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသားများက မီးသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၁၀မိနစ်တွင် မီးငြိမ်းသွားသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေဂူန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲရုံးနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများအတွက် ကွန်ပျူတာနှင့် ပရင်တာအစုံ ၄၀ ထောက်ပံ့

**မုံရွာ ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီး ကော်မရှင် အဖွဲ့ခွဲရုံးနှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးများ အတွက် ကွန်ပျူတာထောက်ပံ့လှူဒါန်း ခြင်း အခမ်းအနားကို ယမန်နေ့က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသ ကြီး ဝန်ကြီးချုပ်က ကွန်ပျူတာ လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး ကွန်ပျူတာနှင့် ပရင်တာ အစုံ ၄၀ ကို ထောက်ပံ့ပေးအပ်ခဲ့ရာ တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ ဝင် ဒေါ်မြင့်မြင့်သီနှင့်အဖွဲ့ဝင် ဦးစော ထွန်းတို့က လက်ခံယူသည်။**(အပေါ်ပုံ)**



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရှိ တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲရုံး အတွက် ကွန်ပျူတာနှင့် ပရင်တာ သုံးစုံ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ၃၇ ရုံးအတွက် ကွန်ပျူတာနှင့် ပရင့်တာ ၃၇ စုံ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

**ထွန်းကိုကို(ယင်းမာပင်)**

## စောင့်ကြည့်လူနာများထားရှိသော ကျောက်တလုံးမြို့ အထက ကျောင်းသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**ကျောက်တလုံး ဧပြီ ၃**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်း၊ ပြည်နယ် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ခရိုင်/မြို့နယ် အုပ်ချုပ် ရေးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက တောင်ကြီး မြို့နယ် ကျောက်တလုံးမြို့ နောင်ယာ ဆိုင်းဂိတ်တွင် ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ကာကွယ်ရေးကျန်းမာရေး စစ်ဆေးနေမှုကို ကြည့်ရှုပြီး တာဝန်ကျ ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် ကျောက်တလုံးမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် နောင်ကားကျေးရွာအုပ်စု အခြေခံ ပညာ အထက်တန်းကျောင်း (လုံကား) တို့၌ ဖွင့်လှစ်ထားသော ကိုဗစ်- ၁၉ ကြိုတင်ကာကွယ်ရေးအတွက် နေရပ် ပြန် ၁၄ ရက် စောင့်ကြည့်အဖွဲ့များကို သွားရောက်ကြည့်ရှုပြီး ပြည်နယ် အစိုးရအဖွဲ့မှ ကာကွယ်ရေးလုပ်ငန်း၌ အသုံးပြုနိုင်ရန်အတွက် နှာခေါင်းစည်း၊ လက်အိတ်၊ လည်ရှည်ဖိနပ်များနှင့် တာဝန်ကျဝန်ထမ်းများ လိုအပ်သည့် နေရာတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်ငါးသိန်းစီ ထောက်ပံ့ပေးအပ် ခဲ့သည်။ (ဝဲပုံ)



အဆိုပါ ကိုဗစ်- ၁၉ ကြိုတင် ကာကွယ်ရေးအတွက် ကျောက်တလုံး မြို့ အခြေခံပညာအထက်တန်း ကျောင်းတွင် ထိုင်းနိုင်ငံမှ နေရပ်ပြန် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၁ဦး တို့ကိုမတ် ၂၄ရက်မှစတင် စောင့်ကြည့် ထားရှိပြီး လုံကားအခြေခံပညာ အထက်တန်းကျောင်းတွင် ထိုင်းနိုင်ငံ မှ နေရပ်ပြန်အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၂ ဦး တို့ကိုမတ် ၂၅ရက်မှ စတင် စောင့်ကြည့်ထားကြောင်း သိရ သည်။

**မောင်မောင်သန်း(တောင်ကြီး)**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးစခန်းများ ကွင်းဆင်းစစ်ဆေး

**ပုလော ဧပြီ ၃**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က ပုလောမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ် စခန်းများကို ကြည့်ရှုစစ်ဆေး သည်။ **(ယာပုံ)**



တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုလောမြို့နယ် ပြည်သူ့ဆေးရုံတွင် ကိုဗစ် - ၁၉ သံသယလူနာထားရှိအဆောင် ကြိုတင် ပြင်ဆင် ဆောင်ရွက်ထားရှိမှုများနှင့် ပုလောမြို့ အမှတ်(၂) ရပ်ကွက် အတွင်းရှိ လယ်ဝိုင်းဘုန်းတော်ကြီး ကျောင်းတိုက်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ကူးစက်မှု ထိန်းချုပ်ရေး စခန်းရှိ စောင့်ကြည့်လူနာသုံးဦး ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး အတွက် ၁၄ ရက်တာ စောင့်ကြည့် ကာ ကျန်းမာရေးစစ်ဆေးပြီး မိမိ သက်ဆိုင်ရာကျေးရွာများသို့ ပြန်လည် စေလွှတ်မည်ဖြစ်ကြောင်း၊ အစား အသောက်၊ နေရေးထိုင်ရေး လိုအပ် ချက် ကိစ္စရပ်များကို မေးမြန်းကာ လိုအပ်သည်များကို သက်ဆိုင်ရာဌာန ဆိုင်ရာများက ကူညီဆောင်ရွက် ပေးကြရန်နှင့် စောင့်ကြည့်လူနာ သုံးဦးကို အားပေးစကားပြောကြား ခဲ့သည်။

ပုလောမြို့နယ် မကျည်းကုန်း ကျေးရွာ မြို့နယ်ခန်းမတွင် အလှူငွေ နှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားပြုလုပ်ရာ တိုင်းဒေသ ကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး အစိုးရ အဖွဲ့မှ သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းများတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း ၁၀၀၊ တစ်ကိုယ်ရေ ရောဂါကာကွယ် ရေးဝတ်စုံ ၅၀၊ နှာခေါင်းစည်းတစ်ဘူး တွင်အချပ်ရေ ၅၀ ပါဝင်သောဘူး ၃၀ ကို ပုလောမြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီအဖွဲ့အား ထောက်ပံ့ လှူဒါန်း ခဲ့သည်။ **ထူးဝေယံ(ပုလော)**

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့် အစည်းအဝေး ချင်းပြည်နယ်၌ကျင်းပ

**ဟားခါး ဧပြီ ၃**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်နယ်အဆင့်လုပ်ငန်းကော်မတီ အစည်းအဝေးကို ယမန်နေ့က ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး ဗဟိုကော်မတီ၏ ညွှန်ကြားမှုနှင့်အညီ အလေးထားလိုက်နာ ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင် ထားရှိမှုကောင်းမွန်စွာ ဆောင်ရွက်ထားရှိပြီး ဖြစ်သော်လည်း လိုအပ်နိုင်မည့် အခြေအနေများကို ကြိုတင်စဉ်းစားပြီး စီမံဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း ပြောကြားသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်နယ်အဆင့် လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အတွက် မြို့နယ်အလိုက် ဆေးရုံသုံးပစ္စည်းများ၊ကာကွယ်ရေးပစ္စည်းများ ရောက်ရှိမှုတို့နှင့် နေအိမ်တွင်အသွားအလာကန့်သတ်ခြင်း၊ သတ်မှတ်ထားသော နေရာတွင် အသွားအလာကန့်သတ်ခြင်းများထားရှိနိုင်ရေး မြို့နယ်အလိုက် ကိုဗစ်-၁၉ ဆိုင်ရာလူထုအဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပြီး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးပြည်နယ်အဆင့် လုပ်ငန်း ကော်မတီအတွင်းရေးမှူး ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီး ဌာနမှူး ဒေါက်တာအောင်ငွေစံက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ညွှန်ကြားမှု၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှု၊ သက်ဆိုင်ရာနယ်မြေတာဝန်ခံ ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ မြို့နယ်များရှိ ကိုဗစ်-၁၉ ဆိုင်ရာလူထုအဖွဲ့အစည်းများနှင့် ပူးပေါင်း ၍ လုပ်ငန်းများစနစ်တကျအောင်မြင်မှုရှိစေရေး၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

## ကန့်သတ်စောင့်ကြည့်ခြင်းထားရှိခံရသူများ စည်းကမ်းမလိုက်နာပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်လို

**မန္တလေး ဧပြီ ၃**

ကိုဗစ်-၁၉ ရောဂါဖြစ်နိုင်ဖွယ်ရှိသည့်အတွက် ကန့်သတ်စောင့်ကြည့်ခြင်း ထားရှိ ခံရသူအားလုံး လိုက်နာရမည့်စည်းကမ်းများကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားပြီးဖြစ်ပြီး လိုက်နာဆောင်ရွက်ခြင်းမရှိသူများ ကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်းနှင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ် အဆင့်ဆင့်တို့မှ ကြုံတွေ့လာနိုင်သည့် အခက်အခဲများအတွက် ဆုံးဖြတ်ချက်များလိုအပ်လာပါက မန္တလေးတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာ ခရိုင်အလိုက် တာဝန်ပေးထားသည့် ဝန်ကြီးများထံ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က ဧပြီ ၁ ရက် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ပြုလုပ်သည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားခဲ့သည်။

"ကန့်သတ်စောင့်ကြည့်ခြင်း လုပ်ထားသူတွေဟာ ဖြစ်နိုင်ဖွယ်ရှိလို့ ကန့်သတ်စောင့်ကြည့်ခြင်း လုပ်ထားတာ ဖြစ်တယ်။ ကိုဗစ်- ၁၉ကို တိုက်ဖျက် နေတဲ့ကာလမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနဟာ ပင်မကျောရိုးကြီး ဖြစ်ပါတယ်။ ကျန်းမာရေးဌာနများအနေနဲ့ လည်း တချို့ အခက်အခဲရှိတာတွေကို ချက်ချင်းအသိပေးစေချင်ပါတယ်။

"ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုမြင့်မားလာနိုင်တဲ့ အဆိုးဆုံးအခြေအနေ အထိ ကြိုတင်မျှော်မှန်းထားပြီး ကြိုတင်ပြင်ဆင်မှုတွေလုပ်နေပါတယ်။ မန္တလေး တိုင်းဒေသကြီးအတွင်းမှာ ဗဟိုအဆင့် ပြည်ထောင်စုကနေ တိုက်ရိုက်ကွပ်ကဲစီမံ ခန့်ခွဲတဲ့ ဗဟိုအဆင့် ဆေးရုံကြီးတွေကလွဲပြီး ကျန်တဲ့ဆေးရုံတွေမှာ လိုအပ်တဲ့ ကိုဗစ်-၁၉ နဲ့ ပတ်သက်တဲ့ပစ္စည်းတွေ၊ ဆေးဝါးတွေကိစ္စကို တိုင်းဒေသကြီးကနေ အတတ်နိုင်ဆုံးဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းမှာ မန္တလေးတိုင်းဒေသကြီးက လုပ်ငန်းရှင်တွေ၊ မြို့မိမြို့ဖတွေက စေတနာသဒ္ဓါတရားထိုက်တန်စွာနဲ့ ရန်ပုံငွေတွေ၊ ပစ္စည်းတွေ လှူဒါန်းကြပါတယ်။ လိုအပ်လာရင် သဘာဝဘေးအန္တရာယ်ရန်ပုံငွေကနေ သုံးစွဲ သွားမှာ ဖြစ်ပါတယ်။ ရောဂါရှာဖွေရေး ပိုမိုလျင်မြန်စေရေးအတွက် မန္တလေး PHL ကို အဆင့်မြှင့်တင်နိုင်ရေးကိစ္စအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး မကြာခင် PCR စမ်းသပ်နိုင်တော့မှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးခေတ္တဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

**ထိပ်ထားနိုင်**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ၊ ပြည်လည်းလှ

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၈)
# ဒီမိုကရေစီရှင်သန်ရေး ရွေးကောက်ပွဲများကျင်းပပေး



မောင်စာဂ

ဒီမိုကရေစီခေတ်တွင် ရွေးကောက်ပွဲများရှိသည်။ ရွေးကောက်ပွဲများရှိနေလျှင် ဒီမိုကရေစီခေတ်ဖြစ်သည်။ ဒီမိုကရေစီစနစ်သည် ရွေးကောက်ပွဲကို အခြေခံသည်။ ရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ် ထူထောင်တည်ဆောက်သည်။ ရွေးကောက်ပွဲမရှိလျှင် ဒီမိုကရေစီ ဆိတ်သုဉ်းရသည်။ ဒီမိုကရေစီရှင်သန်ရေးအတွက် ရွေးကောက်ပွဲများ ရှိနေရသည်။ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲနှင့် ဒီမိုကရေစီ ခွဲခြား၍မရ။ ဒွန်တွဲနေသည်။ အနှစ်ချုပ်မှုဝေပါရစေ။

**ဒီမိုကရေစီခေတ်၊ ဒီမိုကရေစီစနစ်**

ယနေ့မြန်မာနိုင်ငံသည် မည်သည့်ခေတ်ကာလသို့ ရောက်ရှိနေသနည်း။ မည်သည့်စနစ်ကို ကျင့်သုံးနေသနည်းဟု မေးမြန်းလာပါလျှင် ဒီမိုကရေစီခေတ်သို့ ရောက်ရှိနေသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည်ဟု ဖြေဆိုရမည်သာ။ ဤသည်မှာ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ လိုလားတောင့်တချက်အရ ဖြစ်သည်။

**စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်**

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ အရ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ပုဒ်မ ၄၀၅ အရ နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည် ဖြစ်သည်။ ထို့အပြင် ပုဒ်မ ၄၀၆ အရ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထွေထွေရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ်က စတင်ကျင်းပခဲ့သည်။ နိုင်ငံရေးပါတီပေါင်းစုံ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့သည်။ ဒီမိုကရေစီရောင်ခြည်ဦး ပေါ်ထွက်လာသည်။ တိုင်းရင်းသား ပြည်သူအပေါင်းတို့၏ လိုလားတောင့်တချက်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံးတို့သည် ဒီမိုကရေစီ လင်းရောင်ခြည်ဦး အပျောက်မခံလိုကြ။ ဒီမိုကရေစီ ရောင်ခြည်အောက်တွင် မိမိတို့ပြည်ထောင်စုကြီးကို တွေ့မြင်လိုကြသည်။ ဒီမိုကရေစီစနစ်ဖြင့် မိမိတို့ ပြည်ထောင်စုကို ဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်လိုကြသည်။

**နုနယ်နေသေးသော ဒီမိုကရေစီပင်ပျို**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့က စတင်ကျင်းပခဲ့သည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲမှစတင်၍ ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်ခဲ့ရာ ယနေ့အထိဆိုလျှင် ၁၀ နှစ်နီးပါးခန့် ရှိနေပြီဖြစ်သော်လည်း နုနယ်သေးသည့် ဒီမိုကရေစီဟု ဆိုကြသည်။ အချို့က ဒီမိုကရေစီအပင်ပေါက်စသာ ရှိသေးသည်ဟု ဆိုကြသည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ရွေးကောက်ပွဲ သမိုင်းဖြစ်စဉ်နှင့်ယှဉ်၍ ပြောဆိုနေကြသည်သာ ဖြစ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော် ကြာလာခဲ့ပါပြီ။ ဒီမိုကရေစီခေတ် ဒီမိုကရေစီကာလဟူ၍ လွတ်လပ်ရေးစတင်ရရှိခဲ့သည့် ၁၉၄၈ ခုနှစ်မှစ၍ ၁၉၆၂ ခုနှစ်အထိ ၁၃ နှစ်ခန့်ကာလကို သတ်မှတ်ခဲ့ကြသည်။ ယင်းကာလအတွင်း ပါလီမန် ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးများအဖြစ် ၁၉၅၁ နှင့် ၁၉၅၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၅၆ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၆၀ ပြည့်နှစ်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၇၃ ခုနှစ်ကာလများအတွင်း ရွေးကောက်ပွဲများမရှိခဲ့ပါ။ ထို့ကြောင့် ထိုကာလကို ဒီမိုကရေစီခေတ်ဟူ၍ မသတ်မှတ်ခဲ့ကြပါ။

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ပြည်သူ့လွှတ်တော်နှင့် ကောင်စီအဆင့်ဆင့် ရွေးကောက်ပွဲများရှိခဲ့ပါသည်။ သို့ရာတွင် ထိုရွေးကောက်ပွဲများတွင် ပါတီပေါင်းစုံ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ပါ။ နိုင်ငံရေးပါတီပေါင်းစုံ ဖွဲ့စည်းတည်ထောင်ခွင့် မရှိခဲ့ကြပါ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟူ၍ တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့သည်။ ရွေးကောက်ပွဲများတွင် လမ်းစဉ်ပါတီကိုယ်စားလှယ်များ ပါဝင်အရွေးခံခဲ့သည်။ ထို့ကြောင့် ပါတီစုံဒီမိုကရေစီခေတ်ဟူ၍ သတ်မှတ်နိုင်ခြင်းမရှိဘဲ ဆိုရှယ်လစ် ဒီမိုကရေစီစနစ်ဟူ၍သာ သုံးနှုန်းပြောဆိုခဲ့ကြသည်။

၁၉၈၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ၁၉၉၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပမှု ရှိခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရက ကြီးမှူး၍ ကျင်းပခဲ့သည်။ နိုင်ငံရေးပါတီပေါင်းစုံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဖြစ်သည်။ သို့ရာတွင် ရွေးကောက်ပွဲရလဒ် အကောင်အထည်မဖော်နိုင်ခဲ့ပါ။

**ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများ**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့က တစ်ကြိမ်၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ကတစ်ကြိမ် နှစ်ကြိမ်သာ ကျင်းပပြီးစီးခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲများအနေဖြင့် ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း လစ်လပ်လွှတ်တော်မဲဆန္ဒနယ် စုစုပေါင်း ၄၅ နေရာအတွက် ၂၀၁၂ ခုနှစ်က တစ်ကြိမ်၊ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွင်း လစ်လပ်လွှတ်တော်မဲဆန္ဒနယ် စုစုပေါင်း ၁၉ နေရာအတွက် ၂၀၁၇ ခုနှစ်က တစ်ကြိမ်၊ လစ်လပ်လွှတ်တော်မဲဆန္ဒနယ်စုစုပေါင်း ၁၃ နေရာအတွက် ၂၀၁၈ ခုနှစ်က တစ်ကြိမ် စုစုပေါင်းသုံးကြိမ်သာ ကျင်းပခဲ့သည်။ ယခု ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် သုံးကြိမ်မြောက် ပါတီစုံအထွေထွေရွေးကောက်ပွဲဖြစ်သည်။




**မဲဆန္ဒရှင်များ၏ဆန္ဒမဲပေးမှု**

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပေါင်း ၂၉ သန်းကျော် ရှိခဲ့သည်။ လာရောက်ဆန္ဒမဲပေးသူဦးရေ ၂၂ သန်းကျော် ရှိသဖြင့် ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်း၏ ၇၇ ရာခိုင်နှုန်းခန့် ဆန္ဒမဲပေးခဲ့ကြသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပေါင်း ၃၄ သန်းကျော် ရှိခဲ့သည်။ လာရောက်ဆန္ဒမဲပေးသူဦးရေ ၂၄ သန်းနီးပါးရှိသဖြင့် ဆန္ဒမဲပေးခွင့်ရှိသူစုစုပေါင်း၏ ၆၉ ရာခိုင်နှုန်းခန့် ဆန္ဒမဲပေးခဲ့ကြသည်။

၂၀၁၂ ခုနှစ်တွင် ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ခြောက်သန်းကျော်အနက် လေးသန်းကျော် လာရောက်ဆန္ဒမဲပေးကြသဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၆၈ ရာခိုင်နှုန်းခန့် ဆန္ဒမဲပေးခဲ့ကြသည်။ ၂၀၁၇ ခုနှစ်တွင် ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နှစ်သန်းကျော် အနက် ခုနစ်သိန်းကျော် လာရောက်ဆန္ဒမဲပေးကြသဖြင့် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၃၇ ရာခိုင်နှုန်းခန့် လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ရှစ်သိန်းကျော် အနက် လေးသိန်းခန့် လာရောက်ဆန္ဒမဲပေးကြသဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၄၃ ရာခိုင်နှုန်းခန့် လည်းကောင်း ဆန္ဒမဲပေးခဲ့ကြသည်။

**ဒီမိုကရေစီ ထာဝစဉ်ဖြစ်ထွန်းရေး**

တိုင်းရင်းသားပြည်သူအားလုံးတို့သည် မိမိတို့ လိုလားတောင့်တလာခဲ့ကြသည့် ဒီမိုကရေစီ ထာဝစဉ်ရှင်သန်နေစေရေး မိမိတို့တစ်ဦးစီတွင် လည်းကောင်း၊ စုပေါင်း၍ လည်းကောင်း တာဝန်ရှိကြသည်။ ဒီမိုကရေစီ ထာဝစဉ် ဖြစ်ထွန်းနေစေရေး ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်။

ဒီမိုကရေစီ ထာဝစဉ်ရှင်သန်နေစေရေး၊ ဒီမိုကရေစီ ထာဝစဉ်ဖြစ်ထွန်းနေစေရေး၊ ရွေးကောက်ပွဲများကို ဖြတ်သန်းသွားကြရပါမည်။ ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။ ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြခြင်းဖြင့် ဒီမိုကရေစီ၏ ရေသောက်မြစ် သန်မာထွားကျိုင်းစေသည်။ ဒီမိုကရေစီ၏ ပင်စည်ခိုင်မာအားကောင်းစေသည်။ ဒီမိုကရေစီရှင်သန်ရေး ရွေးကောက်ပွဲများကျင်းပပေးရပါမည်။

**ရွေးကောက်ပွဲနှင့် ဒီမိုကရေစီရှင်သန်ရေး**

"ဒီမိုကရေစီဆိုတိုင်း ဒီမိုကရေစီအစစ်မဟုတ်။ ဒီမိုကရေစီအတုအယောင်၊ ဒီမိုကရေစီ အရေခြုံများရှိတတ်သည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဟု ဆိုတိုင်းလည်း စစ်မှန်သောဒီမိုကရေစီမဖြစ်တတ်။ ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်ဖြစ်မှ ဒီမိုကရေစီသည်လည်း စစ်မှန်သော ဒီမိုကရေစီဖြစ်ပါမည်" ဟူ၍ နိုင်ငံရေးသုတေသီ၊ သမိုင်းသုတေသီများ၏ အဆိုအမိန့်များကို မှတ်သားဖူးသည်။

ယနေ့ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ဒီမိုကရေစီစနစ်ကို လိုလိုလားလားရှိကြသည်။ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်လိုကြသည်။ ဤတွင် ဒီမိုကရေစီ ထာဝရရှင်သန်နေစေရေးသည် အဓိကအကျဆုံးအချက်ဖြစ်သည်။ သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့်ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူတိုင်း ဆန္ဒမဲပေးကြခြင်းဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ နုနယ်နေသေးသော ဒီမိုကရေစီမှ အားကောင်းခိုင်မာသော ဒီမိုကရေစီဖြစ်ထွန်းရေး၊ စစ်မှန်သော ဒီမိုကရေစီ ထာဝရရှင်သန်စေရေးဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ကြစေလိုကြောင်းပါ။

- ❖ **ရွေးကောက်ပွဲတိုင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ကြပါစေ၊**
- ❖ **စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆီသို့ ဦးတည်နိုင်ပါစေ၊**
- ❖ **စစ်မှန်သောဒီမိုကရေစီ ထာဝစဉ်ရှင်သန်နေပါစေ။**

**"ယနေ့ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ဒီမိုကရေစီစနစ်ကို လိုလိုလားလားရှိကြသည်။ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်လိုကြသည်။ ဤတွင် ဒီမိုကရေစီ ထာဝရရှင်သန်နေစေရေးသည် အဓိကအကျဆုံးအချက်ဖြစ်သည်။ သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူတိုင်း ဆန္ဒမဲပေးကြခြင်း ဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ နုနယ်နေသေးသော ဒီမိုကရေစီမှ အားကောင်းခိုင်မာသော ဒီမိုကရေစီဖြစ်ထွန်းရေး၊ စစ်မှန်သောဒီမိုကရေစီ ထာဝရရှင်သန်စေရေးဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ကြစေလိုကြောင်း"**

## မကွေးမြို့ပေါ်ရှိ အနေးယာဉ်မိသားစုများအား ဆန်၊ ဆီ၊ ဆပ်ပြာနှင့် အလှူငွေများပေးအပ်



အနေးယာဉ်မိသားစုများအား အလှူရှင်များက လှူဒါန်းပေးနေစဉ်။

**မကွေး မတ် ၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့၏ ကျက်သရေဆောင် နေ့စဉ်သံဃာ့ဒါန ဆွမ်းလောင်းအသင်းမှ စီစဉ်ကာ ပြည်သူမှ ပြည်သူ့ကို လှူဒါန်းခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

မကွေးမြို့ပေါ်ရှိ အနေးယာဉ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသော မိသားစုများ အတွက် နှစ်ဖက်မိဘများ အမှူးထား၍ ဒေါက်တာစိုးမင်းနိုင်နှင့် ဇနီး ဒေါက်တာ စိမ်းလဲ့သွင် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးနှင့် ဒေါက်တာခင်စောယုမွန် မေးရိုး၊ သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီး မိသားစုတို့က အနေးယာဉ် မိသားစု ၇၆ ဦးနှင့် မကွေးမြို့မဈေး လုံခြုံရေးနှင့် ညစောင့်မိသားစုခြောက်ဦးအား တစ်ဦးလျှင် ဆန်ခြောက်ပြည် တစ်အိတ်၊ ဆီတစ်လီတာတစ်ဘူး၊ ဆပ်ပြာတစ်တောင့်နှင့် ငွေကျပ် ၃၀၀၀ စီ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အလှူရှင်မိသားစုက ယခု လတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူအများစုမှာ ယခုရက်များအတွင်း ကိုယ့်အိမ်၌ နေပေးပြီး မလိုအပ်ဘဲ အပြင်မထွက်စေရန် ရည်ရွယ်၍ အနေးယာဉ် မိသားစုများအား လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## ပလက်ဝမြို့နယ်မှ ဆမီးမြို့သို့ ပြောင်းရွှေ့ရောက်ရှိသော နေရပ်စွန့်ခွာသူများထံ ရွက်ဖျင်တဲများပို့ဆောင်ပေး

**ဟားခါး ဧပြီ ၃**

ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ ဆမီးမြို့သို့ ပြောင်းရွှေ့ရောက်ရှိလျက်ရှိသော နေရပ်စွန့်ခွာသူများကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ယမန်နေ့က ချင်းပြည်နယ် ဟားခါးမြို့မှ ဆမီးမြို့သို့ ပို့ဆောင်နေပြီဖြစ်ကြောင်း ပြည်နယ် လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်လွင်ထံမှ သိရသည်။ **(အောက်ပုံ)**

"ပလက်ဝမြို့နယ်ကနေ ဆမီးမြို့သို့ ပြောင်းရွှေ့လာကြတဲ့ နေရပ်စွန့်ခွာမိသားစုဝင်တွေအတွက် ချင်းပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ရွက်ဖျင်တဲတွေနဲ့ ပြည်နယ်မီးသတ်ဦးစီးဌာနက ရွက်ဖျင်တဲတွေကို ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ စီစဉ်ကြီးကြပ်မှုနှင့်အတူ ဆမီးမြို့ကို မော်တော်ယာဉ်တွေနဲ့ ပေးပို့လိုက်ပြီဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပလက်ဝမြို့နယ်မှ ဆမီးမြို့သို့ ပြောင်းရွှေ့ရောက်ရှိ လာကြသည့် နေရပ်စွန့်ခွာမိသားစုဝင်များအား ယာယီရွက်ဖျင်တဲများ၊ စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ ထန်တလန်မြို့နယ် သီကီရ်ကျေးရွာသို့ ဒုတိယအကြိမ်ပြောင်းရွှေ့ရောက်ရှိလာသော နေရပ်စွန့်ခွာသူများအား ဧပြီ ၁ ရက်တွင် ထောက်ပံ့ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ စေတနာရှင်အလှူရှင်များနှင့်ပူးပေါင်း၍ အလှူငွေနှင့်ကျန်းမာရေးဆေးဝါးများကိုလည်းကောင်း ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။ **မြင့်နိုင်စိုး(ပြန်/ဆက်)**



## ကျောက်ဆည်ဆေးရုံကြီးသို့ X–Ray စက်နှင့် အသက်ရှူအထောက်အကူပြုစက်တစ်လုံး လှူဒါန်း

**ကျောက်ဆည် ဧပြီ ၃**

ကျောက်ဆည်မြို့နယ်အတွင်း ကိုဗစ်-၁၉ လူနာ တွေ့ရှိပါက ကုသရန်အတွက် ကျပ်သိန်း ၁၄၀ ခန့်တန်ဖိုးရှိ Portable X–Ray(100 MA)စက် တစ်လုံးနှင့် အသက်ရှူ အထောက်အကူပြုစက်တစ်လုံးကို မြန်မာသံတော်မြတ်ကုမ္ပဏီက ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ဧပြီ ၃ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ အလှူရှင် မြန်မာသံတော်မြတ်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ကျောက်ဆည်ပြည်သူ့ဆေးရုံကြီး၌ Portable X–Ray(100 MA) စက်နှင့် အသက်ရှူအထောက်အကူပြုစက်များ ရှိပြီးဖြစ်သော်လည်း ကိုဗစ်-၁၉ လူနာတွေ့ရှိခဲ့ပါက သီးခြားစက် အသုံးပြုမှုရမည့် အခြေအနေဖြစ်သောကြောင့် လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သောလူနာ မရှိသေးသလို မြို့နယ်အတွင်း၌လည်း လူနာတစ်ယောက်မျှမရှိသေးကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ထံမှ သိရသည်။ **သက်မောင်(ကျောက်ဆည်)**



## ချောက်မြို့နယ်ထန်းစုကျေးရွာ၌ စက်ရေတွင်းတူးဖော်

**ချောက် ဧပြီ ၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စွယ်ပေါက္ကံကျေးရွာအုပ်စု ထန်းစုရွာသစ်ကျေးရွာတွင် ဒေသခံပြည်သူများ ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် အပူပိုင်းဇုန်ရေရရှိရေး JICA စီမံကိန်းဖြင့် စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မတ်လဒုတိယပတ်မှ စတင်၍ ဆောင်ရွက်လျက်ရှိရာ ယခုအခါ စက်ရေတွင်း တူးဖော်အောင်မြင် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထန်းစုရွာသစ်ကျေးရွာ သောက်သုံးရေရရှိရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အပူပိုင်းဇုန်ရေရရှိရေး JICA စီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၁၆၁ သန်းဖြင့် စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် တွင်းအနက်ပေ ၁၂၄၀ တွင် စက်ရေတွင်း တူးဖော်အောင်မြင်ခဲ့ပြီး တွင်းဆေးလေမှုတ်ခြင်း ဆောင်ရွက်ရာတွင် တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ထွက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောသည်။

ချောက်မြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၈၁ ဒသမ ၈၇ သန်းဖြင့် ထိန်စမ်းကျေးရွာ၊ တည်ပင်ကန်ကျေးရွာ၊ ကံသာကျေးရွာများတွင် စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို လည်းကောင်း၊ အပူပိုင်းဇုန်ကျေးလက်ရေရရှိရေး JICA စီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ် ၇၀ ဒသမ ၈၀၉ သန်းဖြင့် ဆူးတပ်ကျေးရွာ၊ ထန်းစုရွာသစ်ကျေးရွာနှင့် မြေစွန်း (အနောက်) ကျေးရွာများတွင် စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **စိုးမိုးကျော်**



## ပေါ်ဦးပေါ်ဖျား နွေစပါးအစို တင်း ၁၀၀ လျှင် ငွေကျပ်ငါးသိန်းဖြင့် စတင်ဝယ်ယူနေ

**ရေတာရှည် ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားသည့် ရက် ၉၀ ထိုင်းကောက်စပါးမျိုးများ စတင်ရိတ်သိမ်းပြီဖြစ်ရာ စက်ကျစပါး အစိုတင်း ၁၀၀ လျှင် ငွေကျပ်ငါးသိန်းဖြင့် စတင်ဝယ်ယူနေပြီဖြစ်သည်။

တောင်သူများ စပါးစိုက်ပျိုးရာတွင် အဓိကသွင်းအားစု ကုန်ကျစရိတ်မှာ ဓာတ်မြေဩဇာဖြစ်ပြီး သုံးလသက်တမ်းနှင့် သုံးလခွဲသက်တမ်းရှိ စပါးမျိုးများအတွက် တစ်လတစ်ကြိမ် မြေဩဇာကြဲပက်ကာ တစ်ဧကလျှင် မြေဩဇာအိတ်ကြီး သုံးအိတ်မှ လေးအိတ်အထိ သုံးစွဲကြသည်ကို တွေ့ရှိရသည်။

"အခုဝယ်တဲ့ စပါးဈေးနှုန်း အတိုင်းဆိုရင် တောင်သူတွေအားလုံး အဆင်ပြေကြပါပြီ။ ဈေးကွက်အနေနဲ့ဝယ်လိုအားက ဒီထက်ပိုကောင်းမယ်လို့ ကျွန်တော်တို့ တွက်ထားတယ်။ စပါးကလည်း အထွက်နှုန်းကောင်းမယ်။ ဈေးကလည်း ကောင်းမယ်ဆိုရင်တော့ တောင်သူတွေအနေနဲ့ စပါးစိုက်ရ ကျိုးနပ်ပြီလို့ ပြောလို့ရပါတယ်" ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

စပါးဝယ်ယူရာတွင် ဆန်စက်များနှင့် ဆန်အရောင်းအဝယ် လုပ်ကိုင်သူများက လိုအပ်သော ငွေကြေးကို ထုတ်ပေး၍ ကျေးရွာအလိုက် စပါးအရောင်းအဝယ် လုပ်ကိုင်သူများကို စပါးဝယ်ယူရရှိသည့် တင်းအရေအတွက်ကို ကော်မရှင်ပေးကာ ဝယ်ယူကြခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဝယ်ယူတဲ့စပါးက မြက်သီး မပါဘူး။ အမှည့်လည်းညီမယ်ဆိုရင် စက်ကျ စပါးတင်း ၁၀၀ ကို ငွေကျပ်ငါးသိန်းနဲ့ ဝယ်တာပါ။ တောင်သူတွေ ကိုယ်တိုင်က သူတို့စပါးခင်းရိတ်လို့ ရပြီလား လာကြည့်ပါ။ ရပြီပြောတာနဲ့ တစ်ခါတည်းရိတ်ပြီး ရောင်းတာပါ" ဟု ကုန်းကြီးကျေးရွာအုပ်စု အင်ကျင်း ကုန်းကျေးရွာနေ စပါးဝယ်ယူသူ ဦးကျော်ဆန်းက ပြောသည်။

တောင်သူများ နွေစပါး စိုက်ပျိုးရာတွင် ထွန်ယက်စရိတ်၊ စပါးမျိုးနှင့် သွင်းအားစုများဖြစ်သော လုပ်သားငှားရမ်းခ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာများအတွက် ကုန်ကျစရိတ်များမှာ အကြွေးစနစ်ဖြင့် ဝယ်ယူကြပြီး ပြန်လည်ပေးဆပ်သည့် အချိန်ကို တွက်ချက်၍ အတိုးငွေပါ ထပ်ဆောင်းပေးကြရခြင်းဖြစ်ရာ စပါးကိုခြောက်သည်အထိ ဆောင်ရွက်မည်ဆိုပါက သယ်ယူစရိတ်၊ စပါးလှန်းခအတွက် ထပ်မံကုန်ကျမည့် စရိတ်သက်သာစေရန် စက်ဖြင့်ရိတ်သိမ်းပြီးသည်နှင့်စက်ကျ အစိုပေါက်ဈေးနှုန်းအတိုင်း ရောင်းချကြခြင်းဖြစ်သည်။

**သန်းလွင်**



ရေတာရှည်မြို့နယ်ရှိ စပါးရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

## နယ်စပ်စစ်ဆေးရေးဂိတ်နှစ်ခုသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မယ်စဲ့ ဧပြီ ၃**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် အိမ်နီးချင်း ထိုင်းနိုင်ငံဘက်မှ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာမည့်သူများအား ပိတ်ဆို့စစ်ဆေးနိုင်ရန် နမ့်မန်းကျေးရွာနှင့် မယ်ဆည်နမ်ကျေးရွာတို့တွင် ပူးပေါင်းအဖွဲ့များပါဝင်သော စစ်ဆေးရေးဂိတ်နှစ်ခုကို ဖွင့်လှစ်ထားရာ အဆိုပါ စစ်ဆေးရေးဂိတ်နှစ်ခု၌ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် တာဝန်ရှိသူများက ဧပြီ ၂ ရက်တွင် သွားရောက်စစ်ဆေးခဲ့ပြီး တာဝန်ကျနေသော ဝန်ထမ်းများအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ထားသည့် ရေသန့်ဘူး၊ လက်သန့်ဆေးရည်၊ နှာခေါင်းစည်းနှင့် မုန့်များကို ပေးအပ်ခဲ့သည်။

ဝတ်ရည်(ပြန်/ဆက်)

## စဥ့်ကိုင်မြို့နယ်မှ သီးသန့် စောင့်ကြည့်ခံနေသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**စဥ့်ကိုင် ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်၌ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား စာသင်ကျောင်းများတွင် သီးသန့်ထားပြီး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုမှုများ ပြုလုပ်လျက်ရှိရာ အဆိုပါ စောင့်ကြည့်ခံနေသူများအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရမှ ပေးအပ်သည့် ထောက်ပံ့ငွေနှင့် အလှူရှင်များမှ လှူဒါန်းသည့် ပစ္စည်းများကို စဥ့်ကိုင်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေး ကော်မတီဝင်များက ဧပြီ ၃ ရက်က သွားရောက်ပေးအပ်ခဲ့သည်။

မြို့နယ်ကော်မတီနာယက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြည်မို့မို့လွင်၊ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ထွန်းနှင့် ကော်မတီဝင်များက စာသင်ကျောင်းများတွင် သီးသန့်နေထိုင်၍ စောင့်ကြည့်ခံနေသော ပြည်ပမှ ပြန်လာသူများအတွက် ခေါက်ဆွဲခြောက်များနှင့် အချိုရည်ဘူးများကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ကော်မတီဝင်များသည် ကျန်းမာရေးဌာနခွဲများသို့လည်း နှာခေါင်းစည်း၊ ဝတ်စုံနှင့် အပူချိန်တိုင်းကိရိယာများ အပါအဝင် ရောဂါကာကွယ်ရေးတွင်အသုံးပြုရန် လိုအပ်သည့် ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကာ ပြည်ပမှပြန်လာသူများအား သီးသန့်ထားစောင့်ကြည့်နေသည့် ကျောင်းများသို့လည်း ကွင်းဆင်းသွားရောက်၍ ကျန်းမာရေးစစ်ဆေးနေမှု အခြေအနေ၊ တာဝန်ချထားမှု အခြေအနေနှင့် စားသောက်နေထိုင်ရေး စီစဉ်ထားရှိမှု အခြေအနေများနှင့်ပတ်သက်ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နောင်တရားမြို့ ခေတ္တ ကျန်းမာရေးစောင့်ရှောက်မှုစင်တာသို့ ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများလှူဒါန်း

**နောင်တရား ဧပြီ ၃**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ အထကကျောင်း၌ ပြည်ပမှပြန်လာသူများအား စောင့်ကြည့်နေသော ခေတ္တ ကျန်းမာရေးစောင့်ရှောက်မှုစင်တာကို ဖွင့်လှစ်ထားရာ အဆိုပါစင်တာ၌ လိုအပ်လျက်ရှိသော ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများဖြစ်သည့် ခွဲစိတ်ခန်းဝတ်စုံ၊ နှာခေါင်းစည်းများ၊ လက်အိတ်များ၊ ရေမလိုလက်သန့်ဆေးရည်များ၊ လက်ဆေး ဆပ်ပြာရည်များနှင့် အရက်ပြန်ဘူးများကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဧပြီ ၂ ရက်တွင် နောင်တရားမြို့ အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြေ့ဝင်းထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

ခွန်အောင်(နောင်တရား)

## ကသာမြို့ရှိဈေးများ၌ ဈေးသည်နှင့် ဈေးဝယ်သူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများဆောင်ရွက်

**ကသာ ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်းရှိ ဈေးများမှ ဈေးရောင်းသူများနှင့် ဈေးဝယ်လာသူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ဈေးဝယ်သူ ရောင်းသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး သုံးပေအကွာမှရောင်းဝယ်ကြရန် အသိပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေးခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများက ဧပြီ ၂ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဦးသန့်ဇော်က "ဈေးထဲမှာ ဈေးသူဈေးသားတွေနဲ့ ဈေးဝယ်သူများကို ကျန်းမာရေးနှင့်ဆိုင်တဲ့ ညွှန်ကြားချက်တွေအတိုင်း ပုံမှန် လိုက်နာဆောင်ရွက်ခြင်းရှိမရှိကို စစ်ဆေးတယ်။ ပြီးတော့ လိုအပ်မယ့်နေရာတွေမှာ ပိုးသတ်ဆေးဖျန်းခြင်းနဲ့ ကျန်းမာရေးအသိပညာပေးခြင်းတွေကိုလည်း ကူးစက်ရောဂါဖြစ်ပွားမှု မရပ်တန့်သရွေ့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဈေးထဲရှိ သားငါးရောင်းချနေသည့် ဆိုင်များ၌ သားငါးများကို အဖုံးများဖုံးအုပ်ပြီး ရောင်းချရန်နှင့် ဈေးသည်များအနေဖြင့် လက်အိတ်စွပ်ပြီး နှာခေါင်းစည်းများ တပ်ဆင်ကြရန် အသိပေးခြင်း၊ ဈေးဝယ်သူများ အလွယ်တကူ လက်ဆေးနိုင်ရန်အတွက် ဈေးထဲတွင် လက်ဆေးဘေစင်များ တပ်ဆင်ပေးခြင်းနှင့် ဈေးပိတ်သည့်နေ့များတွင် ဈေးအတွင်း ပိုးသတ်ဆေးဖျန်းခြင်းတို့ကိုလည်း ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ရဲအောင်(ကသာ)

## လှိုင်းဘွဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ဝတ်စုံ၊ နှာခေါင်းစည်း၊ လက်သန့်ဆေးနှင့် လက်ဆေးဆပ်ပြာများ လှူဒါန်း

**လှိုင်းဘွဲ့ ဧပြီ ၃**

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဆေးရုံများ၌ ကိုဗစ်-၁၉ ကာကွယ်ရေး ဆောင်ရွက်ရာတွင် အသုံးပြုရန် ဝတ်စုံများ၊ နှာခေါင်းစည်းများ၊ လက်သန့်ဆေးနှင့် လက်ဆေးဆပ်ပြာရည်များကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဧပြီ ၃ ရက်တွင် ပေးအပ်လှူဒါန်းခဲ့သည်။ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဆေးရုံများတွင် အသုံးပြုရန် ခွဲစိန်ခန်းဝတ်စုံ ၂၀၊ နှာခေါင်းစည်း ၂၀၀၊ လက်သန့်ဆေးရည်များ၊ လက်ဆေးဆပ်ပြာရည်များနှင့် အရက်ပြန်များကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ပေးပို့လှူဒါန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းတို့က မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဇော်ဦးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် အလားတူ ရောဂါကာကွယ်ရေးသုံး ပစ္စည်းများကို မြိုင်ကြီးငူ၊ ရွှေဂွန်း၊ တာလယ်၊ ပိုင်ကျုံနှင့် ရှမ်းရွာသစ်တိုက်နယ်ဆေးရုံများအတွက်လည်း ပေးပို့လှူဒါန်းထားကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## ဗန်းမော်မြို့ပေါ်၌ စည်ပင်သာယာရေးအဖွဲ့က ပိုးသတ်ဆေးဖျန်းပေး

**ဗန်းမော် ဧပြီ ၃**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင် ရေသယ်ယာဉ်ဖြင့် ဧပြီ ၂ ရက်တွင် ဆောင်ရွက်ပေးခဲ့သည်။



ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနခွဲမှ အင်ဂျင်နီယာမှူး ဦးကျော်လွင်ဦး၏ ကြီးကြပ်စီစဉ်မှုဖြင့် လက်ထောက်အင်ဂျင်နီယာ ဦးနိုင်ထွန်းလှိုင် ဦးဆောင်သော ဝန်ထမ်းများက ဗန်းမော်မြို့ပေါ်ရှိ လူစည်ကားရာနေရာများဖြစ်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ အထက(၁)နှင့် အထက(၂) လမ်းဆုံ၊ မြို့နယ်ပညာရေးမှူးရုံးရှေ့၊ စုပေါင်းရုံးကြီးလမ်း၊ နန်းသီတာမီးပွိုင့်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁)ဈေးရှေ့၊ ကမ်းနားလမ်း၊ နာရီစင်လမ်း၊ ဆေးရုံကြီးလမ်းနှင့် မြို့တော်ခန်းမရှေ့တို့တွင်လည်းကောင်း၊ လမ်းများတစ်လျှောက်၌လည်းကောင်း ပိုးသတ်ဆေးများ ဖျန်းခဲ့ခြင်းဖြစ်သည်။

ပိုးသတ်ဆေးများဖျန်းပေးရာတွင် စစ်မြေပြင်ဆေးတပ်ရင်းမှ ထောက်ပံ့ကူညီသည့် ပိုးသတ်ဆေးကို သတ်မှတ်ထားသော အချိုးအဆဖြစ်သည့် ရေဂါလန် ၁၀၈၀၀ နှင့် စနစ်တကျ ရောနှောဖျော်စပ်၍ လှည့်လည်ပက်ဖျန်းပေးခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ကိန်းဖြူ (ပြန်/ဆက်)

### ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့၊ မင်္ဂလာအောင်မြေရပ်ကွက်၊ ရန်မျိုးအောင်လမ်း၊ နယ်မြေ(၁၁)ရှိ ဦးဝင်းနိုင်(၁၃/တကန(နိုင်)၂၄၉၄၉၀)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန်(၄)၊ အမှတ်(၁၅၂)ရှိ Common Purpose Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးဝင်းနိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းနိုင်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ တောင်ကြီးရုံးခွဲမှ (၂၄-၂-၂၀၁၇)ရက်နေ့စွဲပါ စက်အငှားရောင်း နှစ်ဦးသဘောတူကတိပြုစာချုပ်အမှတ်(၁၆၃/၂၀၁၇)ဖြင့် Brand New Hitachi Excavator ZX210LCH-5G (1)Unit ကို USD-148,190 ဖြင့် အရစ်ကျပေးချေခြင်းအကြွေးစနစ်ဖြင့် ဝယ်ယူသွားပြီး စက်ယန္တရားကို လက်ခံရယူသွားသော်လည်း ယနေ့အချိန်အထိ စက်ယန္တရားဖိုးပေးရန် ကျန်ငွေနှင့် ရက်လွန်ကြေးနှစ်ရပ်စုစုပေါင်းမှာ USD-178,123.50 တွင် ပေးသွင်းပြီးငွေစုစုပေါင်းမှာ USD-160,978.27 ဖြစ်သဖြင့် စက်ယန္တရားဖိုးကျန်ငွေနှင့် ရက်လွန်ကြေးငွေ နှစ်ရပ်စုစုပေါင်းမှာ USD-17,145.2 နှင့်ညီမျှသော မြန်မာကျပ်ငွေ-၂၃,၈၃၁,၈၂၈/- ပေးသွင်းရန် ကျန်ရှိကြောင်း တွေ့ရှိရပေသည်။

သို့ဖြစ်၍ ဤကြေညာပါရှိသည့်နေ့ရက်မှ (၁၄)ရက်အတွင်း မြန်မာကျပ်ငွေ-၂၃,၈၃၁,၈၂၈/- ကို လှိုင်သာယာမြို့သို့ ပေးသွင်းရန် အကြောင်းကြားပါသည်။ လာရောက်ပေးသွင်းခြင်းမရှိပါက ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းနှင့် တည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဝင်းနိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

Common Purpose Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးတင်အေး (ရေတာရှည်)၊ (H.G.P, LL.B., D.B.L.)၊ တရားလွှတ်တော်ရှေ့နေ (၅၇၈၈/၉၁)
ရုံး - အမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(C/3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၀၀၈၇၃၄၀၊ ၀၉-၄၅၀၂၄၃၇၃၃။
အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃၊ ၀၉-၄၅၀၂၄၃၇၃၃။

တော တောင် ခြောက် ခန်း လယ် ယာ နွမ်း ၏

### လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ပြည်လမ်း၊၆ မိုင်ခွဲ၊အမှတ်(၃၃)တွင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော MyDelivery Co., Ltd. သည် အောက်ဖော်ပြပါလုပ်ငန်းတံဆိပ်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်အသုံးပြုရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်မှတ်ပုံတင်အမှတ်၃၆၇၀/၂၀၂၀ဖြင့်၂၃.၃.၂၀၂၀တွင်တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်။

MyDelivery EXPERIENCE HAPPINESS

အထက်လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကိုကုန်ပစ္စည်းအမျိုးမျိုးကိုနည်းလမ်းအမျိုးမျိုးဖြင့်သယ်ယူပို့ဆောင်သည့်ဝန်ဆောင်မှုလုပ်ငန်းများအတွက်အရောင်အမျိုးမျိုး၊ဒီဇိုင်းအမျိုးမျိုး၊အရွယ်အစားအမျိုးမျိုးတို့ဖြင့်မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင်အသုံးပြုပါမည်။ သို့ပါ၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြုလျက်ရှိသောအဆိုပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကိုမိမိတစ်ပါးအခြားမည်သူတစ်ဦးတစ်ယောက်(သို့)အဖွဲ့အစည်းတစ်ခုကမှတစ်စိတ်တစ်ဒေသဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ၊စာလုံးအကြီးအသေးလွှဲပြောင်း၍လည်းကောင်း၊အရောင်ဖန်တီးမှုဖြင့်လည်းကောင်း၊ပုံတူပုံများ၊ထင်ယောင်ထင်မှား၊ဆင်တူယိုးမှား၊တုပပြုလုပ်သုံးစွဲနေသည်များကိုတွေ့မြင်ကြားသိပါကမိမိ၏လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုများအတွက်ကုန်ကျသမျှသော၊ဆုံးရှုံးနစ်နာရသောအရပ်ရပ်စရိတ်နှင့်အခွင့်အလမ်းစရိတ်၊ဆုံးရှုံးမှုများအတွက်လျော်ကြေးငွေများတောင်းဆိုနိုင်ရန်နှင့်ရာဇဝတ်ကြောင်း၊တရားမကြောင်းတို့အရတရားစွဲဆိုမည့်အပြင်ပြုလုပ်ထားသည့်တံဆိပ်အမှတ်အသားများကိုပယ်ဖျက်ပေးသည်အထိဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။
ဒေါ်ဝင့်ဝါဖြိုး(ဒါရိုက်တာ)၊ ဖုန်း - ၀၉၂၀၄၆၈၆၉
MyDelivery Co., Ltd. (Reg. No. 125201679)

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက် အမှတ် (၁၈၂/၂၃၁)၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ ဦးစိုးလင်းအမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ကြည်ကြည်ခိုင် (ဘ)ဦးငွေဝင်း ၁၄/ဝခမ(နိုင်)၁၅၉၁၀၆ မှ ပျဉ်းမနားမြို့မြေတိုင်းချဲ့နေရာချထားရေးကော်မတီမှ လူနေထိုင်ရန် တရားဝင်ချထားပေးသောမြေကွက် ဖြစ်ကြောင်းထောက်ခံချက်၊ အရောင်းအဝယ် စာချုပ်၊ ရောင်းသူ /ဝယ်သူ ကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူဝန်ခံကတိပြုချက်၊ နိုင်ငံ သားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၁)၊ ဦးပိုင်အမှတ် (၁၈၁/၁)၊ မြေဧရိယာ ၀ ဒသမ ၁၂၀ ဧကရှိ မြေကွက်သည် ဦးဇော်နိမ်(ခ)အင်ဘန်းဂမ်မှ ပိုင်ဆိုင်ထားသည့် ခြံမြေကွက်ဖြစ်ကြောင်း ယင်းခြံမြေကွက်ကို ၂၈-၁-၂၀၀၆ ရက်တွင် မူလပိုင်ရှင် ဦးဇော်နိမ်(ခ)အင်ဘန်းဂမ်ထံမှ ဦးအင်ဝေါန်းဇော်နော်-ဒေါ်ဖော်ယမ်နန်ရာတို့ကလည်းကောင်း၊ ၂၁-၆-၂၀၁၂ ရက်တွင် ဦးအင်ဝေါန်းဇော်နော်-ဒေါ်ဖော်ယမ်နန်ရာတို့ထံမှ ဦးတန်ဂွန်း ၁/မကန(နိုင်)၀၈၉၀၆၉-ဒေါ်အင်ဒေါင်ဆိုင်းရာ ၁/ကမန(နိုင်)၀၁၈၈၄၃ တို့ကလည်းကောင်း နှစ်ဦးသဘောတူ ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါတွင် ယင်းခြံမြေကွက်ကို အဆင့်ဆင့်ရောင်းချခဲ့သူများသည် မည်သည့်အရပ်ဒေသသို့ ပြောင်းရွှေ့သွားကြောင်း မသိရှိပါသဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၇-၂-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၂/၂၀၂၀)ကို ၈-၂-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၂/၂၀၂၀) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားလာခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။
မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် (၁၉၁၈၊ ၁၉၁၉)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးကျော်ကျော်ထွန်းအမည်ပေါက် မြေငှားစာချုပ်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၀၀၄/၂၀၂၀)ရသူ ဦးညီညီနိုင် ၁၂/မရက(နိုင်)၁၂၆၃၇၂ မှ ဒေါ်မေသူ ၁၂/မရက(နိုင်)၁၂၆၃၇၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းမူရင်းများ တင်ပြပြီး မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း

ကျွန်မ၏ ခင်ပွန်းဖြစ်သူ ဦးအောင်သက်ဦး ၁၂/သကတ(နိုင်)၁၂၄၂၃၅ သည် မိမိအပေါ် ခွင့်မလွှတ်နိုင်သောကိစ္စများနှင့် ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူခဲ့ပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် ၎င်း၏ကိစ္စအဝဝကိုတာဝန်မယူပါကြောင်း။
ဒေါ်စမ်းစမ်းမော်
၁၂/ဥကတ(နိုင်)၀၁၁၆၃၇

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ရုံးအမှတ်(၄၂)၊ နေပြည်တော် လျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ သင်တန်းကျောင်းများတွင် အငယ်တန်းစာရေး၊ ပစ္စည်းထိန်း-၄၊ စာကြည့်တိုက်လ/ထ-၄ နှင့် စာကူး/စက်လှည့်(လစာနှုန်း -၁၈၀၀၀၀/-၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည်လျှောက်လွှာများအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၄၂)၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website www.moba.gov.mm တို့တွင် အခမဲ့ Download ရယူ၍ လူကိုယ်တိုင်တိုက်ရိုက် တင်သွင်းလျှောက်ထားရန်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
(ဂ) ၁-၄-၂၀၂၀ရက်တွင် အသက်(၁၈)နှစ် ပြည့်ပြီး (၂၇)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဃ)တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(င) အိမ်ထောင်မရှိသူ အပျို/လူပျိုဖြစ်ရမည်။
(စ) ကျန်းမာရေးကောင်းမွန်ပြီးကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူ ဖြစ်ရမည်။
(ဆ)အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။
(ဇ)လျှောက်ထားသူသည် တာဝန်ကျရာဒေသတွင် အနည်းဆုံး(၅)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ အသေးစိတ်အချက်အလက်များအား နယ်စပ်ရေးရာဝန်ကြီးဌာန Websiteနှင့်ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ ဖုန်း-၀၆၇-၄၀၉၂၃၆၊ ၀၆၇-၄၀၉၅၈၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ ဦးခင်မောင်ဝင်း အမည်ပေါက် ဦးပိုင်အမှတ်(၂၉၃)၊ မြေကွက်အမှတ်(၂၁၀)၊ ဧရိယာ ၀.၁၁၅ဧ အား ဒေါ်ယဉ်ယဉ်ဝင်း(ဘ)ဦးအောင်ထွန်း ၁၂/အစန(နိုင်)၀၆၇၁၁၄ မှ ပျဉ်းမနားမြို့ မြေနေရာချထားရေးကော်မတီ၏ ပိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်မှ ဦးမြင့်ဦး ၁၂/လကန(နိုင်)၀၃၅၂၀၈(ဘ)ဦးကျော်သောင်း အမည်ပေါက်ပါမစ်မြေကွက် အမှတ်(ပ-၃၇၉)ကို ဦးအောင်ဝင်းစိန် ၇/ဝမန(နိုင်)၀၀၀၅၁၀(ဘ) ဦးတင်ဖေ မှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ နှင့် ဝယ်ယူသူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၀၆ ဧကရှိ ဦးတင်အောင်ဝင်း ၃/ကကရ(နိုင်)၀၀၂၅၅၆(ဘ)ဦးခင်မောင်မြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၁၉၄၇)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၁/၂၀၂၀ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးရွှေကြိုင် ၇/ညလပ(နိုင်) ၁၃၂၂၄၀(ဘ)ဦးသန်းရွှေမှ ဦးကျော်ဆန်းလွင် ၁၂/သဃက(နိုင်)၁၅၄၅၅၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက် အမှတ် (၁၂၆/၃၇၆)၊ ဧရိယာ၀ဒသမ၀၅၅ ဧကရှိ ဦးခင်မောင်ညွန့် အမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်ခိုင်(ဘ)ဦးနီ ၉/မမန(နိုင်)၀၂၆၆၁၇ မှ ပျဉ်းမနားမြို့ မြေတိုင်းချဲ့နေရာချထားရေးကော်မတီမှ လူနေထိုင်ရန် တရားဝင်ချထားပေးသော မြေကွက်ဖြစ်ကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာ ပင်)၊ ဦးသိန်းအောင် အမည်ပေါက်မြေကွက်အမှတ်(S-286)အတွက် မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးပါရန် အမည်ပေါက်သူဦးသိန်းအောင်(ဘ)ဦးရန်ကွယ်ဖျင်(ခ)ဦးလောဝူး ၉/မရမ(နိုင်)၀၆၄၆၈၉ မှ နေပြည်တော်စည်ပင်သာယာရေးတရားရုံး၏ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ်(၂၂၈/၂၀၂၀)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ မြေပေးမိန့်ပျောက်ဆုံးကြောင်းရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ အသိသက်သေသုံးဦးတို့မှ ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ ၎င်းမြေကွက်ကိုပိုင်ဆိုင်သည်မှာမှန်ကန်ကြောင်း ထောက်ခံချက်များတင်ပြ၍ မြေပေးမိန့်မိတ္တူမှန်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ရက် ၃၀အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာ ပင်)၊ ဦးသိန်းအောင် အမည်ပေါက်မြေကွက်အမှတ်(S-284)အတွက် မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးပါရန် အမည်ပေါက်သူ ဦးသိန်းအောင်(ဘ)ဦးရန်ကွယ်ဖျင်(ခ) ဦးလောဝူး ၉/မရမ(နိုင်)၀၆၄၆၈၉ မှ နေပြည်တော်စည်ပင်သာယာရေးတရားရုံး၏ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၂၂၈/၂၀၂၀)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ မြေပေးမိန့်ပျောက်ဆုံးကြောင်းရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ အသိသက်သေသုံးဦးတို့မှ ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ ၎င်းမြေကွက်ကိုပိုင်ဆိုင်သည်မှာမှန်ကန်ကြောင်း ထောက်ခံချက်များတင်ပြ၍ မြေပေးမိန့်မိတ္တူမှန်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ရက်၃၀အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ ဦးကြည် အမည်ပေါက် ဦးပိုင်အမှတ် (၁၈၃)၊မြေကွက်အမှတ် (၂၃၂)၊ ဧရိယာ၀ဒသမ၀၅၅ဧကရှိ ဒေါ်ယဉ်ယဉ်ဝင်း(ဘ)ဦးအောင်ထွန်း ၁၂/အစန(နိုင်)၀၆၇၁၁၄ မှ ပျဉ်းမနားမြို့ မြေနေရာချထားရေးကော်မတီ၏ လူနေထိုင်ရန်တရားဝင်ချထားပေးသော မြေကွက်ဖြစ်ကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်ဦးနှစ်ဘက်သဘောတူ ကတိဝန်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း
## အများသိစေရန်ကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၁)၊ ဦးပိုင်အမှတ်(၁၈၁/၁)၊ မြေဧရိယာ ၀ဒသမ၁၂၀ဧကရှိ မြေကွက်သည် ဒေါ်ဂျာရွယ်-ဦးယော်ထုန်တို့မှပိုင်ဆိုင်ထားသည့် ခြံမြေကွက်ဖြစ်ကြောင်း၊ ယင်းခြံမြေကွက်ကို ဒေါ်ခေါန်ဂျာမှ မူလပိုင်ဆိုင်သူ ဒေါ်ဂျာရွယ်- ဦးယော်ထုန်တို့ထံမှ ၁၄-၃-၂၀၁၄ ရက်တွင် နှစ်ဦးသဘောတူခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါတွင် ရောင်းချသူမှ မည်သည့်အရပ်ဒေသသို့ ပြောင်းရွှေ့သွားကြောင်းမသိရှိပါသဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၇-၂-၂၀၂၀ ရက်စွဲပါကျမ်းကျိန်လွှာအမှတ် ၃/၂၀၂၀(၈-၂-၂၀၂၀)ရက်စွဲပါကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၃/၂၀၂၀)ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ်(၃၅)၊ ဦးပိုင်အမှတ် (၂၁က)၊ ဧရိယာ၀ဒသမ၁၅၂ဧကရှိ အရှေ့လားသော်-ဒေါ်ခင်ရီ၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဦးကျော်ညွန့်၊ မြောက်လားသော်-ဒေါ်ဆိုးနှင့် မနီအလားလေးရပ်အတွင်းရှိမြေအား ရမည်းသင်းမြို့နေ ဒေါ်လှတင်က အမည်ပေါက်ပိုင်ဆိုင်ခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါဝိုင်းမြေအား ဒေါ်လှတင်က ၁၁-၄-၁၉၆၁ ရက်က ရမည်းသင်းမြို့နေ ဦးသက်ထွန်းထံ ပေါင်နှံခဲ့ပြီးနောက် ၃၁-၅-၁၉၆၅ ရက်တွင် ဒေါ်လှတင်က ဦးသက်ထွန်းထံမှ ပြန်လည်၍ ရွေးယူခဲ့ကြောင်းသိရှိရပါသည်။ အဆိုပါဝိုင်းမြေအား ဒေါ်လှတင်မှ တပ်ကုန်းမြို့နေ သမီးဖြစ်သူ ဒေါ်မြသွင်ထံသို့ ၁၀-၉-၁၉၆၅ ရက်တွင် ရမည်းသင်းမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၃၁/ ၁၉၆၅)ဖြင့် ရောင်းချခဲ့၍ ဒေါ်မြသွင်မှအပြီးအပိုင်ဝယ်ယူခဲ့ပြီး စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂)၊ အတွဲ (၁၀)၊ စာမျက်နှာအမှတ် (၁၅၃/၁၅၄)တို့ဖြင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် အထက်ဖော်ပြပါ ဝိုင်းမြေသည် ဒေါ်မြသွင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းနှင့်တကွ ၄-၄-၂၀၂၀ရက်မှ (၁၄) ရက်အတွင်း ၁၈-၄-၂၀၂၀ရက်နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **၁။ ဒေါ်နုနုရီ(ဘ)ဦးကျော်ငြိမ်း** | |
| **၉/တကန(နိုင်)၀၂၃၄၅၈** | |
| **၂။ ဦးမျိုးဟိန်း (ဘ)ဦးကျော်ငြိမ်း** | |
| **၁၂/ပဇတ(နိုင်)၀၁၄၆၆၄** | |
| **၃။ ဦးမျိုးသိန်း(ဘ)ဦးကျော်ငြိမ်း** | **ဒေါ်တင့်တင့်ကြည်(B.A, H.G.P)** |
| **၉/တကန(နိုင်)၀၀၆၅၂၈** | **အထက်တန်းရှေ့နေ(စဉ်-၆၃၈၅)** |
| **၄။ ဒေါ်ခင်မျိုးဆက်(ဘ) ဦးကျော်ငြိမ်း** | **အမှတ်(၅၉၄)၊ လမ်းမတော်** |
| **၉/တကန(နိုင်)၀၂၃၄၅၅** | **ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့** |
| **၅။ ဒေါ်သိင်္ဂီထွေး(ဘ)ဦးကျော်ငြိမ်း** | **ဖုန်း-၀၉-၄၂၀၇၂၀၅၃** |
| **၉/တကန(နိုင်)၀၁၂၃၂၄** | |
| **(ဦးကျော်ငြိမ်း-ဒေါ်မြသွင် တို့၏သားသမီးများ)** | |

## ကန့်ကွက်နိုင်ပါသည်။

**ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄-အိုင် ၁၊ မြေကွက်အမှတ်-၁၆၊ ဧရိယာ-၀. ၁၅၁ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ မြလမ်း၊ အမှတ်-၁၆ ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စင်မိုးညွန့်(၁၂/မရက(နိုင်)၀၇၂၆၇၈)မှ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်-၄၄၄၈/၂၀၂၀ ကိုလွှဲအပ်ထားသော ဦးအောင်မော်(၁၂/အစန(နိုင်)၁၈၅၃၃၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုငွေ၏တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့် ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**ညွှန်ကြားချက်အရ**
**သင်းကြူစိုး LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)**
**ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ မြေကွက်အမှတ် (၆) ဟု ခေါ်တွင်သော ဗိုလ်မှူး မောင်မောင်မြင့် အမည်ပေါက် ပါမစ်မြေအကျယ်အဝန်းပေ (၄၀x ၆၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်ဦး ၁၂/အစန(နိုင်)၀၃၀၁၈၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းအွမ်က ထိုမြေကွက်ကို အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးအောင်ကျော်မြင့်(LL.B)** | **ဦးကျော်ဇော(LL.B)** | **ဒေါ်အိအိလင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၅၁၈၃)** | **(စဉ်-၅၀၈၈၀)** | **(စဉ်-၅၁၆၄၉)** |

**ရုံး-ရုံးပတ်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တရားရုံးရှေ့၊ ဖုန်း-၀၉-၄၂၀၀၅၁၇၈၅၊ ၀၉-၇၇၇၄၇၃၄၄၅**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက် အမှတ်(၂၉၅/၆၀၃)၊ ဧရိယာ၀ဒသမ၀၅၅ဧကရှိ ဦးခင်မောင်ဝင်း အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်မျိုးမျိုးထိုက်(ဘ)ဦးသိန်းဇံ ၉/ပမန(နိုင်) ၁၅၀၄၂၉ မှ ပျဉ်းမနားမြို့ မြေတိုးချဲ့နေရာချထားရေးကော်မတီမှ လူနေထိုင်ရန် တရားဝင်ချထားပေးသော မြေကွက်ဖြစ်ကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက် အမှတ်(၉၉/၈၃)၊ ဧရိယာ၀ဒသမ၀၅၅ဧကရှိ ဦးခင်မောင်လွင် အမည်ပေါက်ပါမစ်မြေကွက်အား ဦးဆန်းလွင်(ဘ)ဦးမောင်မောင် ၉/ရမသ(နိုင်)၀၃၄၀၅၉ မှ ပျဉ်းမနားမြို့ မြေတိုးချဲ့နေရာချထားရေးကော်မတီမှ လူနေထိုင်ရန် တရားဝင်ချထားပေးသော မြေကွက်ဖြစ်ကြောင်းထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူဝန်ခံ ကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃/အေ)၊ မြေကွက်အမှတ် (၁၀/က)နှင့် (၁၁/က)တို့၏ တစ်စိတ်တစ်ဒေသဖြစ်ပြီး ပျဉ်းမပင်ကျေးရွာ၊ ရှမ်းစုရပ်ကွက်၊ သုခလမ်း၊ အလျား၄၀၊ အနံ (၂၅) ပေပေါ်ရှိ နေအိမ်တစ်လုံး၊ လျှပ်စစ်မီတာအပါအဝင် မြေပေါ်မြေအောက်ရှိ ပစ္စည်းများအားပိုင်ဆိုင်သူ ဒေါ်ဝင်းတင် ၇/ ကဝန(နိုင်)၁၁၂၈၆၆ က ရောင်းချပိုင်ခွင့်ရှိပြီး ဝယ်ယူသူကစရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေဇာမော်(LL.B)(C.BL)**
**အထက်တန်းရှေ့နေ(စဉ်-၁၂၃၃၉)**
**အမှတ် ၁၉၆/၁၉၇၊ နဝရတ်လမ်း၊ ပဒေသာမြို့သစ်ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၅၁၇၆၈၆၁၃၊ ၀၉-၇၉၅၀၄၀၇၇၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-အေ) အပိုင်း(၁)၊ မြေကွက်အမှတ်(6-A)အား ဦးအောင်မြင့်ခိုင်(ကွယ်လွန်)၊ ဒေါ်ဥမ္မာခိုင် ၁၂/ဥကတ(နိုင်)၀၇၉၃၂၅ အမည်တို့ဖြင့် ဂရန်လျှောက်ထားခဲ့သော်လည်း အစ်ကိုဖြစ်သူကွယ်လွန်သဖြင့် ၎င်းတစ်ဦးတည်းအမည်ဖြင့် မြေငှားစာချုပ်(ဂရန်) ထုတ်ယူခွင့်ပြုပါရန် ဒေါ်ဥမ္မာခိုင်မှ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁-အေ)အပိုင်း(၁)၊ မြေကွက်အမှတ်(5 D)အား ဦးမျိုးလွင် ၁၂/ရကန(နိုင်)၀၀၄၆၉၉ ဒေါ်ကြည်ကြည်(ကွယ်လွန်) အမည်တို့ဖြင့် ဂရန်လျှောက်ထားခဲ့သော်လည်း ဇနီးဖြစ်သူ ကွယ်လွန်သဖြင့် ၎င်းတစ်ဦးတည်းအမည်ဖြင့် မြေငှားစာချုပ် (ဂရန်) ထုတ်ယူခွင့်ပြုပါရန် ဦးမျိုးလွင်မှ လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ ဦးသိန်းဇံ အမည်ပေါက် ဦးပိုင်အမှတ်(၃၀၆)၊ မြေကွက်အမှတ်(၅၉၂)၊ ဧရိယာ ၀ဒသမ၀၅၅အား ဦးသိန်းဇံ(ဘ)ဦးအေးမောင် ၉/ပမန(နိုင်)၀၀၆၃၄၆မှ ပျဉ်းမနားမြို့မြေနေရာချထားရေးကော်မတီ၏ လူနေထိုင်ရန် တရားဝင်ချထားပေးသော မြေကွက်ဖြစ်ကြောင်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





ဒုတိယသမ္မတ ဦးမြင့်ဆွေ COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် မေ ၃

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ပထမ အကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆

## သင်္ကြန်ကာလအတွင်း မြစ်ကြီးနား - မန္တလေး ရထားအချို့ ပြေးဆွဲမှုယာယီရပ်ဆိုင်းမည်

မိုးကောင်း မေ ၃

၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူး သင်္ကြန်ကာလအတွင်း မြစ်ကြီးနား–မန္တလေး ရထားလမ်းပိုင်းရှိ ရထားအချို့ ပြေးဆွဲမှု ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း မိုးကောင်း ဘူတာရုံပိုင်ကြီး ဦးမျိုးသိန်းထွန်းထံမှ သိရသည်။

မြစ်ကြီးနား–မန္တလေး အစုန်ရထားများဖြစ်ကြသည့် အမှတ် ၃၂၊ ၃၄၊ ၅၈ ရထားများ၊ မန္တလေး–မြစ်ကြီးနား အဆန်ရထားများဖြစ်ကြသည့် အမှတ် ၃၁၊ ၃၃၊ ၅၇ ရထားများနှင့် RBE ရထားများကို မေပြီ ၁၃ ရက်မှ ၁၆ ရက်အထိ လည်းကောင်း၊ ခရီးတိုရထားများကို မေပြီ ၁၂ ရက်မှ ၁၆ ရက်အထိလည်းကောင်း ပြေးဆွဲမှု ယာယီရပ်နားထားမည်ဖြစ်သည်။

အမှတ် ၃၁–၃၂ အစုန်–အဆန် အဲကွန်းလေအိတ် အထူးရထား ပြေးဆွဲမှုကို မေပြီ ၄ ရက်မှစ၍ ရက်အကန့်အသတ်မရှိ ယာယီရပ်နားထားမည်ဖြစ်ပြီး အမှတ် ၅၅–၅၆၊ ၄၁–၄၂ အစုန်/အဆန် ရထားများနှင့် နဘားလော်ကယ်ရထားများကို ပုံမှန်အတိုင်း အချိန်မှန်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကမာရွတ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကာကွယ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ ကမာရွတ်မြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကာကွယ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် အနောက်ပိုင်းခရိုင် မီးသတ်တပ်ဖွဲ့မှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကမာရွတ်မြို့နယ်ကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအဖွဲ့ဝင်များနှင့် ကမာရွတ်မြို့နယ်နေပြည်သူများ ပူးပေါင်း၍ ကမာရွတ်မြို့နယ်အတွင်း စောင့်ကြည့်လူနာများထားရှိသော အမှတ် ၉ ရပ်ကွက်အတွင်းရှိ အမက(၂) ကမာရွတ် ကန့်သတ်စောင့်ကြည့်ရေးနေရာ ၊ အရေးကြီးသော ရုံးဌာနနေရာများနှင့် လှည်းတန်းလမ်းမကြီးတစ်လျှောက်၊ အမှတ် ၃ ရပ်ကွက်အတွင်းရှိ လမ်းမကြီးများ

*စာမျက်နှာ ၆ ကော်လံ ၃* ⁕



ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကန့်သတ်စောင့်ကြည့်ရေးနေရာ အမက(၂) ကမာရွတ်ကျောင်းဝင်းအတွင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ ကာကွယ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။ ဓာတ်ပုံ – လင်းညွန့်

## ရှစ်ယောက်ပတ်လည် Chinese 8 Ball ပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြု ဖုန်းမြင့်ကျော်(ခ)အားတီ ဝင်ပြိုင်ခွင့်ရရှိ




ရန်ကုန် မေ ၃

အကြိမ်(၃၀)မြောက် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲ ရွှေတံဆိပ် နှစ်ဆုရှင် မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား ဖုန်းမြင့်ကျော် (ခ) အားတီသည် တရုတ်နိုင်ငံ၏ ထိပ်တန်းပြိုင်ပွဲဖြစ်သည့် Chinese 8 Ball ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသည် ကစားသမား ရှစ်ယောက်ပတ်လည် ယှဉ်ပြိုင်ကစားရမည့် ပြိုင်ပွဲဖြစ်ပြီး ကစားရမည့် ခုနစ်ပွဲတွင် တစ်ပွဲနိုင်လျှင် ဆုကြေးငွေအဖြစ် မြန်မာငွေ ကျပ်သိန်း ၂၀ ရရှိမည် ဖြစ်သည်။ ခုနစ်ပွဲ ပတ်လည်ကစားပြီး ပထမရရှိပါက မြန်မာငွေကျပ်သိန်း ၁၀၀၀ ဆုကြေးငွေ ရရှိမည်ဖြစ်သည်။ စုစုပေါင်းဆုကြေး မြန်မာငွေကျပ် သိန်း ၂၆၀၀ ချီးမြှင့်မည့် ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ۞

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ**

တရားစီရင်ရေးကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် အချုပ်ပိုလေးမျက်နှာ ပါရှိပါသည်။

နှာခေါင်းစည်းတပ်ရမလား မတပ်ရဘူးလား စာ » ၆

ဒဂုံမြို့သစ်တောင်ပိုင်း၌ နိုင်ငံတကာမှ ကန့်သတ်စောင့်ကြည့်ခံရသူများ ကျန်းမာရေးကောင်းမွန်လျက်ရှိ စာ » ၁၆

မယ်စဲ့မြို့၌ ၁၆ ဦး ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိသည် ဆိုသည့်သတင်းမှာ ကောလာဟလသာဖြစ် စာ » ၁၇

မိုင်းဆတ်မြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် တောမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ကာ နေအိမ် ၃၆ လုံးဆုံးရှုံး စာ » ၂၂

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# တရားစီရင်ရေးကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်

သတင်းဆောင်းပါး - နိုင်လင်းကြည်၊ ဓာတ်ပုံ - ဟိန်းစည်သူ

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း တရားစီရင်ရေးကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်အောင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်ပိုင်းခွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် တရားစီရင်ရေးစနစ်အပေါ် အများပြည်သူယုံကြည်ကိုးစားလာစေရေးနှင့် ယုံကြည်ကိုးစားလာမှုကို လည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်လာစေရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် **"အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့"** ဆောင်ပုဒ်နှင့်အညီ တရားစီရင်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

"ရုပ်ပိုင်းဆိုင်ရာက တရားရုံးအဆောက်အဦတွေ အဆင့်မြှင့်တင်ခြင်း၊ တရားခွင်တွေကို စနစ်တကျပြုလုပ်ခြင်း၊ တရားရေးသင်တန်းကျောင်းတွေ နိုင်ငံတကာအဆင့်မီတည်ဆောက်ခြင်းတွေ ပါပါတယ်။ စိတ်ပိုင်းဆိုင်ရာက တရားသူကြီးတွေ၊ တရားရေးအရာရှိတွေနဲ့ တရားရေး ဝန်ထမ်းတွေ အသိအမြင်တိုးတက်လာစေဖို့ ပြည်တွင်း/ ပြည်ပသင်တန်းတွေ၊ အစည်းအဝေးတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ တက်ရောက်နိုင်ဖို့ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးရသလို နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်တွေနဲ့ အစိုးရဌာန၊ ဝန်ကြီးဌာနအသီးသီးတို့နဲ့လည်း ချိတ်ဆက်ဆောင်ရွက်ပေးရပါတယ်"ဟု ပြည်ထောင်စုတရားသူကြီးချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဦးကိုကိုနိုင်က ပြောသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် မဟာဗျူဟာစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၅ - ၂၀၁၇ (၃)နှစ်တာ စီမံကိန်း၊ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၈ - ၂၀၂၂ (၅)နှစ်တာစီမံကိန်း စသည်ဖြင့် ရေးဆွဲထုတ်ပြန်ခဲ့ပြီး အဆိုပါစီမံကိန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်သည် (၅)နှစ်တာ စီမံကိန်း၏ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှု ဒုတိယနှစ် ပြီးမြောက်သည့်နှစ်လည်း ဖြစ်သည်။

**ရုပ်ပိုင်းဆိုင်ရာ ပိုမိုတိုးတက်ကောင်းမွန်ဆောင်ရွက်**

၂၀၁၉ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်တရားရုံး အဆောက်အဦသစ်ကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၉ ရက်က ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ပါသည်။

ခရိုင်တရားရုံး အဆောက်အဦသစ်ကို တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး၊ တရားရုံးအင်္ဂါရပ်နှင့် ညီညွတ်သည့် တရားရုံးအဆောက်အဦများ တည်ဆောက်ရေး စသည့်

*အချပ်ပို (ခ) သို့*



ပြည်ထောင်စုတရားသူကြီးချုပ်
ဦးထွန်းထွန်းဦး



၁၉-၁၀-၂၀၁၉ ရက်က ကျင်းပသော မန္တလေးခရိုင် တရားရုံးဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်ဖွင့်လှစ်ပေးစဉ်။

"ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက် တရားရုံးအဆင့်ဆင့်တို့၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ကာလအတွင်း အမှုပြီးပြတ်မှုနှုန်းမှာ ၉၉ ဒသမ ၅၇ ရာခိုင်နှုန်းဖြစ်သည်။ ယခင်နှစ် အမှုပြီးပြတ်နှုန်း ၉၈ ရာခိုင်နှုန်းထက် ပိုမိုကောင်းမွန်ခဲ့သည်။ သို့သော် ရည်မှန်းချက် ၁၀၀ ရာခိုင်နှုန်းပြည့်မီခြင်း မရှိသေးသဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ရည်မှန်းချက် ပြည့်မီရေး ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်"



၂၂-၁၁-၂၀၁၉ ရက်မှ ၂၃-၁၁-၂၀၁၉ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပသော သတ္တမအကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်ခဲ့စဉ်။

*အချပ်ပို (က) မှ*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်အညီ တရားခွင် ၂၁ ခု၊ တရားသူကြီး နားနေခန်းများ၊ ဥပဒေအရာရှိ နားနေခန်း၊ ရှေ့နေများ နားနေခန်း၊ သက်သေများနားနေခန်း၊ အမှုတွဲ ထိန်းသိမ်းခန်း၊ သက်သေခံပစ္စည်းများ ထိန်းသိမ်းခန်း၊ ညှော်ခန်း၊ စာကြည့်တိုက်၊ အစည်းအဝေးခန်း၊ မီဒီယာတွေ့ဆုံမေးမြန်းခန်း၊ သတင်းအချက်အလက်ကောင်တာ၊ အမှုလက်ခံကောင်တာ၊ စုံစမ်းမေးမြန်းရန် ကောင်တာနှင့် ယာယီအချုပ်ခန်း စသည်ဖြင့် စံချိန်စံညွှန်းမီ တည်ဆောက်ထားခြင်း ဖြစ်သည်။

"Judicial College အဆောက်အဦကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်မှာ ပန္နက်တင်ပြီး စတင်ဆောက်လုပ်နေပြီ ဖြစ်ပါတယ်။ Judicial College အဆောက်အဦကို ၂၀၁၈ – ၂၀၂၂(၅)နှစ်တာ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းပါ မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၄) **"တရားရေးသင်တန်းကျောင်း အသစ်တည်ထောင်ရန်"** ဆိုတဲ့ မဟာဗျူဟာ ရည်မှန်းချက်နဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အလျား ၁၆၄ ပေ၊ အနံ ၁၂၆ ပေရှိ RC သုံးထပ်အဆောက်အဦဖြစ်ပြီး သင်တန်းသား/သင်တန်းသူ အိပ်ခန်း ၄၀၊ သင်တန်းခန်းမတွေနဲ့ ဆွေးနွေးခန်း၊ စာကြည့်တိုက်နဲ့ အင်တာနက်အသုံးပြုနိုင်မယ့်အခန်း၊ စုပေါင်းအစည်းအဝေးခန်းမ၊ လုံခြုံရေးအခန်း၊ တာဝန်ကျရုံးခန်း၊ ညှော်ခန်း၊ စားသောက်ခန်း၊ နားနေခန်းနဲ့ စတိုခန်းတွေကို သတ်မှတ်အကျယ်အဝန်းနဲ့အညီ ဖွဲ့စည်း တည်ဆောက်သွားမှာ ဖြစ်ပါတယ်" ဟု အမြဲတမ်းအတွင်းဝန် ဦးကိုကိုနိုင်က ရှင်းပြသည်။

**တရားရုံးဝန်ဆောင်မှုများ အဆင့်မြှင့်တင်**

နိုင်ငံတကာတွင် နည်းပညာအသုံးပြု တရားရုံးများကို တည်ထောင်အသုံးပြုလာကြကာ ပိုမိုတိုးတက်ကောင်းမွန်သည့် အဆင့်မြှင့်တင်မှုများကို ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ နိုင်ငံတော်အစိုးရကလည်း နည်းပညာဖွံ့ဖြိုးတိုးတက်စေရန် e-Government အကောင်အထည်ဖော်ဆောင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ် အနေဖြင့် တရားရုံးအသုံးပြုသူများအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ တရားရုံးထုတ်ပြန် ကြေညာချက်များနှင့် တရားရုံးများ၏ လှုပ်ရှားဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာမှုရှိရန်နှင့် အများပြည်သူ လွယ်ကူအဆင်ပြေစွာ ရှာဖွေအသုံးပြုနိုင်ရန် အတွက် နည်းပညာအသုံးပြု ဝန်ဆောင်မှု ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၉ ခုနှစ် အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website ကို Update ပြုလုပ်ခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် (၁၄)ခုတို့တွင် Website များ တည်ထောင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ခြင်း၊ တရားရုံးအသုံးပြုသူများ မှီငြမ်းကိုးကားရာတွင် အထောက်အကူဖြစ်မည့် စီရင်ထုံးများ ရှာဖွေရာတွင် လွယ်ကူစေရန် Ruling Content Management System(RCMS) စနစ်တစ်ခု တည်ဆောက်ခြင်း၊ တရားရုံးအဆင့်ဆင့်မှ အမှုဆိုင်ရာ အချက်အလက်များ ကောက်ယူရာတွင် လွယ်ကူရိုးရှင်းပြီး အချိန်ကုန်သက်သာစွာဖြင့် အသုံးပြုနိုင်မည့် မိုဘိုင်းဖုန်းသုံး Data Collecting System စနစ် လုပ်ဆောင်ခြင်း၊ နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ်(ACMS) တိုးချဲ့ပြင်ဆင်လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**တရားစီရင်ရေးဆိုင်ရာအသိမြှင့်တင်**

အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန် ဆောင်ရွက်ချက်များ အနေဖြင့် **"သတင်းမီဒီယာ၊ အများပြည်သူတို့နှင့် ဆက်ဆံပြောဆိုမှုတိုးတက်စေရန်"** တရားရေးအရာရှိများကို မီဒီယာကျွမ်းကျင်မှုသင်တန်းများပေးခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ USAID-PRLM တို့ ပူးပေါင်းပြီး မီဒီယာဆက်ဆံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(၆)ကြိမ် ကျင်းပနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ်ထဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများမှ သတင်းပြန်ကြားရေး အရာရှိများက သတင်းမီဒီယာများကို လက်ခံတွေ့ဆုံကာ သတင်းပြန်ကြားပေးမှု စုစုပေါင်း (၂၁၁)ကြိမ် ရှိသည်။

ထို့ပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် My Justice တို့ ပူးပေါင်းကာ ကချင်၊ ကယား၊ ကရင်၊ မွန်နှင့် ရှမ်း စသည့် ပြည်နယ်များတွင် ပြည်သူများ တရားရုံးလက်ကမ်းစာစောင်များကို ကချင်၊ ကယား၊ ပိုးကရင်၊ စကောကရင်၊ မွန်၊ ရှမ်းနှင့် ပအိုဝ်း စသည့် တိုင်းရင်းသားဘာသာစကားဖြင့် ဘာသာပြန်ဆို ဖြန့်ဝေပေးနိုင်သည်။

**စိတ်ပိုင်းဆိုင်ရာ ပိုမိုတိုးတက်ကောင်းမွန်ဆောင်ရွက်နိုင်**

ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများသည် နိုင်ငံတကာမှ ဖိတ်ကြားသည့် တရားစီရင်ရေးဆိုင်ရာ ညီလာခံများ၊ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများကို တက်ရောက်လျက်ရှိပြီး တရားစီရင်ရေးကဏ္ဍ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

"ဒီနှစ်ထဲမှာ ပြည်ထောင်စု တရားသူကြီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနဝန်ကြီး Mr. Alexander Konovalov ရဲ့ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာဇဘတ်မြို့မှာ ၂၀၁၉ ခုနှစ် မေ ၁၄ ရက်ကနေ ၁၈ ရက်အထိ ကျင်းပတဲ့ **(၉)ကြိမ်မြောက် စိန့်ပီတာဇဘတ်နိုင်ငံတကာဥပဒေဖိုရမ်** တက်ရောက်ခြင်း၊ ထိုင်းနိုင်ငံ ဖူးခက်မြို့နဲ့ ဗန်ကောက်မြို့တို့မှာ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက်ကနေ ၂၃ ရက်အထိ ကျင်းပတဲ့ **(၇)ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များကောင်စီ အစည်းအဝေး** တက်ရောက်ခြင်းတို့ ရှိပါတယ်။ ဒါ့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတွေဖြစ်ကြတဲ့ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြဟန်၊ ဦးမျိုးဝင်းတို့လည်း အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်၊ ရုရှား၊ အိန္ဒိယနဲ့ အမေရိကန် စတဲ့ နိုင်ငံတွေကို တရားစီရင်ရေးနဲ့ သက်ဆိုင်တဲ့ လေ့လာရေးခရီး၊ ကွန်ဖရင့်နဲ့ ညီလာခံတွေ တက်ရောက်ခဲ့ကြပါတယ်" ဟု အမြဲတမ်းအတွင်းဝန် ဦးကိုကိုနိုင်က ပြောသည်။

၂၀၁၉ ခုနှစ်အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားသူကြီးများ ဦးဆောင်သည့် အဖွဲ့များသည် တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် ဖိလိပ်ပိုင် နိုင်ငံတို့တွင် ကျင်းပသည့် တရားစီရင်ရေး



အမြဲတမ်းအတွင်းဝန်
ဦးကိုကိုနိုင်

ဆိုင်ရာ ညီလာခံများ၊ ဆွေးနွေးပွဲများနှင့် လေ့လာရေးခရီးများ သွားရောက်ခဲ့ကြသည်။

**လေ့ကျင့်သင်ကြားရေး**

လေ့ကျင့်သင်ကြားရေးတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေဖြင့် တရားရုံး အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက် ရှိကြသည့် တရားရေးအရာရှိများနှင့် စာရေးဝန်ထမ်းများကို ဌာနဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချသည့် သင်တန်းများ၊ အခြားဝန်ကြီးဌာနများမှ ဖွင့်လှစ်သည့် ပြင်ပသင်တန်းများကို အခါအားလျော်စွာ တက်ရောက်စေလျက်ရှိသည်။

"တရားရေးအရာရှိတွေနဲ့ တရားသူကြီးတွေကို နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီက ခွဲဝေချထားတဲ့ နိုင်ငံခြားပညာသင်ဆုတွေကို ဖြေဆိုခွင့်ပြုပြီး ဩစတြေးလျ၊ အင်္ဂလန်၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ တရုတ် စတဲ့နိုင်ငံတွေမှာ မဟာဥပဒေဘွဲ့သင်တန်းနဲ့ ဥပဒေပါရဂူဘွဲ့သင်တန်းတွေ တက်ရောက်စေလျက်ရှိပါတယ်။"

"၂၀၁၄ ခုနှစ် အောက်တိုဘာလ ၉ ရက်က စင်ကာပူသမ္မတနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့ လက်မှတ်ရေးထိုးထားတဲ့ စင်ကာပူ - မြန်မာ ဥပဒေရေးရာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ ၂၀၁၄ ခုနှစ်မှ စပြီး စင်ကာပူတရားရုံးတွေမှာ တွဲဖက်လေ့လာဖို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ကိုယ်စားလှယ်တွေ စဉ်ဆက်မပြတ် စေလွှတ်ခဲ့ရာ ယခုနှစ်အထိ (၉) ကြိမ် မြောက် စေလွှတ်ခဲ့ပြီး ဖြစ်ပါတယ်" ဟု ဦးကိုကိုနိုင်က ပြောသည်။

**စွမ်းဆောင်ရည်မြှင့်တင်**

ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတို့ လက်မှတ်ရေးထိုးခဲ့သည့် **မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိများအား အိန္ဒိယနိုင်ငံသို့ စေလွှတ်၍ သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ**အရ အိန္ဒိယနိုင်ငံ ဘိုပါးမြို့ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတွင် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၃ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သည့် ပထမအကြိမ် တရားစီရင်ရေးဆိုင်ရာသင်တန်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံး အဆင့်ဆင့်မှ တရားရေးအရာရှိ ၄၀ စေလွှတ်ခဲ့သည်။

ထို့ပြင် တရားရုံးအဆင့်ဆင့်မှ တရားရေးအရာရှိများကို သက်ဆိုင်ရာ နယ်ပယ်အလိုက် နိုင်ငံတကာမှ ဖိတ်ကြားသည့် ကာလတိုသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် လေ့လာရေးခရီးစဉ်များကို တက်ရောက်စေခဲ့ရာမှာ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ကို အများဆုံး တက်ရောက်ခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် သည် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ (၅)နှစ်တာ စီမံကိန်းချမှတ်ပြီး စနစ်တကျ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်

*အချပ်ပို ( ဂ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချုပ်ပိုဒ် (ခ) မှ*

လျက်ရှိရာ နှစ်အလိုက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိမှုနှင့် ဆောင်ရွက်နိုင်မှုမရှိသည့် ကိစ္စရပ်များကို ပြန်လည်စိစစ်နိုင်ရန်အတွက် တရားရုံး နှစ်စဉ် အစီရင်ခံစာကို ၂၀၁၆ ခုနှစ်မှ စတင်ကာ နှစ်စဉ်ပြုစုထုတ်ပြန်လျက်ရှိသည်။

တရားရုံးအဆင့်ဆင့်ကို အသွင်သဏ္ဍာန်နှင့် အနှစ်သာရပိုင်း ပြုပြင်ပြောင်းလဲမှုနှင့် တရားစီရင်ရေးကဏ္ဍ ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာဆိုင်ရာ ကူညီထောက်ပံ့မှုများလည်း လိုအပ်လျက်ရှိသည်။

**ဥပဒေလိုက်နာမှု အလေ့အကျင့်ထွန်းကား**

ပြည်သူများအကြားတွင် တရားဥပဒေစိုးမိုးရေး ရှင်သန်ထွန်းကားစေရေးအတွက် ပြည်သူများ၏ ဥပဒေအသိအမြင်မြင့်မားရန် လိုအပ်သည့်အပြင် တည်ဆဲဥပဒေများကို လိုက်နာတတ်သည့် အလေ့အကျင့် ထွန်းကားရန်လည်း လိုအပ်သည်။ ထို့ကြောင့် တရားစီရင်ရေးကိစ္စတွင် ပါဝင်ပတ်သက်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာကာ လူမှုအဖွဲ့အစည်းအတွင်း တရားဥပဒေစိုးမိုးရေး ခိုင်မာအားကောင်းလာမည်မှာ မလွဲကေန်ပင်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မြန်မာ့တရားစီရင်ရေး၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများကို **"အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့"** ရည်ရွယ်ပြီး တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၈ – ၂၀၂၂ ကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

**မှုခင်းဆောင်ရွက်ခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံးအဆင့်ဆင့်တို့၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ကာလအတွင်း အမှုပြီးပြတ်မှုနှုန်းမှာ ၉၉ ဒသမ ၅၇ ရာခိုင်နှုန်းဖြစ်သည်။ ယခင်နှစ် အမှုပြီးပြတ်နှုန်း ၉၈ ရာခိုင်နှုန်းထက် ပိုမိုကောင်းမွန်ခဲ့သည်။ သို့သော် ရည်မှန်းချက် ၁၀၀ ရာခိုင်နှုန်း ပြည့်မီခြင်းမရှိသေးသဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ရည်မှန်းချက်ပြည့်မီရေး ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။

**မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်**

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်မှစတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဆင့်




၁၇.၁၁.၂၀၁၉ ရက်က ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အဦ ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ အခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်ပန္နက်တင်ပေးစဉ်။

လိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာ ၂၀၁၈ ခုနှစ်အတွင်း ခရိုင်နှင့် မြို့နယ်အဆင့် တရားရုံး ၂၆ ရုံး၊ ၂၀၁၉ ခုနှစ်တွင် ခရိုင်နှင့် မြို့နယ်အဆင့် တရားရုံး ၄၈ ရုံး၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ခရိုင်တရားရုံး ၂၅ ရုံး စုစုပေါင်း တရားရုံး ၉၉ ရုံးတွင် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဇူလိုင်လတွင် မြို့နယ်တရားရုံး ၁၀၉ ရုံးတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ်အတွင်း ရန်ကုန်အရှေ့ပိုင်းနှင့် အနောက်ပိုင်းခရိုင်များရှိ မြို့နယ်တရားရုံးများကို အကောင်အထည်ဖော်ခြင်းဖြင့် မှုခင်းစီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်မှုကို သိသာထင်ရှားစေခဲ့သည်။

၂၀၁၈ ခုနှစ်တွင် မှုခင်းစီမံခန့်ခွဲမှု တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းမှာ ရာဇဝတ်မှုများတွင် ၁၀၆ ရာခိုင်နှုန်းနှင့် တရားမမှုများတွင် ၈၉ ရာခိုင်နှုန်း၊ စုစုပေါင်း ၉၇ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းမှာ ရာဇဝတ်မှုများတွင် ၁၀၉ ရာခိုင်နှုန်းနှင့် တရားမမှုများတွင် ၁၃၉ ရာခိုင်နှုန်း စုစုပေါင်း ၁၂၄ ရာခိုင်နှုန်း ဖြစ်သည်။

**စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို ဒက္ခိဏခရိုင်တရားရုံး၊ တပ်ကုန်းမြို့နယ်တရားရုံး၊ တောင်ငူခရိုင်တရားရုံးနှင့် တောင်ငူမြို့နယ်တရားရုံးတို့တွင် ၂၀၁၉ ခုနှစ် မတ်လ ၁ ရက်မှ စတင်ခဲ့သည်။

"၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၈ ရက်အထိ တရားရုံးကနေ စေ့စပ်ဖြေရှင်းဖို့လွှဲပြောင်းပေးပို့တဲ့ အမှုတွေရဲ့ ၂၄ ဒသမ ဝ၂ ရာခိုင်နှုန်းကို အောင်မြင်စွာ ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ တရားမကြီးအမှုတွေရဲ့ ၁၆ ဒသမ ၂၉ ရာခိုင်နှုန်းဟာ စေ့စပ်ဖြေရှင်းမှု အောင်မြင်ပြီးပြတ်ခဲ့ပါတယ်။ စေ့စပ်ဖြေရှင်းဖို့ လွှဲအပ်ခဲ့တဲ့အမှုတွေက ငွေကြေးမှုခင်း ၅၈ ရာခိုင်နှုန်း၊ မိသားစုမှုခင်း ၂၁ ဒသမ ၄၈ ရာခိုင်နှုန်း၊ ကူးသန်းရောင်းဝယ်ရေးမှုခင်း သုည ဒသမ ၂၂ ရာခိုင်နှုန်း၊ အခြား အမှု ၁၉ ဒသမ ၈၇ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒီလိုစေ့စပ်ဖြေရှင်းခြင်းဖြင့် အမှုပြီးပြတ်ဖို့ကြာမြင့်ရက်တွေကို လျှော့ချနိုင်ပြီး နှစ်ဖက်အမှုသည်တွေရရှိတဲ့ သဘောတူညီချက်ကို ချက်ချင်း လိုက်နာဆောင်ရွက်ခြင်းနဲ့ ထိရောက်မှုရှိတာကိုလည်း တွေ့ရှိရပါတယ်။ စစ်တမ်းတွေအရ စေ့စပ်ဖြေရှင်းတဲ့ အမှုသည်တွေနဲ့ ၎င်းတို့ရဲ့ ရှေ့နေတွေ ၁၀၀ ရာခိုင်နှုန်းက စေ့စပ်ဖြေရှင်းရေးစနစ်ကို ကောင်းမွန်တယ်လို့ ထင်မြင်ချက်ပေးခဲ့ပါတယ်"ဟု ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက ပြောသည်။

မတ်လ ၁ ရက်မှစ၍ စမ်းသပ်အစီအစဉ်ကို ဒက္ခိဏခရိုင်အတွင်းရှိ ကျန်မြို့နယ် (၆) မြို့နယ်တွင် တိုးချဲ့ဆောင်ရွက်မည်ဖြစ်ပြီး တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို တစ်နိုင်ငံလုံးတွင် အသုံးပြုနိုင်ရန် ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲလျက်ရှိပြီး ၂၀၂၂ ခုနှစ်အတွင်း အကောင်အထည်ဖော်နိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

**တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာပြောင်းလဲ**

၂၀၁၉ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၈၈/၂၀၁၉)၊ (၆၈၉/၂၀၁၉)၊ (၆၉၀/၂၀၁၉) တို့ဖြင့် ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် ကလေးသူငယ်တရားရုံး (ရန်ကုန်မြို့)၊ ကလေးသူငယ်တရားရုံး(မန္တလေးမြို့)နှင့် အခြားဒေသများရှိ မြို့နယ်တရားရုံးများတွင် စီရင်ပိုင်ခွင့်



ဒေါ်တင်နွယ်စိုး(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး)

အာဏာများ အပ်နှင်းခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၈၃/၂၀၁၉)ဖြင့် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးအား ဖွဲ့စည်း၍ ဟိုပန်၊ မိုင်းမော၊ ပန်ဝိုင်၊ နားဖန်း၊ မက်မန်းနှင့် ပန်ဆန်း(ပန်ခမ်း) မြို့နယ်များတွင် ဖြစ်ပွားသော ရာဇဝတ်နှင့် တရားမမှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာကို အပ်နှင်းခဲ့သည်။

**ဥပဒေလုပ်ထုံးလုပ်နည်း**

၂၀၁၈ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲရသောဥပဒေ ၅၂ မျိုးအနက် ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိရန် ဥပဒေပြင်ဆင်ခြင်း၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း၊ ဥပဒေမူကြမ်း ရေးဆွဲခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကို ပြည်ထောင်စု ဥပဒေအမှတ်(၂၅/၂၀၁၉) ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၀ ရက်တွင် လည်းကောင်း၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စု ဥပဒေအမှတ်(၁/၂၀၂၀) ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၄ ရက်တွင် လည်းကောင်း ပြဋ္ဌာန်းခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၉၄/၂၀၁၉) ဖြင့် အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများကို လည်းကောင်း၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ( ၇၈၆/၂၀၁၉) ဖြင့် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို လည်းကောင်း ထုတ်ပြန်ခဲ့သည်။

**အကျဉ်းထောင်၊ ရဲဘက်စခန်း များနှင့် ရဲတပ်ဖွဲ့ အချုပ်ခန်းများ စစ်ဆေး**

ပြည်ထောင်စုတရားစီရင် ရေးဥပဒေ ပုဒ်မ ၆၇ နှင့် ၆၈ တို့အရ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ ခရိုင်တရားသူကြီးများသည် အကျဉ်းထောင်များသို့ ၇၆ ကြိမ်၊ ရဲတပ်ဖွဲ့ အချုပ်ခန်းများသို့ ၆၃၇ ကြိမ်နှင့် ရဲဘက်စခန်းများသို့ ၄၉ ကြိမ် သွားရောက်စစ်ဆေးကာ အချုပ်ခံနေရသူများ၊ ပြစ်ဒဏ်ကျ အကျဉ်းသူ/ အကျဉ်းသားများအတွက် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခံစားနိုင်ရေးနှင့် အမှုများ စစ်ဆေးစီရင်ရာတွင် နှောင့်နှေး ကြန့်ကြာမှု မဖြစ်ပေါ်စေရေး လိုအပ်ချက်များကို လမ်းညွှန်မှုပြုကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းကို ယခင်နှစ်ထက် ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် **"အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့" (Towards Improving Justice for All)** ဆိုသည့် ဆောင်ပုဒ်နှင့်အတူ မြန်မာနိုင်ငံ တရားစီရင်ရေး၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၈ – ၂၀၂၂ ကို လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုများကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိသည်။

**တရားစီရင်ရေး ပိုမိုတိုးတက်ဆောင်ရွက်**

တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန် အဓိက ဆောင်ရွက်ချက်များမှာ –

(၁) တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများ ပြီးပြတ်မှုနှုန်းကို ၉၉ ဒသမ ၅၇ ရာခိုင်နှုန်းသို့ တိုးတက်အောင် ဆောင်ရွက်ခြင်း၊

(၂) မှုခင်းများကို ဥပဒေနှင့်အညီ တရားမျှတပြီး အချိန်မီထိရောက်စွာ ဖြေရှင်းပေးရေးအတွက် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး ၅ ရုံးနှင့် မြို့နယ်တရားရုံး ၄၃ ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ခြင်းနှင့် အမှုပြီးပြတ်နှုန်း၊ အမှုများစံသတ်မှတ်သည့် အချိန်ကာလအတွင်း ပြီးပြတ်မှုနှင့် အမှုရုံးချိန်းသေချာစေမှု တိုးတက်အောင် ဆောင်ရွက်ခြင်း၊

(၃) တိုင်းဒေသကြီး/ ပြည်နယ်များနှင့် မြို့နယ်များတွင် ဥပဒေအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းပေးခြင်းနှင့် ရုံးများအတွက် ထောက်ကူဆောင်ရွက်ပေးခြင်း၊

(၄) တရားသူကြီးများ၏ တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများ တိုးတက်စေရန် **"အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များကို ဥပဒေရှုထောင့်မှ လေ့လာ ခြင်း"** စာအုပ်ပြုစုထုတ်ဝေခြင်း၊ သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ ပညာရေးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ဆွေးနွေးပွဲကျင်းပခြင်း၊

*အချုပ်ပိုဒ် (ဃ) သို့*

**"မြန်မာနိုင်ငံ တရားစီရင်ရေး၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာ စီမံကိန်း ၂၀၁၈–၂၀၂၂ ကို လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုများကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများ အပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေ စိုးမိုးရေးကို မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိ"**

*အချပ်ပို (ဂ) မှ*

(၅) တရားသူကြီးများအတွက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများနှင့်တရားရုံးလုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း၊
(၆) ကလေးသူငယ်များနှင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် လူကြီးများအတွက် အထူးသက်သေစစ်မေးခန်းများနှင့် သက်သေစကားပြန်များ အသုံးပြုခြင်းဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ခြင်း၊
(၇) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအတွက် ရှေ့နေရှေ့ရပ်နှင့် နိုတြီပဗ္ဗလစ်များ၏ လုပ်ငန်းလုပ်ဆောင်ရာတွင် လိုက်နာဆောင်ရွက်ရန် ကြေညာချက်ထုတ်ပြန်ခြင်း၊
(၈) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏ တရားမမှုများပြီးပြတ်နှုန်း၊ တရားမမှုများ၏ ပျမ်းမျှကြန့်ကြာကာလ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်တရားရုံးများ၏ ၂၀၁၈ ခုနှစ်အတွင်း ဆုံးဖြတ်သည့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက်များကို ဖော်ပြခြင်း၊
(၉) ဒေသအလိုက် ပြည်သူအတွက် တရားရုံးလက်ကမ်းစာစောင်များကို ကချင်၊ ကယား၊ ပိုးကရင်၊ စကောကရင်၊ မွန်၊ ရှမ်းနှင့် ပအိုဝ်းစသည့် တိုင်းရင်းသားဘာသာစကား ခုနစ်မျိုးဖြင့် ဖြန့်ဝေခြင်း၊
(၁၀) တရားရုံးအဆင့်ဆင့်တွင် သတင်းမီဒီယာနှင့် တွေ့ဆုံ၍ အများပြည်သူစိတ်ဝင်စားသည့် မှုခင်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးခြင်း၊
(၁၁) တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို ခရိုင်တရားရုံးနှစ်ရုံးနှင့် မြို့နယ်တရားရုံး နှစ်ရုံးတို့တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

**အားနည်းချက်၊ အားသာချက်၊ စိန်ခေါ်မှု**

မှုခင်းများကို ပိုမိုပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း ပိုမိုများပြားလာသည့် စွဲဆိုမှုခင်းများကို လျော့နည်းသွားအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ မှုခင်းစီမံခန့်ခွဲမှုစနစ်သည် အမှုစစ်ဆေးစီရင်မှု၏ အရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုဖြစ်၍ တရားသူကြီး၊ တရားရုံး ဝန်ထမ်းများသာမက အမှုသည်များ၊ သက်သေများ (ပုဂ္ဂလိက/ဌာနဆိုင်ရာ)၊ ဆက်စပ်အဖွဲ့အစည်းများ၊ ရှေ့နေများအားလုံး လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းအကောင်အထည်ဖော်ရန်လည်း လိုအပ်သည်။

တရားစီရင်ရေး၏ ပြုပြင်ပြောင်းလဲမှုများဖြစ်သည့် မှုခင်းစီမံခန့်ခွဲမှုစနစ် ကျင့်သုံးခြင်း၊ တရားရုံးအစီရင်ခံစာများ ထုတ်ပြန်ခြင်းနှင့် ကူးသန်းရောင်းဝယ်ရေး မှုခင်းစီရင်ချက်များ ထုတ်ပြန်ခြင်းတို့သည် မှုခင်းများနှင့် သက်ဆိုင်သူများသာမက တရားစီရင်ရေး၏ တိုးတက်ဖြစ်ပေါ်မှုနှင့် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေသည်။




၂၂.၈.၂၀၁၉ ရက်က ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့အကြား ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ ပထမအကြိမ်တရားစီရင်ရေးသင်တန်းသို့ သင်တန်းသား (၄၀) ဦး စေလွှတ်စဉ်။

**ကြန့်ကြာမှုမရှိဘဲ အမှုဆောင်ရွက်ပြီးစီးမှု**

တရားစီရင်ရေးနယ်ပယ်၌ အမှုများစစ်ဆေးရာတွင် ကြန့်ကြာနေခြင်းသည် တရားမျှတမှုကို ဆုံးရှုံးစေသည်။ အမှုများစစ်ဆေးရာတွင်လည်း သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် နှစ်ဖက်အမှုသည်၏ အခွင့်အရေးများကို လိုက်နာ၍ တရားမျှတစွာ စစ်ဆေးစီရင်ရန် ဖြစ်သည်။ မှုခင်းစီမံခန့်ခွဲမှုစနစ်သည် အမှုများကို အမြန်စစ်ဆေးခြင်း မဟုတ်ဘဲ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းစနစ်ကို အသုံးပြုခြင်းဖြင့် ကြန့်ကြာမှုများကို လျှော့ချနိုင်ရန်နှင့် မှုခင်းဆောင်ရွက်မှု အဆင့်တိုင်းတွင် စနစ်တကျ မှတ်တမ်းတင်ခြင်းဖြင့် ကြန့်ကြာရသည့် အကြောင်းရင်းများကို သိရှိသည့်အပြင် ယခင်ကထက် ကြန့်ကြာမှုများကို လျှော့ချနိုင်သော်လည်း လျာထားချက် ပြည့်မီမှုအနေဖြင့် မရှိသေးပါ။

"စေ့စပ်ဖြေရှင်းရေးအစီအစဉ် တိုးတက်မှုနဲ့ ပြည်သူတွေရဲ့ တုံ့ပြန်မှုအပိုင်းမှာ စမ်းသပ်အစီအစဉ်တရားရုံးတွေမှာစေ့စပ်ဖြေရှင်းရေး အောင်မြင်မှုတွေ တိုးတက်ကောင်းမွန်ပြီး ပြည်သူတွေနဲ့ အမှုသည်တွေက လိုလားကြောင်း တွေ့ရပါတယ်။ ၂၀၁၉ ခုနှစ်အတွင်း တရားရုံး လက်ကမ်းစာစောင်တွေကို မြန်မာဘာသာစကားနဲ့သာမက တိုင်းရင်းသားဘာသာစကား (၇) မျိုးနဲ့ ဖြန့်ဝေနိုင်ခဲ့ပါတယ်။ တရားရုံးက ဦးဆောင်တဲ့ စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို အသိပညာပေးဗီဒီယို ထုတ်လွှင့်ဖို့ စီစဉ်ပြီးပါပြီ။ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအတွက် အသိပညာပေး ဗီဒီယို ထုတ်လွှင့်ဖို့စီစဉ်သွားမှာ ဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက ပြောကြားသည်။

**နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်**

တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းပါ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုတရားသူကြီးချုပ်က အာဆီယံတရားသူကြီးချုပ်များကောင်စီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အာဆီယံဒေသ တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံ တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် တရားစီရင်ရေးက အထောက်အကူဖြစ်ရန် ရည်ရွယ်၍ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူတရားလွှတ်တော်ချုပ်တို့ အကြား **ငွေကြေးဆိုင်ရာစီရင်ချက်များ အတည်ပြုရန်အတွက် လမ်းညွှန်မှုစာချွန်လွှာ** ကို လက်မှတ်ရေးထိုးခဲ့သည်။

**ဆက်လက်ဆောင်ရွက်**

အစိုးရသစ် တာဝန်ယူချိန်မှစတင်ကာ ပြည်သူဗဟိုပြု လုပ်ငန်းဆောင်ရွက်မှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများ ပြီးပြတ်မှုနှုန်း လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ရန်၊ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၂၅)ရုံးနှင့် မြို့နယ်တရားရုံး(၁၀၉)ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ရန်၊ အမှုများ စံသတ်မှတ်သည့် အချိန်ကာလအတွင်း ပြီးပြတ်မှုနှင့် အမှုရုံးချိန်းသေချာစေမှု တိုးတက်အောင်ဆောင်ရွက်ရန်၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို မြို့နယ်တရားရုံး ခြောက်ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ တရားရုံးများတွင် အထူးသက်သေစစ်မေးခန်းများနှင့် ဗီဒီယိုဖြင့် စစ်ဆေးသည့် အထောက်အပံ့ပစ္စည်းများ တိုးချဲ့ဆောင်ရွက်ရန်၊ တန်ဖိုးနည်းသက်သာခွင့်တောင်းဆိုသော တရားမမှုများအတွက် လုပ်ထုံးလုပ်နည်းများ၊ လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများစသည့် ဥပဒေမူဘောင်သစ်များ ထုတ်ပြန်ရေးဆောင်ရွက်ရန်၊ ကူးသန်းရောင်းဝယ်ရေးတရားရုံး တည်ထောင်ရေးအတွက် လုပ်ငန်းစီမံချက်များရေးဆွဲရန်၊ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းအစီအစဉ်များချမှတ်ရန်၊ တရားရုံးစီရင်ချက်များ ထုတ်ပြန်ရေးအတွက် အိုင်တီနည်းပညာစနစ်တစ်ခု တည်ဆောက်ရန်၊ တရားသူကြီးများနှင့် တရားရေးအရာရှိများ၏ တရားစီရင်ရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုကို မြှင့်တင်ရန်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ နယ်စပ်ဖြတ်ကျော် တရားမမှုခင်းများနှင့် စီးပွားရေးမှုခင်းများတွက် ဒေသတွင်း တရားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်တို့ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ။

**"တရားစီရင်ရေး၏ ပြုပြင်ပြောင်းလဲမှုများ ဖြစ်သည့် မှုခင်း စီမံခန့်ခွဲမှုစနစ် ကျင့်သုံးခြင်း၊ တရားရုံး အစီရင်ခံစာများ ထုတ်ပြန်ခြင်းနှင့် ကူးသန်းရောင်းဝယ်ရေး မှုခင်း စီရင်ချက်များ ထုတ်ပြန် ခြင်းတို့သည် မှုခင်းများနှင့် သက်ဆိုင်သူများ သာမက တရားစီရင်ရေး၏ တိုးတက်ဖြစ်ပေါ်မှုနှင့် နိုင်ငံ၏ စီးပွားရေး တိုးတက်မှုအတွက်အထောက်အကူဖြစ်စေ**



ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အဦပုံစံ ။